

တက္ကသိုလ်
သီဟအောင်
ကျန်းအိမ်မင်၏ရှုးကျန့်တိကုဇ
ပဉ္စမဓား
ဒုတိယပိုင်း
ဇာတ်သိမ်း

ရှိုးတက်ရှေး-၁၇၈၈

တက္ကသိုလ်
# သီဟအောင်

---

# ပဥ္စမဓား

(ဒုတိယပိုင်း-ဇာတ်သိမ်း)

စိုးတက်ရေး-စာပေ

## မိတ်ဆွေသစ်

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

ရှည်လျားသော အလင်းရောင်တန်းများသည် လိမ္မော်ရောင်သမ်းနေ၏။

စားသောက်ဆိုင်၏ဝဲဘက်တွင် မြေကွက်လပ်တစ်ခု ရှိနေပြီး မြေကွက်လပ်တွင် မြင်းလှည်းတစ်စီး ရပ်ထား၏။

မြင်းလှည်းပေါ်၌ မိန်းကလေးတစ်ယောက် မလှုပ်မယှက် ထိုင်နေ၏။

တစ်ချိန်လုံး မလှုပ်မယှက် ရှိနေသဖြင့် ကျောက်ရုပ်တစ်ရုပ် တင်ထားသည်နှင့်ပင် တူလှသည်။

ထိုမိန်းကလေးမှာ ငယ်ရွယ်နုနယ်ပြီး ချောမောလှပသူကလေး ဖြစ်သည်။

ထို့သော် ယခုအချိန်တွင် သူမအား မည်သူမျှ ဂရုမစိုက်နိုင်အားကြပါချေ။

အကြောင်းကား သူတို့အား ဒုက္ခပေးမည့် စွန်ရဲ ရောက်ရှိနေသည် မဟုတ်ပါလား။

ကျင်းကျင်းက စွန်ရဲကို ပြုံးတုံ့တုံ့ဖြင့် ကြည့်နေသည်။

စွန်ရဲ၏မျက်နှာ မည်းမှောင်နေပေတော့သည်။

ရုတ်တရက် ထွက်ပေါ်လာသည့် ခြေသံများ ကွယ်ပျောက်သွားပြီ ဖြစ်သည်။

လူလေးယောက်သည် မြေကွက်လပ်သို့ ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။

ထိုလူလေးယောက်မှာ ရှောင်ကျူး၊ ခေါင်းကြီး၊ ဝမ်းစုနှင့် ယို့ကျားတို့ ဖြစ်ကြလေသည်။

ကျင်းကျင်း ဝမ်းသာနေ၏။

သူမ အခက်အခဲ တွေ့နေချိန်ဝယ် ဝမ်းစုတို့ ပြန်လည်ရောက်ရှိလာကြသည် ဖြစ်ရာ အခြေအနေမှာ ဆန့်ကျင်ဘက်အသွင်ပြောင်းလဲသွားပြီ ဖြစ်ကြောင်း နားလည်သဘောပေါက်ထားလေသည်။

ဝမ်းစုတို့ ပြန်ရောက်လာခြင်းကြောင့် ဒုက္ခရောက်မည့်သူမှာ စွန်ရဲ ဖြစ်သွားပြီ မဟုတ်ပါလား။

စွန်ရဲသည် ဝမ်းစု၊ ယို့ကျား၊ ခေါင်းကြီးနှင့် ရှောင်ကျူးတို့အား အကဲခတ် ကြည့်လိုက်သည်။



တဖန် ကျင်းကျင်းဘက် လှည့်ကြည့်လိုက်လေသည်။

ကျင်းကျင်း ပြုံးလိုက်သည်။

"စွန်ရဲ၊ ရှင်ထွက်ပြေးဖို့ လမ်းစရှာနေတာလား"

ဟုခနဲ့လိုက်လေသည်။

သူမ၏စကားကြောင့် စွန်ရဲလည်း ပြုံးလိုက်သည်။

"ခင်ဗျားကလဲ၊ အခုမှပဲ ဒီစကားမျိုး ပြောနိုင်တော့တယ်နော်"

ဟုပြန်ပြီး ခနဲ့လိုက်သည်။

ကျင်းကျင်း၏မျက်နှာ တင်းမာသွား၏။

ရှောင်ကျူးသည် အလွန်ခေါင်းမာသူ ဖြစ်ကြောင်း သူမနားလည်ခဲ့ပြီ ဖြစ်၏။

ယခုတဖန် ရှောင်ကျူးကဲ့သို့ ခေါင်းမာသူတစ်ယောက်နှင့်တွေ့နေရပြန်ပြီဟု တွေးမိလိုက်လေသည်။

ထို့ကြောင့် ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

စွန်ရဲက...

"ကျုပ်က ခင်ဗျားတို့ရဲ့ ပစ္စည်းကို လိုချင်တယ်၊ ခင်ဗျားတို့ကလည်း မပေးချင်ဘူးဆိုတော့ ကျုပ် ဘယ်တတ်နိုင်မှာလဲဗျာ၊ လှည့်ပြန်သွားရုံပဲ ရှိတော့တာပေါ့"

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ကျင်းကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

စွန်ရဲအား လွှတ်ပေးလိုက်လျှင် နောက်တစ်ကြိမ် ဒုက္ခပေးလာဦးမည် ဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့်...

"ရှင်ထွက်သွားလို့.."

သူမ၏စကားဆုံးအောင် မပြောလိုက်ရပါချေ။

ဝမ်းစု၏အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ရပ်လိုက်"

ဝမ်းစုက စွန်ရဲ၏ရှေ့ဝယ် လမ်းပိတ်ရပ်ထားလိုက်၏။

စွန်ရဲ ပခုံးတွန့်လိုက်သည်။

"ကျုပ်က သွားမယ်ဆိုတော့လဲ ခင်ဗျားတို့က လက်မခံပါလားဗျ"

ဝမ်းစု မဲ့ပြုံးပြုံးလိုက်သည်။

စွန်ရဲ၏လှည့်စားမှုကြောင့် မြေအောက်လိုဏ်ဂူပေါက်များအတွင်း၌ အသက်ဆုံးရမလို ဖြစ်ခဲ့သည်ကို မေ့ပစ်၍ ရမည် မဟုတ်ပါ။

စွန်ရဲအား ဆုံးမရမှသာ သူ၏ဒေါသကို ဖြေဖျောက်နိုင်မည် ဖြစ်လေသည်။

ထို့ကြောင့်...

"မင်းက ဒီလောက်တောင် ဒုက္ခပေးပြီးမှ လွယ်လွယ်ကူကူ လွှတ်ပေးရမလား၊ မင်းထွက်သွားချင်တယ်ဆိုရင် ကြိုးစားကြည့်ပေါ့၊



တို့လဲ မင်းရဲ့ထောင်ချောက်ထဲက လွတ်မြောက်လာအောင် ကြိုးစားခဲ့တာပဲ"

ဟုပြောလိုက်၏။

ထိုစကားကြားလျှင်...

"ဟား..ဟား..ဟား"

စွန်ရဲက သဘောကျစွာ ရယ်မောလိုက်လေသည်။

ဝမ်းစု ကြောင်အမ်းအမ်း ဖြစ်သွား၏။

စွန်ရဲကို မကျေမနပ်ကြည့်ကာ...

"မင်း ဘာရယ်တာလဲ"

ဟုမေးလိုက်လေသည်။

စွန်ရဲက...

"တော်သေးတာပေါ့၊ ကျုပ်သာ လိုဏ်ဂူပေါက်ထဲက ဘယ်လို ပြန်ထွက်ရတယ်ဆိုတာ ပြောမပြခဲ့ရင် ဘယ်လောက်အထိ ကြွားလုံးထုတ်ဦးမလဲ မသိဘူး"

"ဘာကွ"

ဝမ်းစုက ခေါင်းကြီးနှင့် ရှောင်ကျူးတို့အား လှမ်းကြည့်လိုက်လေသည်။ ခေါင်းကြီးက...

"ဟုတ်တယ်၊ ပွဲတင်သံ မထွက်တဲ့ လိုဏ်ခေါင်းဟာ ထွက်ပေါက်လို့ သူက ပြောပြလို့ ကျုပ်တို့ သိရတာ နို့မဟုတ်ရင်.."

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ဝမ်းစု မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

စွန်ရဲက...

"ကျုပ်သွားတော့မယ်ဗျ"

ဟုပြောလိုက်သည်။

စကားဆုံးလျှင် မြေပေါ် ခြေတစ်ချက် ဆောင့်လိုက်၏။

သူ၏ခန္ဓာကိုယ်မှာ မြားတစ်စင်းပမာ အပေါ်သို့ ထိုးတက်သွားလေသည်။

ဝမ်းစု ကြောင်အမ်းအမ်း ဖြစ်သွား၏။

သို့သော်...

ရုတ်ခြည်း သတိဝင်လာပြီး လက်နှစ်ဘက် အတွင်းအား စုစည်းကာ တိုက်ခိုက်လိုက်လေသည်။

ရွှေကျားအာမခံဌာန အမည်ကျော်ကြားနေခြင်းမှာ ဝမ်းစု၏ထက်မြက်သော သိုင်းပညာကြောင့်ဆိုလျှင် မှားမည် မဟုတ်ချေ။

လူဆိုးဓားပြများသည် ဝမ်းစုနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ဝန်လေးကြပေသည်။

ထို့ကြောင့် ရွှေကျားအာမခံဌာနဟူသည့် အမည်ကို ကြားလျှင် အဝေးမှပင် ရှောင်ရှားသွားတတ်ကြသည်။

ဝမ်းစုသည် သူ၏ထိပ်တန်းသိုင်းပညာရပ် ဖြစ်သည့် 'တောင်ခွဲလက်ဝါး' သိုင်းကွက်မှ 'လေပြင်းလက်ဝါး' သိုင်းကွက်ဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

သူသည် ရင်ဆိုင်ရန် ခက်ခဲသော ရန်သူနှင့် မလွဲသာမ



ရှောင်သာ တွေ့ခဲ့မှသာ ထိုသိုင်းကွက်ကို ထုတ်ဖော်အသုံးပြုလေ့ရှိပေသည်။

သူ၏သိုင်းကွက် ဖော်ထုတ်လိုက်သည်နှင့် စွန်ရဲ လဲကျသွားရမည်ဟု ယုံကြည်ထားလေသည်။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသည်။

ဝမ်းစု၏လက်ဝါးရိုက်ချက်သည် လက်ဝါးအရိပ်ပေါင်းများစွာအဖြစ် စွန်ရဲထံသို့ တိုးဝင်သွားလေသည်။

ထိုစဉ်မှာပင် စွန်ရဲသည် မီးခိုးတန်းသဖွယ် အပေါ်သို့ ခုန်တက်သွားပြီး ဝမ်းစု၏မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

ဝမ်းစု ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"နောက်ဆုတ်လိုက်"

အသံသြသြကြီး ထွက်ပေါ်လာသည်။

ခေါင်းကြီး၏စကားသံ ဖြစ်လေသည်။

ခေါင်းကြီးသည် ရှေ့သို့ ခုန်ထွက်လာပြီး စွန်ရဲအား တိုက်ခိုက်လိုက်လေသည်။

စွန်ရဲသည် အပေါ်သို့ ခုန်တက်ပြီးသည်နှင့် ဝမ်းစု၏ပခုံးကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

ဝမ်းစုမှာ စွန်ရဲ၏တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်ရမည့်ဆဲဆဲတွင် ခေါင်းကြီးက တွန်းထုတ်လိုက်သဖြင့် ဒယီးဒယိုင်ဖြင့် ဘေးသို့ လွင့်စဉ်သွားလေသည်။

ထိုအချိန်တွင် စွန်ရဲ၏ခြေထောက်ကန်ချက်သည် ခေါင်းကြီး

## ပဋ္ဌမဓားမျိုးဆက်

တောင်ကြားလမ်း...

တောင်ကြားလမ်းနှင့် မလှမ်းမကမ်း၌ စိမ်းလန်းနေသော တောအုပ်တစ်ခု ရှိနေသည်။

ရှောင်ကျူးတို့လူစုသည် တောအုပ်ရှေ့သို့ ရောက်ရှိကာ အနားယူနေကြလေသည်။

ဝမ်းစု၏အာမခံအဖွဲ့သားများက ညစာစားသောက်ရန် ချက်ပြုတ်နေကြသည်။

ရှောင်ကျူး၊ ခေါင်းကြီး၊ စွန်ရဲ၊ ဝမ်းစု၊ ယို့ကျားနှင့် ကျင်းကျင်းတို့က အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ဝိုင်းဖွဲ့ထိုင်နေကြ၏။

သူတို့၏ရှေ့၌ အရက်နှင့် စားသောက်ဖွယ်ရာများ ရှိနေ၏။

ရုတ်တရက် ကြည့်လျှင် ပျော်ပွဲစား ထွက်လာသူများနှင့်ပင် တူနေပါတော့သည်။ သို့သော်...

သူတို့သည် ပျော်ပွဲစားထွက်လာခြင်း မဟုတ်ကြဘဲ အရေးကြီးသော ကိစ္စတစ်ခုကို တိုင်ပင်ဆွေးနွေးနေကြခြင်း ဖြစ်လေသည်။



အားလုံးက ကျင်းကျင်းကို ကြည့်နေကြ၏။

ကျင်းကျင်း၏မျက်နှာ တည်ကြည်လေးနက်နေပါသည်။

"သိုင်းလောကမှာ 'သိုင်းကျမ်း'၊ 'ကြေးမုံ'၊ 'သံတုတ်'၊ 'ကျောက်စိမ်းပြား'နဲ့ 'ဓား'ဆိုတဲ့ ရတနာပစ္စည်းငါးမျိုး ရှိကြတာ လူတိုင်း သိကြပါတယ်၊ အဲသည် ရတနာပစ္စည်းငါးမျိုးထဲက ဓားဆိုတာ သိုင်းဆရာကြီး စီးမင်းဖုံးရဲ့ 'နဂါးဓား' 'ပဋ္ဌမဓား'လို့ နာမည်တွင်တဲ့ ရတနာဓားပါပဲ"

အားလုံး ငြိမ်နေကြ၏။ ကျင်းကျင်းက...

"နဂါးဓား(ဝါ)ပဋ္ဌမဓားဟာ ဘယ်လိုရတနာဓားမျိုး ဖြစ်တယ်ဆိုတာ သိုင်းလောကသားတိုင်း သိထားကြလို့ ကျွန်မ ထွေထွေထူးထူး မပြောလိုတော့ပါဘူး၊ ဓားပိုင်ရှင် ဆရာကြီး စီးမင်းဖုံးဟာ တစ်ချိန်မှာ ပြိုင်ဘက်ကင်းတယ်ဆိုတဲ့ အရှေ့တောင်တန်း သိုင်းဆရာကြီးနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်၊ ပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့ပြီး ပဋ္ဌမဓား ဆုံးရှုံးခဲ့ရပါတယ်ရှင်"

ရှောင်ကျူးက...

"ပဋ္ဌမဓားဆိုတဲ့ နဂါးဓားကို အရှေ့တောင်တန်း သိုင်းဆရာကြီးရဲ့ တပည့်တစ်ယောက်က သစ္စာဖောက် ခိုးယူပြီး ထွက်ပြေးသွားတာကြောင့် သိုင်းဆရာကြီးဟာ အရှက်ရပြီး သိုင်းလောကကို ကျောခိုင်းခဲ့တာလည်း လူတိုင်း သိပါတယ်ဗျာ"

ပဋ္ဌမဓား(ဝါ)နဂါးဓားသည် သူ၏ဆရာ အရှေ့တောင်တန်း သိုင်းဆရာကြီးနှင့် ပတ်သက်နေခြင်းကြောင့် ရှောင်ကျူးက ကြားဝင်

၏ဦးခေါင်းဆီသို့ ကန်ကျောက်မိသလို ဖြစ်သွားသည်။

ခေါင်းကြီးက ရှောင်တိမ်းခြင်း မပြုဘဲ စွန်ရဲ ခြေထောက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

အမာကို အမာဖြင့် ရင်ဆိုင်တိုက်ခိုက်လိုက်ခြင်းမျိုး ဖြစ်ပေ၏။

ခေါင်းကြီးသည် ခွန်အားဗလကောင်းသူ ဖြစ်သလို ကျောက်တုံးကျောက်ခဲများကိုပင် ကွဲကြေသွားအောင် တိုက်ခိုက်နိုင်သူ ဖြစ်ပေသည်။

ထို့ကြောင့် ထိပ်တိုက်ရင်ဆိုင်မိပါက စွန်ရဲ၏ခြေထောက်နှစ်ဘက် သွင်သွင်ကျိုးသွားမည်ဟု ရှောင်ကျူး နားလည်ထား၏။

"ခေါင်းကြီး အရမ်းမလုပ်နဲ့"

ဟုလှမ်းပြီး သတိပေးလိုက်ရ၏။

ခေါင်းကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အကြောင်းတစ်စုံတစ်ရာ ရှိနေမည်ဟု ယူဆကာ တိုက်ကွက်ကို ပြန်လည်ရုပ်သိမ်းပြီး ဘေးသို့ ရှောင်တိမ်းပေးလိုက်လေသည်။

စွန်ရဲသည်လည်း ခေါင်းကြီး၏တိုက်ခိုက်မှု ပြင်းထန်လှသည်ကို ရိပ်မိသဖြင့် ခြေထောက်ကျန်ချက်ကို ကပျာကယာ ရုပ်သိမ်းကာ အောက်သို့ ခုန်ဆင်းလိုက်သည်။

မြေပေါ်သို့ ရောက်လျှင် သူ့အား ဝမ်းစု၊ ယို့ကျား၊ ခေါင်းကြီးနှင့် ရှောင်ကျူးတို့က ဝိုင်းရံထားကြသည်ကို တွေ့ရလေသည်။

အေးအေးဆေးဆေး ထွက်သွား၍ ရတော့မည် မဟုတ်



သည်ကိုလည်း နားလည်သဘောပေါက်လိုက်လေသည်။

ခေါင်းကြီးက ရှောင်ကျူးဘက်သို့ လှည့်ကာ...

"ရှောင်ကျူး၊ မင်း ဘာပြောမလို့လဲ"

ဟုလှမ်းမေးလိုက်လေသည်။

ရှောင်ကျူးက...

"သူက ကိုယ်ဖော့ပညာကောင်းတယ်၊ မင်းက သူ့ခြေထောက်ကို ရိုက်ချိုးလိုက်ရင် သူက ဘယ်လိုလုပ်ပြီး ခုန်နိုင်ပျံနိုင်တော့မှာလဲကွ"

ဟုပြောလေသည်။

ခေါင်းကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘာပြောတယ်ကွဲ၊ သူထွက်ပြေးသွားမယ်ဆိုတာ မတွေ့ဘူးလား"

"တွေ့သားပဲ"

"ဘာလဲ မင်းက သူ့ကို လွှတ်ပေးလိုက်ချင်လို့လား"

ရှောင်ကျူး ခေါင်းယမ်းလိုက်လေသည်။

"လွှတ်မပေးပါဘူး"

"ဒါဖြင့်.."

"သူက ခြေထောက်ကျိုးသွားရင် ဘယ်လိုလုပ် ပြေးနိုင်လွှားနိုင်တော့မှာလဲ"

သူ၏စကားကြောင့် စွန်ရဲ ဒေါပွသွားလေသည်။

"ဟေ့ စကားကြည့်ပြော၊ ငါက မင်းတို့ကို ကြောက်နေရမှာ

လား၊ မင်းတို့ လုပ်တိုင်း ငုံ့ခံနေရမှာလား”

ဟုအော်ပြောလိုက်သည်။

ရောင်ကျူး ပြုံးလိုက်သည်။

“မင်းရဲ့ပညာ မဆိုးဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် မင်းက ထွက်ပြေးနိုင်လို့လား”

“ငါ ဘာလို့ ထွက်မသွားနိုင်ရမှာလဲ”

“ကောင်းပြီ၊ တို့ အလောင်းအစား လုပ်ရအောင်”

“ဘာကွ”

စွန်ရဲက ရောင်ကျူးအား နားမလည်နိုင်စွာ ကြည့်လိုက်သည်။

ခေါင်းကြီး ရှူးရှူးရှားရှား ဖြစ်သွားသည်။

“ရောင်ကျူး၊ မင်းက သူ့ကို..”

သူ၏စကားမဆုံးမီ ရောင်ကျူးက လက်ကာပြလိုက်ပြီး...

“ငါလဲ မဆိုးဘူး၊ မင်းလဲ မဆိုးဘူး၊ သူလဲ မဆိုးဘူးလေကွာ”

“ဘာ..”

“ခေါင်းကြီး၊ မင်းမှာ သူငယ်ချင်း ဘယ်နှစ်ယောက် ရှိသလဲ”

ရောင်ကျူး၏စကားကြောင့် ခေါင်းကြီး ငိုင်သွားသည်။

စွန်ရဲကိုလည်း စိုက်ကြည့်မိ၏။

ရောင်ကျူး၊ စွန်ရဲနှင့် သူသည် သက်တူရွယ်တူခန့်သာ ရှိသေးသည့် လူငယ်ကလေးများ ဖြစ်ကြသည်။



သူ၏ဘဝတွင် ရောင်ကျူးသည် ပထမဦးဆုံးသော မိတ်ဆွေသူငယ်ချင်း ဖြစ်သည်။

သူ့အား မည်သူကမျှ အပေါင်းအဖော် မလုပ်လိုသည့် ဘဝဖြင့် ကြီးပြင်းလာရသည် မဟုတ်ပါလား။

ရောင်ကျူး၏တည်ကြည်ပြီး အနစ်နာခံတတ်သော စိတ်ကို လေးစားမိသဖြင့် မိတ်ဆွေသူငယ်ချင်းအဖြစ် လက်ခံလိုက်ခြင်း ဖြစ်သည်။

ရောင်ကျူးကို အမှန်တကယ် ခင်မင်မိကြခြင်းလည်း ဖြစ်၏။

ရောင်ကျူးက သူ့အား သူငယ်ချင်းအဖြစ် သဘောထားသလို စွန်ရဲကိုလည်း သူငယ်ချင်းအဖြစ် သဘောထားနိုင်သည်ကို သိရသောအခါ အံ့သြသွားရခြင်း ဖြစ်သည်။

“ရောင်ကျူး၊ သူက..”

သူ၏စကားမဆုံးမီ ရောင်ကျူးက ကြားဖြတ်ပြောလိုက်၏။

“သူက ဓားပြတစ်ယောက်လို့ မင်းပြောမလို့လား”

“မဟုတ်ဘူးလား”

“တို့ စုံစမ်းမကြည့်ရသေးဘူးလေကွာ”

ခေါင်းကြီး ပါးစပ်ပိတ်ထားလိုက်သည်။

ရောင်ကျူးက ဆက်ပြောလိုက်သည်။

“ငါက စွန့်စားမှုတစ်ခု လုပ်ချင်တယ်၊ မင်း ဘယ်လိုသဘောရသလဲ”

ရှောင်ကျူးသည် အဓိပ္ပါယ်မရှိဘဲ ပြောမည် မဟုတ်ဟု တွေးမိသဖြင့် ခေါင်းကြီးက...

"မင်းသဘောပဲလေ"

ဟုပြောလိုက်သည်။

ရှောင်ကျူး ပြုံးလိုက်သည်။

စွန်ရဲဘက်သို့ လှည့်လိုက်သည်။

စွန်ရဲသည် သူတို့အား နားမလည်နိုင်စွာ ကြည့်နေ၏။

ရှောင်ကျူးက သူနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး...

"မင်း ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်သည်။

စွန်ရဲ မျက်မှောင်ကြုတ်သွားပြီး...

"မင်း ဘာပြောတာလဲ"

"အလောင်းအစား လုပ်ကြမယ်ဆိုတာလေ"

"မင်းတို့ ဘာကို ဆိုလိုတာလဲ"

"မင်းနဲ့ ငါ ယှဉ်ပြိုင်ကြမယ်၊ ရှုံးတဲ့လူက နိုင်တဲ့လူရဲ့ စကားကို နားထောင်ကြေးလေ"

"ဘာကွ"

စွန်ရဲ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရှောင်ကျူးကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။

ရှောင်ကျူးက...

"မင်း ဘယ်လိုသဘောရလဲ"



ထပ်မေးလိုက်ပြန်သည်။

စွန်ရဲက...

"မင်းနဲ့ ငါ ယှဉ်ပြိုင်မယ် ဟုတ်လား"

"ဟုတ်တယ်"

"တစ်ယောက်ချင်း ယှဉ်ပြိုင်မှာလား"

"ဒါပေါ့"

စွန်ရဲ ပြုံးလိုက်သည်။

တစ်ယောက်ချင်း ရင်ဆိုင်ရလျှင် ရှောင်ကျူးအား ကောင်းစွာ ရင်ဆိုင်နိုင်မည်ဟု ယုံကြည်ထားလေသည်။

"ဆက်ပြောစမ်းပါဦး"

ဟုတိုက်တွန်းလိုက်သည်။

ရှောင်ကျူးက...

"မင်းနဲ့ ငါ ယှဉ်ပြိုင်မယ်၊ ရှုံးတဲ့လူက နိုင်တဲ့လူရဲ့ စကားကို နားထောင်ရမယ်၊ ခိုင်းတာ လုပ်ရမယ်"

"ဘာခိုင်းမှာလဲ"

"ဒါတော့ ယှဉ်ပြိုင်ပြီးမှ သိမှာပေါ့"

စွန်ရဲ မဲ့ပြုံးပြုံးလိုက်သည်။

"တကယ်လို့ ငါအနိုင်ရသွားပြီ၊ မင်းကို ငါခိုင်းချင်တာ ခိုင်းမယ်ဆိုရင်ကော"

"ငါရှုံးမှတော့ လုပ်ရမှာပေါ့"

"မင်း တကယ် ပြောတာလား"

"တကယ်ပေါ့"

"ငါ ဘာခိုင်းခိုင်း လုပ်ရမှာပေါ့"

"မင်းပဲ အနိုင်ရပါစေဦးကွာ"

စွန်ရဲက…

"နေဦး၊ တကယ်လို့ ခြေချော်လက်ချော် ဖြစ်ပြီး ငါရှုံးသွားရင်ကော"

"မင်းရှုံးသွားမှတော့ ငါခိုင်းတာ လုပ်ရမှာပေါ့"

"မင်းက ဘာခိုင်းမှာလဲ"

ရှောင်ကျူး ပြုံးလိုက်သည်။

"မင်းရှုံးသွားရင် သိရမှာပေါ့"

"မင်း…"

စွန်ရဲ၏မျက်နှာ ပျက်သွားရ၏။

ရှောင်ကျူးက ဆက်ပြောလိုက်၏။

"အေး တစ်ခုတော့ ငါပြောနိုင်တယ်၊ တကယ်လို့ ငါအနိုင်ရပြီဆိုရင် မင်းဟာ ငါ့စကား နားထောင်ရမယ်ဆိုပေမယ့် ငါ့ရဲ့သူငယ်ချင်းတစ်ယောက်လို ငါက လေးလေးစားစား ဆက်ဆံမှာကွ"

စွန်ရဲ ရယ်မောလိုက်သည်။

"ဟား…ဟား…ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရှောင်ကျူးက…



"မင်း ဘာရယ်တာလဲ"

"ငါလား၊ မင်းမှာ အကြံအစည် တစ်ခုခု ရှိနေတယ်ဆိုတာ ရိပ်မိလို့ပေါ့ကွာ"

စွန်ရဲက အားကျမခံ ပြောလိုက်လေသည်။

ရှောင်ကျူး ပါးစပ်ပိတ်ထားလိုက်လေသည်။

စွန်ရဲက…

"ငါ့ကို ဆင်တစ်ကောင်လို ကျုံးသွင်းဖမ်းလို့ မရဘူးဆိုတာ မှတ်ထားစမ်းပါကွာ၊ ငါနဲ့ ပတ်သက်တဲ့ မင်းရဲ့ အကြံအစည်တွေကို မေ့ပစ်လိုက်တော့"

ဟုပြောလိုက်သည်။

ရှောင်ကျူး ပြုံးလိုက်သည်။

"ဘာလဲ မင်းရှုံးမှာ ကြောက်နေလို့လား"

"ဘာကွ"

"မင်းကို ငါက သိုင်းကွက်ဆယ်ကွက်အတွင်း အနိုင်ယူပြမှာကွ"

စွန်ရဲ ဒေါသထွက်သွားအောင် တမင် ဆွပေးလိုက်ခြင်း ဖြစ်လေသည်။

သူတွက်ဆားသည့်အတိုင်းပင် စွန်ရဲ ဒေါသထောင်းခနဲ ထွက်သွား၏။

သူ၏မျက်နှာ နီရဲသွားပြီး…

"ငါက မင်းကို ကြောက်တယ် ဟုတ်လား၊ ဝေးပါသေးတယ်

ကွာ၊ ငါ့ကို သိုင်းကွက်ဆယ်ကွက်အတွင်း အနိုင်ရမယ်ဆိုတာကလဲ ကိုယ့်ကိုယ်ကို အထင်ကြီးနေလို့ ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင်လဲ ရူးနေလို့ပဲ ဖြစ်ရမယ်"

ဟုဘုဆတ်ဆတ် ပြောလေသည်။

ရောင်ကျူးက တည်ကြည်သော မျက်နှာထားဖြင့်...

"မင်း မယုံဘူးလား၊ သိုင်းကွက်ဆယ်ကွက်ဆိုတာ များတောင်များသေးတယ်၊ သိုင်းကွက်ငါးကွက်ဆိုရင် လုံလောက်.."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

"တိတ်စမ်း"

စွန်ရဲ ဒေါသတကြီး အော်ဟစ်လိုက်သည်။

ရောင်ကျူး ပြုံးလိုက်သည်။

"ဘာလဲ မင်း မယုံဘူးလား၊ ဒါဖြင့် ယှဉ်ပြိုင်ကြရအောင်လေ"

စွန်ရဲ အံကြိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းကို ငါ ဘယ်လို ဆုံးမပြမယ်ဆိုတာ မင်းတွေ့ရစေမယ်၊ သတိသာထားပေတော့"

စကားဆုံးလျှင် ရောင်ကျူးထံ လွှားခနဲ ခုန်ဝင်တိုက်ခိုက်လိုက်လေ၏။

ရောင်ကျူးကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣



မြင်းလှည်းပေါ်မှ မိန်းကလေးသည် မလှုပ်မယှက် ထိုင်နေဆဲ။ ကျင်းကျင်းက မြင်းလှည်းရှေ့တွင် ရပ်နေသည်။

မြေကွက်လပ်တစ်ဘက်တွင် ခေါင်းကြီး၊ ယို့ကျားနှင့် ဂမ်းစုတို့ ရင်ဘောင်တန်းကာ ရပ်နေကြသည်။

အားလုံးသည် ရောင်ကျူး ရှုံးနိမ့်သွားမည်ကို စိုးရိမ်နေကြသည်။

ဘာသိဘာသာနေသူမှာ ခေါင်းကြီးတစ်ယောက်တည်းသာ ရှိလေသည်။

ရောင်ကျူး၏စိတ်သဘောထားကို ရိပ်မိသဖြင့် ခေါင်းကြီးဘာမှ မပြောဘဲ နေခြင်းလည်း ဖြစ်ပေသည်။

ကျင်းကျင်းမှာ...

"ရောင်ကျူးက တော်တော်အတင့်ရဲတာပဲ၊ သူဟာ အစောင့်အရှောက် လိုက်လာတဲ့လူဆိုတာ မေ့နေပြီလား မသိဘူး၊ သူက ခေါင်းဆောင်ကျနေတာပဲ"

ဟုကျိတ်ပြီး ရေရွတ်နေလေသည်။

ထိုအချိန်တွင် ရောင်ကျူးနှင့် စွန်ရဲတို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြပြီ ဖြစ်လေသည်။

ရောင်ကျူးသည် ကျောက်စိုင်ကျောက်ခဲပမာ မြေပေါ်ဝယ် မားမားမတ်မတ်ရပ်ကာ တိုက်ခိုက်နေသည်။

စွန်ရဲမှာ ပန်းခင်းထဲဝယ် ပန်းဝတ်ရည်စုပ်ယူ ပျံသန်းနေသည့် လိပ်ပြာကလေးတစ်ကောင်အလား ရောင်ကျူးအား လှည့်ပတ်

ကာ တိုက်ခိုက်နေလေသည်။

စွန်ရဲသည် ရောင်ကျူး၏ရှေ့၌ ရှိနေရာမှ နောက်ကျောဘက်သို့ ရိပ်ခနဲ ရောက်သွားလေသည်။

နောက်ကျောဘက်၌ ရှိနေသည်ဟု ထင်လျှင် ဝဲယာတစ်ဘက်တစ်ချက်သို့ ရောက်သွားတတ်ပြန်သည်။

သူ၏လှုပ်ရှားမှုမှာ အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်နေသည်။

လျင်မြန်လွန်းသဖြင့် သူ၏တိုက်ခိုက်မှုအား မာန်ပါမည် မဟုတ်ဟု ယူဆလျှင်ကား အမှားကြီး မှားသွားလိမ့်မည် ဖြစ်လေသည်။

စွန်ရဲ၏လက်ဝါးရိုက်ချက်များမှာ လေတိုးသံ တဟူးဟူး မြည်သွားစေသည်။

ရောင်ကျူး၏အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်သွား၏။ လက်ဝါးရိုက်ချက် ထိမှန်သွားပါက ရောင်ကျူးမှာ အဝေးသို့ လွင့်စဉ်သွားမည် ဖြစ်လေသည်။

အားလုံးသည် ရောင်ကျူးအတွက် စိုးရိမ်လာသည်။

ရောင်ကျူးသာ ရှုံးနိမ့်သွားပါလျှင် သူတို့ဘက်မှ လူတစ်ယောက် လျော့သွားမည်ကို တွေးကာ စိတ်ပျက်နေကြသည်။

အားလုံး စိတ်ဝင်စားစွာ ကြည့်နေကြစဉ်မှာပင် စွန်ရဲ၏ အသံ ထွက်ပေါ်လာ၏။

"ယား"



ညာသံတစ်ချက်ပေးကာ ရုတ်တရက် အပေါ်သို့ ခုန်တက်လိုက်ပြီး ရောင်ကျူး၏ဦးခေါင်းကို ကန်ကျောက်လိုက်သည်။

ရောင်ကျူး ရောင်တိမ်း၍ မရနိုင်အောင်ပင် လျင်မြန်စွာ ကန်ကျောက်လိုက်ခြင်း ဖြစ်လေသည်။

"သတိထား"

ခေါင်းကြီး လွှတ်ခနဲ သတိပေးလိုက်လေသည်။

ရောင်ကျူးသည် စွန်ရဲ၏ကန်ချက်ကြောင့် လဲကျသွားမည်ဟု အားလုံး ထင်မှတ်ထားကြသည်။

သို့သော် ရောင်ကျူးသည် မြင်ကွင်းမှ လှစ်ခနဲ ပျောက်ကွယ်သွားလေသည်။

စွန်ရဲ၏ခြေထောက်ကန်ချက်သည် ရောင်ကျူးကို မထိဘဲ ရောင်ကျူး၏အနောက်ဘက်၌ ရှိနေခဲ့သည့် သစ်ပင်ကို ထိသွားလေသည်။

"ဝုန်း"

ကျယ်လောင်သော မြည်သံ ထွက်ပေါ်လာပြီး သစ်ပင်ကျိုးကျသွားလေသည်။ တဆက်တည်းပင်...

"အွန့်"

မသဲမကွဲ ညည်းညူသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စွန်ရဲသည် မြေပေါ် ရောက်နေပြီ ဖြစ်သည်။

သူသည် ချာခနဲလှည့်ကာ တိုက်ခိုက်ရန် ဟန်ပြင်ထား

သည်။ ရောင်ကျူးက သူနှင့်လက်တစ်ကမ်း အကွာတွင် ရပ်တန့်နေလေသည်။

စွန်ရဲက တိုက်ခိုက်လိုက်မည်ဆိုပါက ရောင်ကျူး ရောင်၍ လွတ်တော့မည် မဟုတ်ပါချေ။

သို့သော် စွန်ရဲက တိုက်ခိုက်ခြင်း မပြုချေ။

ပြူးကျယ်သော မျက်လုံးများဖြင့် ရောင်ကျူးကို ကြည့်နေ၏။ ရောင်ကျူးက ပြုံးလိုက်သည်။

စွန်ရဲ အနီးသို့ ခပ်အေးအေး တိုးကပ်သွားလေသည်။

သူ၏ရဲတင်းသော အပြုအမူကြောင့် အားလုံး စိုးရိမ်ထိတ်လန့်သွားကြလေသည်။

ခေါင်းကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ရှေ့သို့ လှမ်းထွက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ရောင်ကျူးက စွန်ရဲ၏ပခုံးကို လှမ်းပုတ်လိုက်ပြီး...

"မင်းရှုံးသွားပြီ"

ဟုပြောလိုက်လေသည်။

တီးတိုးညည်းညူသံတစ်ချက် ထွက်ပေါ်လာ၏။

ယခုတစ်ကြိမ် စွန်ရဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်း...မင်း..."

သူသည် တိုက်ခိုက်ခြင်း မပြုဘဲ ရောင်ကျူးအား မကျေမနပ် ကြည့်နေသည်။



ယခုမှ အဖြစ်အပျက်ကို အားလုံး နားလည်သွားကြသည်။

ရောင်ကျူး၏လက်ချက်ကြောင့် စွန်ရဲ သွေးကြောပိတ်ခံလိုက်ရသည် မဟုတ်ပါလား။

တစ်ယောက်ချင်း ယှဉ်ပြိုင်ရာဝယ် စွန်ရဲ ရှုံးနိမ့်သွားပြီ ဖြစ်လေသည်။

ခေါင်းကြီး နောက်ပြန်ဆုတ်လိုက်သည်။

ဝမ်းစုနှင့် ယို့ကျားတို့သည်လည်း ယခုမှ ကျေနပ်သွားကြ၏။

ကျင်းကျင်းကား စကားတစ်ခွန်းမှ မပြောဘဲ ရပ်နေ၏။

သူမ၏မျက်နှာ တင်းမာနေသလို အလိုမကျသည့်ဟန်ဖြင့် နှုတ်ခမ်းစူထားလေသည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးကား မတုန်မလှုပ် ကျောက်ရုပ်အလား။

ရောင်ကျူးက...

"မင်းရှုံးသွားပြီ"

ဟုထပ်ပြောလိုက်လေသည်။

စွန်ရဲ ခေါင်းယမ်းလိုက်လေသည်။

"ငါ မရှုံးဘူးကွ၊ မင်းကသာ လက်နက်ထုတ်မသုံးရင် ငါ အခုလို ခံလိုက်ရမှာ မဟုတ်ဘူး"

"တို့နှစ်ယောက် ယှဉ်ပြိုင်ကတည်းက စကားခံထားတာ မရှိဘူးလေကွာ"

အမှန်တော့ သူက သိုင်းငါးကွက်အတွင်း စွန်ရဲအား **အနိုင်ရစေရန်** လက်နက်ကို အသုံးပြုရခြင်း ဖြစ်၏။

မည်သူမျှ မျှော်လင့်မထားချိန်တွင် လျှပ်တစ်ပြက် ထုတ်ယူကာ အသုံးချပြီးနောက် ချက်ချင်း ပြန်လည် သိမ်းဆည်းလိုက်ခြင်း ဖြစ်ပေသည်။

ရှောင်ကျူး၏လက်ထဲ၌ အရှည်တစ်တောင်ခန့်သာ ရှိသော သံမဏိတုတ်တံ လှစ်ခနဲ ပေါ်လာသည်။

သံတုတ်တံက စွန်ရဲ၏ကျောပြင်မှ သွေးကြောနေရာကို ထိသွားခြင်း ဖြစ်သည်။

သံတုတ်တံ ထုတ်ယူပုံ၊ တိုက်ခိုက်ပုံ၊ ပြန်လည်သိမ်းဆည်းပုံမှာ လျှပ်ပြက်သလို လျင်မြန်လှပေသည်။

လက်အချိန် အဆကောင်းသဖြင့် စွန်ရဲသည် သွေးကြောပိတ်ခံလိုက်ရသော်လည်း ထူးထူးထွေထွေ ဒဏ်ရာမရခဲ့ခြင်းပေ။

သံတုတ်တံ ထုတ်သုံးလိုက်ခြင်းကို ကာယကံရှင် စွန်ရဲပင်လျှင် ကောင်းစွာ မတွေ့လိုက်ရချေ။

သို့သော် တစ်လံခန့် အကွာမှ ရှောင်ကျူး၏တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့် လက်နက်သုံးလိုက်ခြင်း ဖြစ်သည်ကို ကောင်းစွာ နားလည်ထားလေသည်။

အားလုံးသော သူများသည် ရှောင်ကျူး လက်နက် ထုတ်သုံးလိုက်သည်ကို မရိပ်မိကြ၊ မတွေ့မလိုက်ကြဟု ဆိုလျှင် မှားယွင်းသွားမည် ဖြစ်သည်။



ရှောင်ကျူး၏ လှုပ်ရှားမှု အစအဆုံး တွေ့မြင်လိုက်သူတစ်ယောက် ရှိပါ၏။

ထိုသူသည်...

စွန်ရဲက သုန်မှုန်သော မျက်နှာထားဖြင့် ပြောလိုက်၏။

“ထားပါတော့လေ၊ ငါရှုံးသွားပြီ၊ မင်း ဘာလုပ်မလဲ”

“မင်းက ငါ့စကားကို နားထောင်ရမှာပေါ့”

ရှောင်ကျူးက တည်ကြည်သော မျက်နှာထားဖြင့် ပြောသည်။

စွန်ရဲက ခေါင်းယမ်းလိုက်သည်။

“ငါနားမထောင်နိုင်ဘူး”

“ဘာဖြစ်လို့လဲ”

“ငါ့ကို သတ်ချင်ရင် သတ်ပစ်လိုက်၊ ငါက မျက်တောင်တစ်ချက်ခတ်မှာ မဟုတ်ဘူး၊ မင်းရဲ့စကား နားထောင်ဖို့ဆိုတာ ဝေးလာဝေးပဲ”

ရှောင်ကျူး လက်ကာပြလိုက်လေသည်။

“ငါ့စကား နားထောင်ဖို့ဆိုတာ ငကားအဖြစ် ပြောတာပါကွာ၊ မင်းက ငါ့ကို မိတ်ဆွေသူငယ်ချင်းအဖြစ် လက်ခံဖို့ပဲ လိုလားတာပါ”

“ဘာကွ”

“ငါ့ကို မင်းရဲ့သူငယ်ချင်းတစ်ယောက်အဖြစ် လက်ခံရမယ်လေ”

"မင်း..မင်း.."

စွန်ရဲ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ရှောင်ကျူးအား နားမလည်နိုင်စွာ ကြည့်နေမိ၏။

ရှောင်ကျူးအား နားလည်နိုင်သူမှာ ခေါင်းကြီးမှ လွဲပြီး မည်သူမျှ ရှိမည် မဟုတ်ချေ။

ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြ၏။

ဝမ်းစု ခေါင်းယမ်းလိုက်၏။

"မဖြစ်နိုင်လိုက်တာ၊ လူဆိုးဓားပြတစ်ယောက်နဲ့ မိတ်ဆွေဖွဲ့ရတယ်လို့၊ ဒီကောင်လေး ရူးနေပြီ ထင်တယ်"

ဟု မကြားတကြား ပြောလိုက်သည်။

သို့သော် သူသည်လည်း စွန်ရဲအား မည်သို့မျှ လက်ခံနိုင်မည် မဟုတ်ကြောင်း အမူအရာကို ကြည့်ရုံဖြင့် သိနိုင်၏။

အဆိုးဝါးဆုံး လက်မခံနိုင်သူမှာ ကျင်းကျင်း ဖြစ်သည်။

ကျင်းကျင်းက ရှေ့သို့ လှမ်းထွက်လိုက်ပြီး...

"ရှောင်ကျူး၊ မင်း ဘာတွေ ပြောနေတာလဲ၊ သူ့ကြောင့် ကျွန်မလူတွေ ဒုက္ခရောက်ခဲ့ရပြီ၊ သူဟာ လမ်းဓားပြတစ်ယောက်ပဲ၊ သူ့ကို အခုချက်ချင်း သုတ်သင်ရှင်းလင်းပစ်လိုက်ပါ"

ဟုအော်ပြောလိုက်၏။

ရှောင်ကျူးက သူ့အား လှည့်ကြည့်လိုက်၏။

ကျင်းကျင်း၏မျက်နှာ ခက်ထန်တင်းမာနေသည်ကို မြင်လျှင် ပြုံးလိုက်ပြီး...

"ခင်ဗျားရဲ့လူတွေ သူ့လောက်တောင်မှ အသုံးမကျတာကိုးဗျ"

ဟုပြောလိုက်၏။

ကျင်းကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ဘာ..ဘာပြောတယ်"

"ကျုပ်ပြောတာ မှားလို့လားဗျာ"

သူ၏စကား မှန်နေသည် ဖြစ်ရာ ကျင်းကျင်း မပြောသာအောင် ဖြစ်သွားသည်။

သူမ၏မျက်နှာ နီရဲသွားပြီး...

"အပိုတွေ မပြောနဲ့၊ သူ့ကို ရှင်းပစ်လိုက်ပါ"

"ကျုပ် မလုပ်နိုင်ဘူး"

"ဒါဖြင့် ရှင့်ရဲ့ လမ်းဓားပြ မိတ်ဆွေနောက်ကို ရှင်လိုက်သွားပေတော့"

ရှောင်ကျူး ပြုံးလိုက်သည်။

ထိုစဉ် ခေါင်းကြီးက ရှေ့သို့ လှမ်းထွက်လာပြီး...

"ရှောင်ကျူး၊ မင်းရဲ့လူတွေက ဘယ်လိုလဲကွ၊ မင်းက သူတို့ကို ကူညီတာ သဘာဝကျရဲ့လား၊ စဉ်းစားစမ်းပါဦး"

ဟုပြောလိုက်သည်။

အမှန်တော့ ခေါင်းကြီးသည် အော်ငေါက်မာန်မဲနေသည့် ကျင်းကျင်းကို ကြည့်မရသဖြင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

ရောင်ကျူးက အခကြေးငွေ မယူဘဲ ကျင်းကျင်းအား ကူညီသည်ဟု နားလည်ထားခဲ့သည်။

ထို့ကြောင့် ရောင်ကျူးအား အထက်စီးမှ မာန်မဲပြောဆိုနေသည်ကို တွေ့ရသောအခါ ခံပြင်းသွားပြီး ကြားဝင်ပြောလိုက်ခြင်းဖြစ်သည်။

ခေါင်းကြီး၏စကားကြားလျှင် ကျင်းကျင်း ပို၍ ဒေါသထွက်သွားတော့သည်။

"ဩော် ကျွန်မတို့က ရှင်တို့ကို အားကိုးနေတယ်များ ထင်နေသလား၊ ဝေးပါသေးတယ်ရှင်၊ ကဲ ရှင်တို့ အခုချက်ချင်း ဒီက ထွက်သွားကြ"

ဟုအော်ငေါက်လိုက်သည်။

ရောင်ကျူး စိတ်ပျက်သွားသည်။

ကျင်းကျင်းအား ပြန်လည်ချေပရန် ဟန်ပြင်နေသည့် ခေါင်းကြီးကို တားမြစ်လိုက်ရသည်။

"ခေါင်းကြီး ဘာမှ မပြောပါနဲ့ကွာ"

ခေါင်းကြီး ရှုံ့ရှုံ့ရားရား ဖြစ်သွားသည်။

သို့သော် ရောင်ကျူးကို ငဲ့ညှာကာ ဘာမှ မပြောဘဲ နေလိုက်သည်။

စွန်ရဲသည် ရောင်ကျူးနှင့် ခေါင်းကြီးကိုတစ်လှည့်၊ ကျင်းကျင်းကိုတစ်လှည့် နားမလည်နိုင်သည့်အလား ခေါင်းကုတ်နေသည်။

အခြေအနေ တင်းမာလာသည်ကို မြင်လျှင် လူယုံတော်



ယို့ကျားက...

"ကဲ ကိုယ့်အချင်းချင်း စိတ်ဝမ်းကွဲနေတာ မကောင်းပါဘူးဗျာ၊ အေးအေးဆေးဆေး ညှိနှိုင်းကြတာပေါ့၊ တကယ်ဆိုရင် ရောင်ကျူးဟာ ကျုပ်တို့ ရွှေကျားအာမခံဌာနကို ကူညီဖို့ လာခဲ့သူပါ၊ ဒါကြောင့် သူနဲ့ ပတ်သက်သမျှ ကျုပ်တို့ကပဲ တာဝန်ယူပါ့မယ်"

ဟုပြောလိုက်သည်။

ကျင်းကျင်းက...

"ကောင်းပြီ၊ သူ့ကို ကျွန်မကိုယ်တိုင် စစ်ဆေးပြီး ကျေနပ်လို့ လက်ခံခဲ့တာပဲ၊ သူ့အတွက် အကြောင်း မဟုတ်ပေမယ့် တခြားမျက်နှာစိမ်းတွေကိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ကျွန်မတို့ အခြေအနေကို ရှင်နားလည်ပါတယ်"

လူယုံတော် ယို့ကျား သက်ပြင်းချလိုက်သည်။

"ကျုပ်ကြည့်ပြီး စီစဉ်ပေးပါ့မယ်"

ဟုကတိပေးလိုက်သဖြင့် ကျင်းကျင်း ပါးစပ်ပိတ်သွားလေသည်။

လူယုံတော် ယို့ကျားက ရောင်ကျူးဘက်သို့ လှည့်ကာ...

"မိတ်ဆွေလေးရောင်ကျူး၊ မင်းက ကျုပ်တို့ကို ကူညီခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလေတော့၊ ကျုပ်တို့ရဲ့ အခက်အခဲကို မင်းနားလည်မယ်ထင်ပါတယ်"

သူတို့သည် လျှို့ဝှက်သော အကြောင်းကိစ္စတစ်ခုဖြင့် မရှိမ

ဒေသသို့ သွားမည်ဆိုသည်ကို ရောင်ကျူး နားလည်ထားပါ၏။

တစ်ဘက်တွင်လည်း မိတ်ဆွေခေါင်းကြီး ရှိနေသေး၏။

စွန့်ရဲသည်လည်း သူ၏မိတ်ဆွေ ဖြစ်လာနိုင်သည်ဟု ယုံကြည်ထားလေသည်။

ထို့ကြောင့် ရုတ်တရက် မည်သို့ ဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။

လူယုံတော် ယို့ကျားက...

"အဲ ကျုပ်တို့ ဒီမှာ အချိန်အတော်ကုန်ခဲ့ပြီ၊ ရှေ့ခရီး ဆက်စရာ ရှိသေးတယ်၊ သခင်မလေးကျင်းကျင်းရဲ့ စိတ်သဘောထား ပြောင်းလဲသွားစရာ မရှိဘူးဆိုတော့၊ မိတ်ဆွေလေးက အလျှော့ပေး..."

သူ၏စကားမဆုံးမီ ရောင်ကျူးက ကြားဖြတ်မေးလိုက်လေသည်။

"ကျုပ် မိတ်ဆွေတွေနဲ့ လမ်းခွဲလိုက်ရမယ်ဆိုပါတော့"

လူယုံတော် ယို့ကျား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လို့ ဆိုရမှာပါပဲ"

ရောင်ကျူး ပြုံးလိုက်သည်။

"ဒီလိုဆိုရင် ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်ဆက်ပြီး မကူညီနိုင်တော့ပါဘူး"

"ဟင်..မင်း..မင်းက.."

"ကျုပ်က ခရီးဆုံး ရောက်တဲ့အထိ ကူညီမယ်လို့ ဆုံးဖြတ်



ထားပါတယ်၊ ခရီးတစ်လျှောက်လုံးမှာ ရန်သူ တွေ့ရင် ရင်ဆိုင်မယ်၊ မိတ်ဆွေတွေ့ရင် လက်တွဲခေါ်မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို လက်မခံနိုင်ဘူးဆိုရင် ကျုပ်က ဆက်ပြီး လိုက်စရာ အကြောင်း မရှိတော့ပါဘူးဗျာ"

လူယုံတော် ယို့ကျား ပြန်မပြောနိုင်မီ ကျင်းကျင်းက ကြားဖြတ်ပြောလိုက်လေသည်။

"ကောင်းပြီ၊ ကျွန်မကလဲ ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး၊ ရှင့်ရဲ့ အကူအညီရမှ ခရီးဆက်ရမှာ မဟုတ်ဘူး၊ ကျွန်မတို့ဘာသာ ဆက်သွားနိုင်တယ်၊ ရှင့်အကူအညီ မလိုတော့ဘူး၊ ရှင်သွားချင်ရင် သွားနိုင်ပြီ"

ဟုခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

လူယုံတော် ယို့ကျား ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ဝမ်းစုက ဘာမှ မပြောဘဲ ငြိမ်နေ၏။

ရောင်ကျူး ပခုံးတွန့်လိုက်သည်။

"ကောင်းပါပြီဗျာ၊ ကျုပ်ကို မလိုအပ်တော့ဘူးဆိုရင်လဲ သွားရတာပေါ့"

သူက ခေါင်းကြီးဘက် လှည့်လိုက်၏။

"မင်း ဘယ်လိုသဘောရလဲ"

ဟုမေးလိုက်လေသည်။

ခေါင်းကြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား၊ သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်က ဩ

ဓာပေးတာကို သိပ်မှန်းတာဗျ၊ ကျုပ်တာသာ နေချင်သလို နေမယ်၊ စားချင်သလို စားမယ်၊ သွားချင်သလို သွားမယ်၊ ဟား..ဟား..ဟား"

ရောင်ကျူး ပြုံးလိုက်သည်။

စွန်ရဲဘက်သို့ လှည့်ကာ...

"မင်းက ငါ့စကားကို ဥပေက္ခာ ပြုထားဦးမှာလား"

ဟုမေးလိုက်သည်။

စွန်ရဲ မျက်လုံးပြူးသွားသည်။

"မင်း ဘာပြောတာလဲ"

"တို့နှစ်ယောက် ယှဉ်ပြိုင်လို့ ရှုံးတဲ့သူက နိုင်တဲ့သူရဲ့ စကားနားထောင်ကြေးဆိုတာလေ"

"ဒါက.."

ရောင်ကျူး လက်ဝှေ့ယမ်းလိုက်သည်။

"မင်း အခုမှ ဆင်ခြေပေးမနေနဲ့၊ မင်းရှုံးသွားပြီးပြီ၊ ကဲ ငါ့စကားနားထောင်၊ မင်းဟာ ငါတို့နှစ်ယောက်ကို စားသောက်ဆိုင်ခေါ်သွားပြီး အကောင်းဆုံးအရက်၊ အကောင်းဆုံးစားစရာ ကျွေးရမယ်"

"ဟေ"

စွန်ရဲ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ရောင်ကျူးသည် သူတွေ့ဖူးခဲ့သမျှ လူအားလုံးထက် ပို၍ထူးခြားသူ ဖြစ်ကြောင်း နားလည်လိုက်၏။

ဟန်ဆောင်မှုကင်းပြီး ပကတိ ရိုးသားတည်ကြည်သည်။



ပျော်ပျော်ရွှင်ရွှင် နေတတ်သလို စိတ်ကောင်း ရှိ၏။

ရောင်ကျူးကဲ့သို့သော လူစားမျိုးနှင့် အဘယ်ကြောင့် မိတ်ဆွေ မဖြစ်နိုင်ရပါသနည်း။

ရယ်မောနေကြသည့် ရောင်ကျူးနှင့် ခေါင်းကြီးကို ကြည့်ကာ စွန်ရဲလည်း ရယ်ချင်လာသည်။ သို့သော် ဣန္ဒြေဆည်ရင်း...

"ကောင်းပြီ၊ မင်းတို့ မစားနိုင် မသောက်နိုင်တော့ပါဘူးလို့ ပြောတဲ့အထိ ငါကျွေးမယ်၊ ကဲ ငါ့နောက်ကို လိုက်ခဲ့"

စကားဆုံးလျှင် ခပ်သွက်သွက် ထွက်သွား၏။

ခေါင်းကြီးနှင့် ရောင်ကျူးတို့ တစ်ယောက်ပခုံးတစ်ယောက် သိုင်းဖက်လိုက်ကြ၏။

ထို့နောက် စွန်ရဲနောက်သို့ လိုက်သွားကြလေသည်။

သူတို့သည် ကျင်းကျင်းတို့လူစုအား တစ်ချက်ကလေးပင် လှည့်ကြည့်မသွားကြချေ။

တခဏအတွင်းပင် သူတို့သုံးယောက် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

♣ ♣ ♣

"တောက်"

ကျင်းကျင်း မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

လူယုံတော် ယို့ကျားနှင့် ဝမ်းစုတို့မှာ သူမကို အားတုံ့အား

နာ ဖြစ်နေကြ၏။

စွန်ရဲ၊ ရှောင်ကျူးနှင့် ခေါင်းကြီးတို့မှာ မိတ်ဆွေများ ဖြစ်သွားကြပြီဆိုသည်ကို နားလည်မိကြ၏။

သူတို့သုံးယောက်အား လက်ခံပြီး ခေါ်သွားမည်ဆိုပါက ရှေ့ခရီးတွင် ကြုံတွေ့နိုင်သည့် ဘေးအန္တရာယ်များကို ကောင်းစွာ ရင်ဆိုင်သွားနိုင်မည်ဟုလည်း ယုံကြည်ထားသည်။

သို့သော် ကျင်းကျင်းက လူစိမ်းများ ပါလာသည်ကို သဘောမကျ ဖြစ်နေခြင်းကြောင့် သူတို့လည်း မတတ်သာကြချေ။

အထူးသဖြင့် သူမ၏လူများကို ဒုက္ခပေးသွားသည့် စွန်ရဲကို ပို၍ မကျေမနပ် ဖြစ်နေကြောင်း ရိပ်မိထားရာ ဘာမှ မပြောသာဘဲ ငြိမ်နေလိုက်ကြခြင်း ဖြစ်လေသည်။

ကျင်းကျင်းက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

ရှောင်ကျူးတို့၏ အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

အမှောင်ထု ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်၍ ဝန်းကျင်တစ်ခုလုံး မပီပိုးတဝါး ဖြစ်နေ၏။

ကျင်းကျင်းက...

"အဆိပ်မိတဲ့ လူတွေ အားလုံး ဒီမှာ နေရစ်ခဲ့ကြ၊ တို့ ခရီးဆက်ကြမယ်"

သူမ၏စကားကြောင့် အားလုံး ထိတ်လန့်သွားကြ၏။

ကျင်းကျင်း၏လူအားလုံးလိုလိုသည် စွန်ရဲ၏လက်ချက်ကြောင့် မေ့ဆေးမိသူမိ၊ အဆိပ်မိသူမိ ဖြစ်ခဲ့ကြသည် မဟုတ်ပါလား။



ကျင်းကျင်း ပြောသည့်အတိုင်းဆိုရင် ရှေ့ခရီးဆက်ရာ၌ လူများများ လိုက်နိုင်တော့မည် မဟုတ်ချေ။

အားဖုံး၊ ကျားကြီးနှင့် ကျားလေးတို့က ရှေ့တိုးလာကြသည်။ အားဖုံးက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"သခင်မလေး၊ ကျုပ်တို့ ဒီမှာ နေခဲ့ကြမယ်ဆိုရင်.."

စကားဆုံးအောင်ပင် မပြောလိုက်ရပါချေ။

ကျင်းကျင်းက အော်ငေါက်လိုက်လေသည်။

"စကားမရှည်နဲ့ အားလုံး ဒီမှာ နေရစ်ခဲ့ကြတော့၊ အသုံးမကျတဲ့ လူတွေကို ငါ မလိုချင်ဘူး၊ အသုံးကျတဲ့ သူခိုးဓားပြတွေကိုလဲ ငါ မလိုချင်ဘူး"

အားဖုံး ဘာမှ မပြောဝံ့တော့ဘဲ ခေါင်းငုံ့ထားလိုက်လေသည်။

ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြပြန်လေသည်။

ကျင်းကျင်း၏စကားကြောင့် သူတို့အပေါ် တာဝန်ပုံကျလာမည်ဆိုသည်ကို ကောင်းစွာ နားလည်ထား၏။

ကျင်းကျင်းက...

"ကဲ ခရီးဆက်မယ်၊ လူယုံတော် ယို့ကျား၊ ရှင်တို့ ရှေ့ကသွားပါ"

ဟုအမိန့်ပေးလေသည်။

လူယုံတော် ယို့ကျား သက်ပြင်းချလိုက်၏။

ဝမ်းစုအား လှမ်းကြည့်လိုက်သောအခါ စိတ်မသက်မသာဖြင့် ခေါင်းညိတ်ပြသည်ကို တွေ့ရ၏။

ဝမ်းစုသည် ခရီး မသုံးမချင်း သို့မဟုတ် အသက်သေလောက်သည့် ဒဏ်ရာမရမချင်း ကျင်းကျင်းအား လိုက်လံပို့ဆောင်ပေးရန် ဆုံးဖြတ်ထားသည်။

လူယုံတော် ယို့ကျားက မြင်းပေါ် ခုန်တက်လိုက်သည်တွင် ဝမ်းစုလည်း ခုန်တက်လိုက်ပြီး ဖြစ်လေသည်။

ကျင်းကျင်းက မြင်းလှည်းတံခါးကို ဖွင့်လိုက်သည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးကို ကြည့်ကာ...

"ကဲ တို့သွားကြမယ်"

ဟုပြောကာ မြင်းလှည်းပေါ် တက်လိုက်၏။

တစ်ချိန်လုံး မလှုပ်မယှက် ရှိနေသော မိန်းကလေး သ[illegible]ဝင်လှုပ်ရှားလာ၏။ မြင်းဇက်ကြိုးကို လှုပ်ယမ်းကာ စတင်မောင်းနှင်လိုက်သည်။

လူယုံတော် ယို့ကျားနှင့် ဝမ်းစုတို့က ရှေ့မှ ဦးဆောင်သွားကြပြီး ကျင်းကျင်း စီးနင်းလိုက်ပါလာသည့် မြင်းလှည်းက နောက်မှ လိုက်သွား၏။

အားဖိုးတို့လူစုက စိတ်ပျက်အားငယ်စွာဖြင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

♣ ♣ ♣



နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအစားထိုး ဝင်ရောက်လာသည်။

လမ်းဘေးတစ်ဘက်တစ်ချက်မှ အိမ်တိုင်းရှိုလို မီးထွန်းညှိထားပြီ ဖြစ်လေသည်။

မြို့စွန်တစ်နေရာဝယ် ဟောင်းနွမ်းနေပြီဖြစ်သော အဆောက်အအုံတစ်ခု ရှိလေသည်။

ထိုအဆောက်အအုံသည် ရှေးနှစ်ပေါင်းများစွာက ဆောက်လုပ်ခဲ့ဟန် ရှိပြီး အရောင်အဆင်း လွင့်ပြယ်ကာ ရေညှိများပင် တက်နေ၏။

အချို့နံရံများ၌ အင်္ဂတေများ ကွာကျနေသည်။

ပြတင်းပေါက်တံခါးများလည်း ပတ္တာပြုတ်ကာ တွဲလွဲကျနေ၏။

စွန်ရဲက ရောင်ကျူးနှင့် ခေါင်းကြီးတို့အား ထိုအဆောက်အအုံဆီသို့ ခေါ်သွားလေသည်။

ရောင်ကျူးနှင့် ခေါင်းကြီးတို့သည် အဆောက်အအုံနှင့် ပတ်သက်ပြီး မည်သို့မျှ ထင်မြင်ချက် မပေးကြဘဲ လိုက်သွား၏။

အဆောက်အအုံအတွင်းသို့ ရောက်လျှင် စွန်ရဲက...

"မင်းတို့ကို စားသောက်ဆိုင်မှာ ညှို့ခံတာထက် ငါ့အိမ်မှာ ညှို့ခံတာက ပိုကောင်းမယ် ထင်လို့ ငါ့အိမ်ကို ခေါ်လာတာ"

ဟုရှင်းပြ၏။

ရောင်ကျူး အံ့သြသွား၏။

"ဒါ မင်းရဲ့အိမ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာလဲ ဟောင်းနွမ်းနေလို့ အထင်သေးတာလား"

ရောင်ကျူးနှင့် ခေါင်းကြီးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ပြိုင်တူ ဝါးခနဲ ရယ်မောလိုက်ကြလေသည်။

စွန်ရဲ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ရောင်ကျူးတို့အား ကြည့်ကာ...

"မင်းတို့ ဘာရယ်တာလဲ"

ဟုမေးလိုက်လေသည်။

ခေါင်းကြီးက...

"သဘောကျလို့ပေါ့"

"ဘာကွ"

"မင်းကတောင် အိမ်နဲ့ ယာနဲ့ နေနိုင်သေးတယ်၊ ငါတို့မှာ အိမ်ဆိုလို့ နွားတင်းကုတ်နဲ့ တူတာတောင် မရှိဘူး"

"ဟေ"

စွန်ရဲ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ခေါင်းကြီးက...

"ဟုတ်တယ်၊ ငါတို့က ခြေသလုံး အိမ်တိုင်တွေကွ၊ မင်းက



အိမ်ပိုင် ရှိတယ်ဆိုတော့ ငါတို့ထက် သာတာပေါ့"

စွန်ရဲက ခေါင်းယမ်းလိုက်သည်။

"မသာပါဘူးကွာ၊ ငါ့အိမ်က ပြိုကျတော့မှာပါ၊ ဒီအိမ်သာ ပြိုကျသွားရင် ငါလဲ ခြေသလုံး အိမ်တိုင် ဖြစ်သွားမှာပဲ"

ဟုပြောလိုက်သည်။

သူ၏စကားကြောင့် ရောင်ကျူးနှင့် ခေါင်းကြီးတို့က ရယ်မောလိုက်ကြပြန်လေသည်။

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

စွန်ရဲလည်း ရယ်မောလိုက်သည်။

သုံးယောက်သား အတန်ကြာ ရယ်မောလိုက်ကြပြီးနောက် ရင်းရင်းနှီးနှီး ရှိလာသည်ဟု ခံစားကြရသည်။

စွန်ရဲက...

"အိမ်ထဲ ဝင်ဦးလေကွာ"

ပြောရင်း ရှေ့မှ ဦးဆောင်ဝင်သွားသည်။

ခေါင်းကြီးနှင့် ရောင်ကျူးလည်း လိုက်ဝင်သွားကြသည်။

အတွင်းဘက်ရောက်လျှင် ခမ်းခမ်းနားနား ပြင်ဆင်ထားခြင်း အလျဉ်းမရှိ။ စားပွဲတစ်လုံးနှင့် ယိုင်နဲ့နေပြီ ဖြစ်သော ကုလားထိုင်လေးလုံးသာ ရှိနေသည်ကို တွေ့ရသည်။

အခန်းထောင့်ဝယ် ခုတင်အိုကြီးတစ်လုံး၊ မွေ့ရာတစ်ခုနှင့် ဖာထေးထားသော စောင်တစ်ထည် ရှိနေသည်။

သောက်ရေအိုးတစ်လုံးလည်း ကြမ်းပြင်ပေါ် ချထားသည်ကို တွေ့ရသည်။

ခေါင်းကြီးက ဝေ့ကြည့်လိုက်ပြီး သဘောကျစွာ ပြုံးလိုက်သည်။

"မင်းက တော်တော့်ကို ချမ်းသာတာပဲ၊ မင်းကျွေးတာ မစားရဘဲ ငါတို့က ပြန်ကျွေးရတော့မယ် ထင်တယ်"

ဟုလည်း ပြောလိုက်သည်။

စွန်ရဲက...

"ငါ့ကို ဒီလော[illegible]ဟောင် အထင်မသေးစမ်းပါနဲ့ကွာ၊ မင်းတို့ စောင့်ကြည့်နေ"

စကားဆုံးလျှင် လက်ခုပ်တစ်ချက် တီးလိုက်သည်။

လက်ခုပ်သံနှင့် မရှေးမနှောင်းတွင် လူငယ်ကလေးတစ်ယောက် [illegible]လာသည်ကို တွေ့ရသည်။

စွန်ရဲက...

"ညီလေး၊ ငါ့ဧည့်သည်တွေ ပါလာတယ်၊ သူတို့ကို ငါက ကျွေးမွေးပြုစုချင်တယ်၊ အဲဒါ.."

"စိတ်ချ အစ်ကိုကြီး"

လူငယ်လေးသည် စကားပင်ဆုံးအောင် နားမထောင်တော့ဘဲ အခန်းတွင်းမှ ပြေးထွက်သွားသည်။

ခေါင်းကြီးက...

"ဟေ့ မင်းတို့က ငါတို့ကို ကျွေးမွေးဖို့ စားသောက်ဆိုင်တွေ



ဆီမှာ စားပြတိုက်ခိုင်းလိုက်တာလား"

ဟုမေးလိုက်သည်။

စွန်ရဲ ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား၊ သူတို့ လာတော့ မင်းကိုယ်တိုင် မေးကြည့်ပေါ့ကွာ"

ဟုသာ မ[illegible]မကျ ပြောသည်။

ခေါင်းကြီးနှင့် စွန်ရဲတို့ ရင်းရင်းနှီးနှီး ဖြစ်သွားသည်ကို ကြည့်ကာ ရောင်ကျူး ကျေနပ်မိသည်။

သူက စွန်ရဲအား စည်းရုံးသိမ်းသွင်းရန် ကြံစည်စိတ်ကူးစဉ်က ခေါင်းကြီးမှာ သဘောမကျ ဖြစ်ခဲ့သည် မဟုတ်ပါလား။

သူတို့ ပြောဆိုနေကြစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာပြီး လူသုံးယောက် အခန်းတွင်းသို့ ဝင်လာကြသည်။

ထိုလူသုံးယောက်သည် လင်ပန်းတစ်ချပ်စီ ကိုင်ဆောင်လာကြသည်။

စွန်ရဲ ရှေ့သို့ ရောက်လျှင်...

"ဆရာလေးအတွက် အကောင်းဆုံး ဟင်းလျာတွေ စီစဉ်ခဲ့ပါတယ်"

ဟုပြောကာ လင်ပန်းများကို စားပွဲပေါ် ချလိုက်၏။

စွန်ရဲ ပြုံးလိုက်သည်။

ထိုလူသုံးယောက်သည် စွန်ရဲအား အရိုအသေပေးကာ ပြန်ထွက်သွားကြသည်။

ခေါင်းကြီးနှင့် ရှောင်ကျူးတို့က လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ လင်ပန်းသုံးချပ်တွင် စားစရာ သောက်စရာ ပါလာသည်ကို တွေ့ရသည်။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာပြန်သည်။

ခြေသံအဆုံးတွင် အမျိုးသမီးကြီးတစ်ယောက် ခြင်းတောင်းတစ်လုံးဆွဲကာ ဝင်လာသည်။

စွန်ရဲအား ခြင်းတောင်းကို ပေး၍ ဦးညွှတ်လိုက်သည်။

စွန်ရဲက ပြုံးပြယင်း ကျေးဇူးတင်သည့် သဘောဖြင့် ခေါင်းညိတ်ပြလျှင် အမျိုးသမီးကြီးလည်း ဝမ်းသာအားရဖြင့် ပြန်ထွက်သွားသည်။

ဤသို့ဖြင့် အမျိုးသမီးများ၊ ကလေးငယ်များ၊ အဘိုးအိုများ၊ လူငယ်လူရွယ်များ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။

ရောက်လာသူတိုင်းလိုလို စားသောက်ဖွယ်ရာ တစ်မျိုးမဟုတ် တစ်မျိုး ယူဆောင်လာကြသည်။

လာပို့ကြသူများသည် ပို့ပြီးသည်နှင့် စကားများများမပြောဘဲ ပြန်ထွက်သွားကြလေသည်။

လာပို့ကြသည်မှာ များပြားလွန်းရကား စားပွဲပေါ်တွင် ပြည့်သွားသည့်အပြင် အချို့ကို ခုတင်ပေါ် တင်ထားရပြီး အချို့ကို ကြမ်းပြင်ပေါ် ချထားရလေသည်။

ခေါင်းကြီးနှင့် ရှောင်ကျူးတို့ အံ့သြလွန်းသဖြင့် စကား



မပြောနိုင်ဘဲ ဖြစ်နေ၏။

စွန်ရဲက...

"ကဲ လာကြလေ၊ မင်းတို့ပဲ စားကြသောက်ကြမယ်ဆို"

ဟုလှမ်းပြောလိုက်လေ၏။

ခေါင်းကြီးနှင့် ရှောင်ကျူးတို့ မနေသာကြတော့ဘဲ စားပွဲခုံတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြလေသည်။

စွန်ရဲက...

"ကဲ အားရပါးရ စားကြပေတော့၊ မလောက်မှာတော့ မပူနဲ့၊ မင်းတို့ မဝသေးဘူးဆိုရင်"

"တော်ပါတော့ကွာ၊ ဆင်တစ်ကောင်လုံး မျိုချနိုင်တဲ့သူတောင် သည်လောက်များတဲ့ စားစရာတွေ ကုန်အောင် စားနိုင်မှာမဟုတ်ပါဘူး"

ရှောင်ကျူးက ကြားဖြတ်ပြောလိုက်သည်။

သူ၏စကားကြောင့် စွန်ရဲ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

ခေါင်းကြီးကား နှုတ်ခမ်းကို လျှာဖြင့် သိမ်းရင်း...

"ဟာ တကယ့် အကောင်းစား ဟင်းလျာတွေပဲ၊ စားသောက်ဆိုင်မှာဆိုရင် သည်လောက် စုံစုံလင်လင် ရနိုင်မှာ မဟုတ်ဘူး"

ဟုပြောလိုက်လေသည်။

စွန်ရဲက...

"ဒါကြောင့် ငါက စားသောက်ဆိုင်ကို ခေါ်မသွားတာပေါ့၊ ကဲ ကြိုက်သလောက် စားပေတော့"

ခေါင်းကြီး စတင် ခပ်ယူစားသောက်လိုက်လေသည်။

ရှောင်ကျူးလည်း စားလိုက်လေသည်။

စားသောက်ဖွယ်ရာများမှာ အမယ်စုံလင်လှပေသည်။

သူတို့နှစ်ယောက် စားသောက်နေကြသည်ကို ကြည့်ကာ စွန်ရဲက...

"မင်းတို့လူတွေဟာ အခုလို စားရမယ်ဆိုရင် စားရဲကြမယ်လို့ ငါမထင်ဘူး"

ဟုပြောလိုက်လေသည်။

သူက ကျင်းကျင်းတို့လူစုအား ရည်ရွယ်ကာ ပြောလိုက်ခြင်းဖြစ်သည်။ ခေါင်းကြီးက ရယ်မောလိုက်သည်။

"ငါတို့က ငါတို့ပဲ၊ သူတို့မှ မဟုတ်တာ၊ ပြီးတော့ မေ့ဆေးတို့ အဆိပ်တို့လဲ မကြောက်ဘူးလေကွာ၊ မင်းက ခပ်ထားမယ်ဆိုရင်တောင် ငါတို့က မသိချင်ဟန်ဆောင်ပြီး စားကြမှာပဲ"

ရှောင်ကျူးက...

"ဒါပေါ့၊ ငါက မိတ်ဆွေလို သဘောထားယင် ဘယ်မိတ်ဆွေကမှ ငါ့ကို ရန်သူလို သဘောမထားကြဘူးဆိုတာ ငါသိတာပေါ့"

ထို့နောက် နှစ်ယောက်သား အားရပါးရ စားသောက်လိုက်ကြလေသည်။

ဟင်းခွက်များ စုံလင်အောင် နှိုက်ကြသည်။



...က်ကိုလည်း တစ်ခွက် ပြီးတစ်ခွက် သောက်ကြလေသည်။

သူတို့ကို ကြည့်ယင်း စွန်ရဲ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။

"သည်အစားအစာတွေ ဘယ်က ရသလဲဆိုတာ မင်းတို့ မမေးကြတော့ဘူးလား"

ရှောင်ကျူး ခေါင်းခါယမ်းလိုက်သည်။

"မေးစရာ မလိုပါဘူးကွာ၊ မင်းရဲ့ မိတ်ဆွေတွေဆီက ရလာတာပေါ့"

ခေါင်းကြီးက...

"မင်းရဲ့မိတ်ဆွေဆိုတာ ငါတို့ရဲ့ မိတ်ဆွေတွေပဲပေါ့ကွာ"

စွန်ရဲ သက်ပြင်းချလိုက်သည်။

"မိတ်ဆွေတွေက ငါ့ကို သတိရကြတယ်၊ ဒါကြောင့် ငါကလည်း မိတ်ဆွေတွေကို သတိရသင့်တာပေါ့"

ရှောင်ကျူးက...

"သူတို့က မင်းကို စားသောက်စရာတွေ လာပို့တယ်၊ မင်းကလည်း သူတို့ရဲ့ စားဝတ်နေရေးကို တာဝန်ယူချင်တယ် ဟုတ်လား"

စွန်ရဲ ခေါင်းညိတ်လိုက်သည်။

"သူတို့က သိပ်ပြီး ဆင်းရဲနွမ်းပါးကြတယ်၊ စားရတစ်လှည့် မစားရတစ်လှည့်၊ မစားရတဲ့အလှည့်က ပိုများတယ်"

ခေါင်းကြီးက...

“မင်းက သူတို့ကို ကူညီဖို့ ကြိုးစားနေတာပေါ့”

“ဟုတ်တယ်”

“ဒါပေမယ့် ဓားပြတိုက်ပြီး ရှာဖွေနေတာ ကောင်းတဲ့အလုပ်မှ မဟုတ်တာ”

“ငါက သည်အလုပ်ပဲ လုပ်တတ်တာကွ၊ ဒါထက် မေးရဦးမယ်၊ သိုင်းလောကမှာ နာမည်နှစ်မျိုးနဲ့ ထင်ရှားကျော်ကြားတဲ့ ရတနာဓားတစ်လက် ရှိတယ်ဆိုတာကို ကြားဖူးကြသလား”

စွန်ရဲ၏အမေးစကားကြောင်း ခေါင်းကြီးနှင့် ရှောင်ကျူးတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

စွန်ရဲက...

“သိုင်းလောက ရတနာပစ္စည်းငါးမျိုးထဲမှာပါတဲ့ ဓားကို ပြောတာ၊ ‘ပဉ္စမဓား’ နဂါးဓားဆိုတဲ့ နာမည်နှစ်မျိုးနဲ့ ထင်ရှားတာ”

ခေါင်းကြီးက...

“‘ပဉ္စမဓား’ နဂါးဓား နာမည်နှစ်မျိုးနဲ့ ဟုတ်လား၊ သိုင်းလောက ရတနာပစ္စည်းဆိုယင် ပိုပြီး အန္တရာယ်များတာပေါ့၊ မင်းက သည်လို ဓားမျိုးကို စိတ်ဝင်စားယင် မှားမယ်နော်”

သူ၏စကားကို စွန်ရဲ လက်မခံချေ။

ရှောင်ကျူးအား စေ့စေ့ကြည့်လိုက်ပြီး...

“တစ်ချိန်တုန်းက သိုင်းလောကမှာ နာမည်ကြီးခဲ့ဖူးတဲ့ သိုင်းသမားကြီးစီးမင်းဖုံးဆိုတဲ့နာမည်ကို ကြားဖူးသလား”

ဟုမေးလိုက်လေသည်။



ရှောင်ကျူး၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားလေသည်။

စီးမင်းဖုံးသည် အရှေ့တောင်တန်း သိုင်းဆရာကြီးနှင့် ယှဉ်ပြိုင်ခဲ့သူ ဖြစ်ကြောင်း သူနားလည်ထားလေသည်။

စွန်ရဲက ဆက်ပြောလိုက်လေသည်။

“သိုင်းသမားကြီး စီးမင်းဖုံးဆီမှာ အင်မတန် ထက်မြက်တဲ့ ဓားတစ်လက် ရှိတယ်၊ ဓားပေါ်မှာ အသုံးပြုဖို့ ဓားကွက်တွေလဲ ရေးထားတယ်၊ အဲသည် ဓားကို နဂါးဓားလို့ ခေါ်တယ်”

ခေါင်းကြီးက...

“နဂါးဓားနဲ့ ရွှေကျားအာမခံဌာနနဲ့ ဘာဆိုင်လို့လဲကွ”

ဟုကြားဖြတ်မေးလိုက်လေသည်။

စွန်ရဲက ပြုံးလိုက်ပြီး...

“သူတို့က နဂါးဓားကို သယ်ဆောင်လာကြတာလေကွာ၊ ဒါကြောင့် လူတိုင်းက လိုချင်နေကြတာပေါ့”

“ဘာ”

ရှောင်ကျူး၏စကားသံ ဟိန်းထွက်လာလေတော့သည်။

စွန်ရဲနှင့် ခေါင်းကြီးက သူ့အား ကြည့်လိုက်လေသည်။

ရှောင်ကျူး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

အရှေ့တောင်တန်း၌ သူ့အား သိုင်းပညာ သင်ကြားပေးခဲ့သည့် ထင်းကျန်း၊ လျှံဝမ်း၊ ချူးစန်းနှင့် စန့်ကွမ်းတို့၏ မျက်နှာကို မြင်ယောင်လာမိသည်။

အရှေ့တောင်တန်း သိုင်းဆရာကြီးသည် သူ၏တပည့် ဖြစ်

သည့် ကျင်းလုံက သိုင်းသမားကြီးစီးမင်းဖုံး၏ နဂါးဓားအား ခိုးယူသွားခြင်းကြောင့် ဆုံးမရန် အာသီသ ရှိနေ၏။

ကျင်းလုံအား ဆုံးမရန် ထင်းကျန်းတို့လေးယောက်ကွာ သူ့အား တာဝန်ပေးခဲ့သည် မဟုတ်ပါလား။

သိုင်းလောကသို့ ပြန်လည်ချေချပြီး ကျင်းလုံ၏သတင်းကို စုံစမ်းခဲ့သော်လည်း အရာမထင်ခဲ့ချေ။

ယခုမှ မမျှော်လင့်ဘဲ နဂါးဓားနှင့် သက်ဆိုင်သူများအား ကူညီမိသလို ဖြစ်နေပြီတည်း။

စွန်ရဲ၏စကား မှန်ကန်မည်ဆိုပါက ကျင်းကျင်းတို့လူစုနှင့် ပတ်သက်လို၍ ရနိုင်တော့မည် မဟုတ်ချေ။

စွန်ရဲက...

"ရွှေကျားအာမခံဌာနကို ဘယ်သူမှ လက်ဖျားနဲ့တောင် မထိရဲကြဘူးလေ၊ ငါကျင်လည်ကျက်စားတဲ့ ဒေသက သူတို့ ဖြတ်လာမယ်ဆိုတဲ့ သတင်းကြားတော့ ငါက သူတို့အကြောင်း ကြိုတင်စုံစမ်းခဲ့တာပေါ့၊ အဲသည်မှာပဲ နဂါးဓားနဲ့ ပတ်သက်တဲ့သတင်း ကြားရတာပဲ"

ရှောင်ကျူးက...

"နေပါဦး၊ မင်းကို ဘယ်သူ ပြောပြလို့ သိတာလဲ"

"ရွှေကျားအာမခံဌာနကို လူတစ်စု ရောက်လာတယ်၊ သူတို့ဟာ သိုင်းလောကမှာ တစ်ခါမှ ထွက်ပေါ်မလာဘူးတဲ့ လူစားမျိုးတွေပဲ၊ သူတို့က ယို့ကျားနဲ့ ဝမ်းစုတို့ကိုတောင် ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ဖို့ စေခိုင်းနိုင်တယ်ဆိုတော့ နယ်နယ်ရရ မဟုတ်ဘူးဆိုတာ ကျုပ်တွေးမိတယ်၊ ဒါကြောင့် ထပ်ပြီး စုံစမ်းခိုက်းတော့ ရွှေကျားအာမခံဌာနကို ရောက်လာသူတွေဟာ မြောက်ပိုင်းတောင်တန်းဒေသက ဆင်းလာတာရယ်၊ နဂါးဓားနဲ့ ပတ်သက်နေတယ်ဆိုတာရယ် သိခဲ့ရတယ်"



ရှောင်ကျူးမှာ စိတ်လှုပ်ရှားနေပြီး စကားမပြောနိုင်ချေ။

ခေါင်းကြီးက...

"နဂါးဓားဟာ အတော့်ကို ထက်မြက်တယ်လို့ ပြောသံကြားတယ်၊ နဂါးဓားကို ရရင် သိုင်းလောကမှာ ကျိန်းသေ လက်မဝိထောင်နိုင်မှာပဲ"

ဟုဝင်ပြောလေသည်။

စွန်ရဲက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တကယ့် ထိပ်သီးသိုင်းသမားကြီး လေးငါးယောက်က လွဲပြီး ကျန်တာကို မှုစရာ မလိုဘူး၊ နဂါးဓားပိုင်ရှင် စီးမင်းဖုံးကိုပဲ ကြည့်ပါလား၊ သူကသာ အရှေ့တောင်တန်း သိုင်းဆရာကြီးနဲ့ ယှဉ်ပြိုင်ဖို့ မစဉ်းစားခဲ့ရင် အခုထိ သိုင်းလောက ပထမဓားဘွဲ့ကို ထိန်းသိမ်းထားနိုင်မှာ သေချာတယ်"

သူတို့နှစ်ယောက် ငြိမ်နေသည့် ရှောင်ကျူးအား လှမ်းကြည့်လိုက်ကြလေသည်။

စွန်ရဲသည် ဉာဏ်များသူ ဖြစ်သည်။

ခေါင်းကြီးကား အစားအသောက် အလွန်မက်မောသူ ဖြစ်

ပေသည်။

ရှောင်ကျူးမှာမူ အငြိမ်မနေဘဲ နေတရာကာ စပ်စပ်စုစု ပါဝင်တတ်သူဟု နားလည်ထားကြ၏။

ထို့ကြောင့် ရှောင်ကျူး ငြိမ်နေသည်မှာ အကြောင်းရှိရမည် ဟု တွေးမိလိုက်ကြသည် မဟုတ်ပါလား။

ခေါင်းကြီးက...

"ရှောင်ကျူး၊ မင်း ဘာတွေ စဉ်းစားနေတာလဲ"

ဟုမနေနိုင်တော့ဘဲ မေးလိုက်လေသည်။

ရှောင်ကျူး သက်ပြင်းချလိုက်သည်။

"နဂါးဓားအကြောင်း စဉ်းစားနေတာပါ"

"မင်းလိုချင်လို့လား"

စွန်ရဲက မေးသည်။

ရှောင်ကျူးက...

"မင်းကော"

ဟုမေးလိုက်၏။

စွန်ရဲ ပြုံးလိုက်သည်။

"ငါကတော့ လိုချင်တယ်၊ ဒါပေမယ့် ငါ့အတွက် မဟုတ်ဘူး၊ နဂါးဓားကို ရရင် ငွေပုံပေးမယ့်လူတွေ ရှိတယ်လေကွာ"

"မင်းက ရောင်းစားလိုက်မှာပေါ့ ဟုတ်လား"

စွန်ရဲ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား၊ သိပ်မှန်တာပေါ့ကွာ၊ နဂါးဓားက ဆင်းရဲနွမ်းပါးတဲ့လူတွေ၊ ဒုက္ခရောက်နေသူတွေကို ကူညီနိုင်တာမှ မဟုတ်တာဘဲ၊ သူတို့အတွက် တကယ်တမ်း လိုအပ်နေတာက ငွေပဲ မဟုတ်လားကွ"



ခေါင်းကြီးက...

"ရှောင်ကျူး၊ မင်းကော ဘယ်လိုသဘောရလဲ"

ဟုမေးလိုက်ပြန်သည်။

ရှောင်ကျူး သက်ပြင်းချလိုက်သည်။

"ငါက သူတို့ကို ကူညီမယ်လို့ ကတိပေးထားတယ်ကွ"

စွန်ရဲ ရယ်မောရာမှ ရပ်တန့်သွားသည်။

ရှောင်ကျူးအား စိုက်ကြည့်လိုက်ပြီး...

"သူတို့က မောင်းထုတ်လိုက်ပြီလေ"

"ဟုတ်တယ်၊ သူတို့ ဒုက္ခရောက်တယ်ဆိုရင်လည်း ငါ့တာဝန်မကောင်းလို့ဘဲ ဖြစ်ရမယ်"

"မင်းက.."

"မင်းက လူတွေအပေါ် အမြဲတမ်း ငဲ့ညှာသလို၊ ငါကလဲ သူတို့အပေါ် ကူညီမယ်ဆိုတဲ့ ကတိအတိုင်း ဘာပဲဖြစ်နေဖြစ်နေ ဆက်ပြီး ကူညီနေရမှာပဲ"

စွန်ရဲ ပါးစပ်ပိတ်ထားလိုက်လေသည်။

ခေါင်းကြီးက...

"ရှောင်ကျူး၊ နဂါးဓားကို ရရင် သိုင်းလောက ပထမဘွဲ့ ရနိုင်တယ်ဆိုတာ မေ့ထားလို့ မဖြစ်ဘူးနော်"

ဟုကြားဝင် ထောက်ပေးလိုက်၏။

ရှောင်ကျူး ခေါင်းညိတ်လိုက်သည်။

"ငါနားလည်ပါတယ်၊ ဒါပေမယ့် နဂါးဓားကို ငါသာရမယ်ဆို ရင် ဖျက်ဆီးပစ်လိုက်မှာပဲ"

"ဟေ"

"ဘာကွ"

ခေါင်းကြီးနှင့် စွန်ရဲတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ သူတို့၏နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားကြသည်။ ရှောင်ကျူးကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက်ကြ၏။ ရှောင်ကျူးက တည်ကြည်သော မျက်နှာထားဖြင့်...

"သူတို့ကို ကူညီမယ်လို့ ငါကတိပေးထားသလို နဂါးဓားကို လဲ ဖျက်စီးပစ်မယ်လို့ ငါကတိပေးထားတယ်"

ဟုပြောလိုက်၏။

ခေါင်းကြီး မနေနိုင်တော့ဘဲ...

"ဘယ်သူ့ကို ကတိပေးခဲ့တာလဲ"

"ငါ့ကို သိုင်းပညာ သင်ပေးတဲ့ ဆရာတွေကိုပါ"

ခေါင်းကြီး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

စွန်ရဲက...

"ဖျက်ဆီးပစ်မယ်ဆိုရင် နမြောစရာကြီး၊ ရောင်းစားလိုက် ရင် ငွေတွေ အများကြီးရမှာကွ"

ဟု မချင့်မရဲ ပြောလေသည်။



ရှောင်ကျူးက...

"ငါ လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် ငါ့ဆရာတွေက မြေတောင်မြှောက်ပေးခဲ့ကြတယ်၊ သူတို့ကို ကျေးဇူးဆပ်ဖို့အတွက် နဂါးဓားကို ဖျက်ဆီးပစ်ဖို့ပဲ ရှိတော့တယ်"

ဟုထပ်ပြောလိုက်သည်။

စွန်ရဲက...

"ဒါဆိုရင် ငါ့အတွက် အခွင့်အရေး တစ်ခုလုံး ဆုံးရှုံးသွား တော့မှာပေါ့"

"ငါက တခြားအလုပ်နဲ့ ငွေရအောင် ရှာနိုင်ဖို့ မင်းကို ကူညီ မယ့်ဆိုရင်ကော"

"ဟေ မင်း တကယ် ပြောတာလား"

"တကယ်ပေါ့"

စွန်ရဲ ပြုံးလိုက်သည်။

"ဒါဆိုရင် နဂါးဓားကို ဖျက်ဆီးပစ်လိုက်လေ၊ ငါက ဘယ်လို မှ သဘောမထားတော့ပါဘူး"

ဟုလိုက်လိုက်လှဲလှဲ ပြောလိုက်သည်။

သူ၏စကားကြောင့် ရှောင်ကျူးနှင့် ခေါင်းကြီးအပေါ် မည် သို့ သဘောထားသည်ကို ရိပ်မိနိုင်ပေသည်။

ရှောင်ကျူးက...

"မင်းက ငါတို့ကို မိတ်ဆွေသူငယ်ချင်းလို့ သဘောထားနိုင် မလား"

ဟုမေးလိုက်သည်။

စွန်ရဲ ပြုံးလိုက်သည်။

"ငါက မင်းတို့ကို မိတ်ဆွေသူငယ်ချင်းလို သဘောမထားရင် ငါ့အိမ်ကို ခေါ်လာပြီး ကျွေးမွေးပြုစုစရာ မလိုပါဘူးကွ"

ဟုပြောလိုက်သည်။

ရှောင်ကျူး မျက်နှာကြည်ကြည်လင်လင် ဖြစ်လာသည်။

"ကျေးဇူးပဲ၊ မင်းက ငါ့ကို ဆက်ပြီး ကူညီမယ်ဆိုရင် ငါက ပိုပြီး ကျေးဇူးတင်မိမှာပဲ"

စွန်ရဲ လက်ဇွေ့ယမ်းပြလိုက်သည်။

"ကျေးဇူးဆိုတဲ့ စကားကို ဘေးဖယ်ထားလိုက်စမ်းပါကွာ၊ မင်းကို ဘယ်လိုကူညီရမလဲဆိုတာပြော"

"ငါတို့ ကျင်းကျင်းနောက်ကို လိုက်သွားကြမယ်လေ"

"နဂါးဓားအတွက်လား"

"ဟုတ်တယ်"

"တို့သုံးယောက် ပေါင်းပြီး လုယူမယ်ဆိုရင် သူတို့ မခံနိုင်ပါဘူးကွာ"

ရှောင်ကျူး ချက်ချင်း လက်ကာပြလိုက်သည်။

"တို့ လုယူလို့ မဖြစ်ဘူး"

"ဟေ ဘာဖြစ်လို့လဲ"

စွန်ရဲ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရှောင်ကျူးက...



"ငါ့မှာ အကြံအစည်တစ်ခု ရှိတယ်"

"ဘယ်လိုအကြံအစည်လဲ"

ခေါင်းကြီးနှင့် စွန်ရဲတို့ ပြိုင်တူ မေးလိုက်ကြသည်။

ရှောင်ကျူးက...

"ငါ့ရဲ့ အကြံအစည်က"

သူက လေသံအေးအေးဖြင့် ရှင်းပြလိုက်လေသည်။

♣ ♣ ♣

## အန္တရာယ်တစ်ထစ်ချိုး

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီ ဖြစ်သည်။

နေရောင်ခြည် ဖြာကျလာချိန်ဝယ် ဝန်းကျင်တစ်ခုလုံး သာယာလှပနေပေတော့သည်။

အဝေးဆီတွင် မှိုင်းညို့ညို့ တောင်တန်းကြီးများ တွေ့မြင်ရသည်။

ဝဲယာတစ်ဘက်တစ်ချက်၌ စိမ်းလန်းသော တောအုပ်များ သွယ်တန်းလျက် ရှိသည်။

အရှေ့ဘက်တွင်မူ မြက်ခင်းများ ပြည့်လျှံနေသည့် ကွင်းပြင်ကျယ် ရှိသည်။

မြက်ခင်းပြင်အလယ်တွင် လှည်းလမ်းကြောင်းတစ်ခု ဖြောင့်တန်းလျက် ရှိနေ၏။



ယို့ကျားနှင့် ဝမ်းစုတို့က မြင်းကိုယ်စီဖြင့် လှည်းလမ်းကြောင်းအတိုင်း ခပ်သွက်သွက် မောင်းနှင်သွား၏။

မြက်ခင်းပြင်တစ်ဘက်ထိပ်သို့ ရောက်လျှင် ဝမ်းစုက မြင်းကို နောက်ပြန်လှည့်လိုက်ပြီး လက်ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါမှ...

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းလှည်းတစ်စီးသည် သစ်ပင်များကြားမှ ထွက်ပေါ်လာပြီး မြက်ခင်းပြင်ကို စတင်ဖြတ်ကျော်လိုက်၏။

ထိုမြင်းလှည်းသည် ကျင်းကျင်း စီးနင်းလိုက်ပါလာသည့် မြင်းလှည်း ဖြစ်လေသည်။

ယို့ကျားနှင့် ဝမ်းစုတို့က မြက်ခင်းပြင်ကို ဖြတ်ကျော်ရန် အန္တရာယ် ရှိမရှိ ရှေ့ဆုံးမှ ဖြတ်ကျော်သွားပြီး စစ်ဆေးကြည့်ကြသည်။

အန္တရာယ်ကင်းကြောင်း သေချာမှ လက်ဝှေ့ယမ်းပြကာ မြင်းလှည်းမောင်းနှင်လာရန် အချက်ပြလိုက်ခြင်း ဖြစ်သည်။

မြင်းခွာသံများ ထွက်ပေါ်လာပြီး မြင်းလှည်းသည် မြက်ခင်းပြင်ကို ကျော်ဖြတ်လာလေသည်။

ယို့ကျားနှင့် ဝမ်းစုတို့က မြင်းလှည်းမောင်းနှင်လာသည်ကို ကြည့်ကာ နဖူးပေါ်မှ ချွေးများ သုတ်လိုက်ကြ၏။

သူတို့သည် တစ်ညလုံး မရပ်မနား ခရီးနှင်လာခဲ့ရခြင်း

ကြောင့် မောပန်းနွမ်းနယ်နေကြသလို ဆာလောင်မွတ်သိပ်နေကြပြီ ဖြစ်လေသည်။

ယို့ကျား က...

"ကျုပ်တို့ စားစရာ သောက်စရာ ရနိုင်တဲ့ တစ်နေရာရာ ရှာပြီး နားကြရင် ကောင်းမယ် ထင်တယ်"

ဟုပြောလိုက်၏။

ဝမ်းစုက သဘောတူသည့် အနေနှင့် ခေါင်းညိတ်ပြလိုက်၏။

သူတို့နှစ်ယောက်က မြင်းလှည်းမောင်းနှင်လာနေသည်ကို လှမ်းကြည့်လိုက်ကြပြန်သည်။

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာလေ သည်။

ရုတ်တရက် မြက်ပင်ရှည်များကြားမှ အနက်ရောင်ဝတ်ဆင် ထားသူများ အလျှိုလျှို ခုန်ထွက်လာကြ၏။

ထိုလူများသည် ဓားကိုယ်စီ ကိုင်ဆောင်ထားကြပြီး မြင်း လှည်းကို တဟုန်ထိုး တိုက်ခိုက်လိုက်ကြတော့သည်။

"ဟာ"

ယို့ကျား လွတ်ခနဲ အော်လိုက်၏။

ဝမ်းစုက...

"တို့ ထောင်ချောက်ထဲ ရောက်နေပြီ"

ဟုပြောလေသည်။

ယို့ကျား က...



"မဖြစ်ဘူး၊ သူတို့ကို သွားပြီး ကူညီမှ ဖြစ်မယ်"

ပြောပြီး မြင်းကို နောက်ကြောင်းပြန်လှည့်ကာ ဒုန်းစိုင်း မောင်းထွက်သွားလေသည်။

ဝမ်းစုက နောက်မှ လိုက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ် တောအုပ်ထဲမှ အနက်ရောင်ဝတ်ဆင်ထားသူတစ်စု ပြေးထွက်လာကြပြီး သူ့အား ဝိုင်းရံထားလိုက်ကြ၏။

ဝမ်းစုမှာ ယို့ကျားနောက်သို့ လိုက်မသွားနိုင်တော့ဘဲ အနက်ရောင်ဝတ်ဆင်ထားသူများနှင့် ရင်ဆိုင်လိုက်ရလေတော့ သည်။

နေရောင်အောက်တွင် ဓားရောင်များ ဝင်းလက်သွားလေ သည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည် မြက်ပင်များကြား မှ ရုတ်ခြည်း ထွက်ပေါ်လာကြပြီး မြင်းလှည်းအား ဝိုင်းရံတိုက်ခိုက် လိုက်ကြသည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးသည် အန္တရာယ်နှင့် ရုတ်တရက် ရင်ဆိုင်လိုက်ရသော်လည်း ကြောက်ရွံ့ထိတ်လန့်သွား ဟန် အလျဉ်းမရှိပါချေ။

လှုပ်လှုပ်ရှားရှား ဖြစ်မသွားဘဲ မြင်းရိုက်သည့် ကျာပွတ်ဖြင့် ဝှေယမ်းကာ ရိုက်ချလိုက်လေသည်။

သူမသည် အချိန်မရွေး အန္တရာယ်နှင့် ကြုံတွေ့နိုင်သည်ကို ကောင်းစွာ သဘောပေါက်ထားဟန် ရှိသည်။

သူမ၏တည်ငြိမ်မှုသည် အနက်ရောင်ဝတ်ဆင်ထားသူများအား ဖရိုဖရဲ ဖြစ်သွားစေတော့သည်။

"ရွှမ်း"

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

သူမ၏ကျာပွတ်သည် အနက်ရောင်ဝတ်ဆင်ထားသူများ၏ ခြေထောက်၊ လက်နှင့် မျက်နှာများပေါ်သို့ အဆက်မပြတ် ကျရောက်သွား၏။

ကျာပွတ်ရိုက်ချက်ကြောင့် လွင့်စဉ်သွားသော ဓားများသည် အခြားသော အနက်ရောင်ဝတ်ဆင်ထားသူများ၏ ခန္ဓာကိုယ်တွင် စိုက်ဝင်သွား၏။

အနက်ရောင်ဝတ်ဆင်ထားသူများသည် လူအင်အားဖြင့် တရကြမ်း ဝိုင်းရံတိုက်ခိုက်လိုက်ကြပါသော်လည်း မြင်းလှည်းမောင်းသည့် မိန်းကလေး၏ကျာပွတ်အောက်တွင် ဖရိုဖရဲ ဖြစ်သွားကြ၏။

ထိုစဉ်မှာပင်...

"ဝုန်း"

ကျယ်လောင်သော မြည်သံတစ်ချက်နှင့်အတူ မြင်းလှည်းတံခါး ပွင့်သွားသည်။

အတွင်းဘက်မှ ကျင်းကျင်းက ဓားတစ်လက် ဝှေ့ယမ်းကာ



ခုန်ထွက်လာလေ၏။

သူမသည် အပြင်ဘက် ရောက်သည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူများအား အညှာအတာ ကင်းမဲ့စွာ တိုက်ခိုက်လိုက်၏။

"ဝုန်း"

"အား"

အမယ်လေး"

ဓားရောင်များ တဖျတ်ဖျတ် ဝင်းလက်သွားသည်။

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ဆင်သူများသည် မြင်းလှည်းမောင်းသည့် မိန်းကလေး၏လက်ချက်ကြောင့် ဒုက္ခရောက်နေသည့်ကြားထဲ ကျင်းကျင်းကပါ ကိုယ်တိုင်ကိုယ်ကျ ဓွင်ရောက်တိုက်ခိုက်လိုက်ကြသဖြင့် ပို၍ ကစဉ့်ကလျား ဖြစ်သွားကြလေတော့သည်။

ထိုအချိန်တွင်...

"ခွပ်ခွပ်..ခွပ်ခွပ်"

"ခွေးကောင်တွေ သေပေတော့"

မြင်းခွာသံ၊ အော်ငေါက်သံနှင့်အတူ ယို့ကျားက မြင်းဒုန်းစိုင်း စီးနင်းလာရင်း ဓားတစ်လက်ဖြင့် တရကြမ်း ထိုးဖောက်တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုကိုပါ ခံလိုက်ရသောအခါ အနက်ရောင်ဝတ်ဆင်ထားသူ များသော်လည်း ဆောက်တည်ရာ မရတော့ဘဲ...

"ပြေးဟေ့..ပြေးပြေး"

တစ်ယောက်တစ်ပေါက် အော်ဟစ်ကာ ထွက်ပြေးကြတော့သည်။

တိုက်ပွဲသည် ရုတ်ခြည်း ဖြစ်ပေါ်လာပြီး တဒင်္ဂအတွင်းမှာပင် အနိုင်အရှုံး ကွဲကွဲပြားပြား သိမြင်လာနိုင်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများမှာ လူအင်အားဖြင့် အလစ်ဝင်ရောက် တိုက်ခိုက်ကြပါသော်လည်း မယှဉ်နိုင်ဘဲ ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် ထွက်ပြေးကုန်ကြသည်။

တိုက်ပွဲမှာ တခဏအတွင်း ပြီးဆုံးသွားလေသည်။

ယို့ကျားက မြင်းပေါ်မှ ခုန်ဆင်းကာ မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားပြီး…

"သခင်မလေး ဘာမှ မဖြစ်ဘူးနော်"

ဟုမေးလိုက်သည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးကား ထုံစံအတိုင်း မလှုပ်မယှက် ထိုင်နေသည်။

ကျင်းကျင်းမှာမူ ဒေါသထွက်ကာ မျက်နှာနီရဲနေသည်။

ယို့ကျားကို မကျေမနပ်ကြည့်ပြီး…

"ရှင်တော်တော် ညံ့ဖျင်းတာပဲ၊ သူတို့တွေ ပုန်းနေတာ ရှင် မသိဘူးလား"

ဟုပြစ်တင်ပြောဆိုလိုက်သည်။

ယို့ကျား မကျေမနပ် ဖြစ်သွားသည်။

"ကျုပ် မသိလို့ပေါ့၊ သိရင် ဘယ်လာ လက်ပိုက်ကြည့်နေပါ့မလဲ"



ဟုပြန်ပြောလိုက်သည်။

ကျင်းကျင်းက…

"သည်အတိုင်းဆိုရင် ရှင်တို့နဲ့လဲ မဖြစ်ဘူး ထင်တယ်"

"ဘာဗျ"

"ရွှေကျားအာမခံဌာနဟာ နာမည်ပဲ ရှိတယ်၊ လူတွေက ဘာမှ အသုံးမကျဘူးဆိုတာ ထင်ရှားနေတယ်ရှင့်"

"သခင်မလေး၊ ခင်ဗျား စကားပြောတာ ကြည့်ပြောရင် ကောင်းမယ်"

"ဘာလဲ ကျွန်မပြောတာ မဟုတ်လို့လား"

ယို့ကျားသည် မောက်မာလွန်းသည့် ကျင်းကျင်းအား တဖြည်းဖြည်း သဘောမကျနိုင်တော့ဘဲ ဖြစ်လာရသည်။

ထိုစဉ်…

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

ဝမ်းစုက မြင်းဒုန်းစိုင်းနှင်ကာ ပြန်လည်ရောက်ရှိလာသည်။

ကျင်းကျင်းက…

"ရှင် ဘယ်သွားနေတာလဲ"

ဟုဆီး၍ ငေါက်ငမ်းလိုက်၏။

ဝမ်းစု မျက်နှာ မကြည်မသာ ဖြစ်သွားသည်။

သို့သော် ဒေါသကို ထိန်းချုပ်ထားလိုက်ပြီး…

"ကျုပ်ကို ရန်သူတွေက ဝိုင်းပြီး တိုက်ခိုက်ခဲ့တယ်လေဗျာ၊ ကျုပ်က ပြန်ပြီး တိုက်ခိုက်တော့မှ သူတို့ ကိုယ်လွတ်ရုန်း ပြေးသွားကြတယ်"

ဟုပြောပြလိုက်သည်။

ကျင်းကျင်းက...

"ဒါနောက်ဆုံး အကြိမ်ပဲ ဖြစ်ပါစေ၊ ရှင်တို့ကို ဘယ်လိုမှ အားကိုးလို့ မရဘူးဆိုရင် ရှေ့ဆက်ခေါ်သွားလို့လဲ အကြောင်းထူးမှာ မဟုတ်ဘူး၊ လမ်းခွဲသွားကြရုံပဲ၊ နောက်တစ်ခါဆိုရင် ကျွန်မ ထပ်မပြောတော့ဘူး၊ ကဲ သွားကြစို့"

စကားဆုံးလျှင် မြင်းလှည်းပေါ် ခုန်တက်ကာ တံခါးကို ဝုန်းခနဲ မြည်အောင် ဆောင့်ပိတ်လိုက်သည်။

ယို့ကျားနှင့် ဝမ်းစုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ယို့ကျားက...

"သူတော်တော် မောက်မာတာပဲ၊ ကျုပ်တို့ဆီကို လာပြီး အကူအညီ တောင်းတုန်းက သည်ပုံစံမျိုး မဟုတ်ဘူး"

ဟုပြောလိုက်လေသည်။

ဝမ်းစု သက်ပြင်းချလိုက်သည်။

"ကျုပ်ကလည်း သူစော်ကားတာ ခေါင်းငုံ့ခံနေမှာ မဟုတ်ပါဘူး၊ သူ့အဖေသာ မရှိရင် ကျုပ်က သူနဲ့ လမ်းခွဲသွားတာ ကြာပြီ၊ ဒါတွေ ပြောမနေပါနဲ့တော့၊ လမ်းဆုံးအထိ လိုက်ပို့ပေးဖို့က ကျုပ်တို့တာဝန်ပဲ၊ သွားကြရအောင်"



ပြောပြီး မြင်းကို တစ်ဖက်သို့ ပြန်လှည့်လိုက်သည်။

ယို့ကျား မကျေမနပ် ဖြစ်နေသည်။

ဝမ်းစုနှင့် ကျင်းကျင်း၏ဖခင်မှာ တစ်နည်းနည်း ပတ်သက်နေနိုင်သည်ဟု ဆင်ခြင်မိသည်။

ထို့ကြောင့်သာလျှင် ဘာမှ မပြောတော့ဘဲ မြင်းပေါ် ခုန်တက်လိုက်သည်။

ထို့နောက် မြင်းပေါ် ခုန်တက်ကာ ဝမ်းစုနှင့် ပခုံးချင်း ယှဉ်၍ မောင်းနှင်သွားသည်။

ကျင်းကျင်း၏မြင်းလှည်းက သူတို့နောက်မှ လိုက်ပါလာသည်။

သူတို့သည် တောတောင် အထပ်ထပ်ကို ကျော်ဖြတ်လာခဲ့ကြရာ နေဝင်ဆည်းဆာအချိန်တွင် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာကြလေတော့သည်။

မြို့ကလေးမှာ တိတ်တိတ်ဆိတ်ဆိတ် ရှိသော မြို့ကလေးဖြစ်၏။

မြို့၏လမ်းပေါ်၌ လူရှင်းနေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်ရှိ စားသောက်ဆိုင်များမှာ တံခါးများ ပိတ်ထားကြသည်ကို တွေ့ရ၏။

အချို့အိမ်များမှ လူများသည် မြင်းခွာသံများကြောင့် တံခါးဖွင့်ကြည့်လာကြပြီး ကျင်းကျင်း စီးနှင်းလိုက်ပါလာသည့် မြင်းလှည်း

ကို မြင်လျှင် ချက်ချင်း တံခါးပိတ်ထားလိုက်ကြလေသည်။

ယို့ကျားနှင့် ဝမ်းစုတို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်မိကြသည်။

ဝမ်းစုက…

"ထူးတော့ထူးတယ်"

ဟုပြောလိုက်သည်။

ယို့ကျား ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ အခြေအနေ မဟန်ဘူး၊ မြို့သူမြို့သားတွေဟာ တစ်ခုခုကို ကြောက်လန့်နေကြပုံပဲ"

"ဘာကို ကြောက်လန့်နေကြတယ်လို့ ခင်ဗျား ထင်သလဲ"

"ကျုပ်တို့ကို ဒုက္ခပေးမယ့်လူကိုပေါ့"

ယို့ကျားက တုံးတိတိ ဖြေလိုက်သည်။

ဝမ်းစု ပါးစပ်ပိတ်ထားလိုက်လေသည်။

ယို့ကျားက နောက်မှ အရှိန်မှန်မှန်ဖြင့် မောင်းနှင်လျက်လိုက်ပါလာသည့် မြင်းလှည်းကို လှည့်ကြည့်လိုက်ပြီး…

"ကျုပ်တော့ ဖြည်းဖြည်း စိတ်ကုန်လာပြီ"

ဟုညည်းညူလိုက်လေသည်။

ထိုစဉ် ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မြို့ထဲမှာ စားစရာ သောက်စရာ တစ်ခုခု ရနိုင်မယ့် နေရာ စုံစမ်းကြည့်ပါ၊ စားစရာဝယ်ခြမ်းပြီး ရှေ့ခရီးဆက်မယ်"



ယို့ကျား မကျေမနပ် ဖြစ်သွားသည်။

မြင်းလှည်းဘက်ကို မျက်နှာမူကာ…

"ကျုပ်တို့ မနားကြတော့ဘူးလား"

ဟုမေးလိုက်မိသည်။

ကျင်းကျင်းက…

"ဟုတ်တယ်၊ ကျွန်မတို့ ရှေ့ခရီးဆက်ဖို့ အရေးကြီးနေတယ်၊ နားလို့ မဖြစ်ဘူး၊ စားစရာ သောက်စရာတွေ ဝယ်ပြီး ရှေ့ဆက်မယ်"

ယို့ကျားက မကျေနပ်ဘဲ ကန့်ကွက်ရန် ဟန်ပြင်လိုက်၏။

တစ်ညလုံး တစ်နေ့လုံး ခရီးနှင်လာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်လေသည်။

သို့သော် သူသည် ချက်ချင်း စိတ်ထားပြောင်းလဲသွားဟန်ဖြင့် ဘာမှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်းစုက…

"တို့တစ်တွေ စားသောက်စရာ သွားရှာရအောင်"

ဟုပြောလိုက်သည်တွင် ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

သူတို့နှစ်ယောက်သည် ပိတ်ထားသည့် စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ လျှောက်သွားကြပြီး တံခါးခေါက်လိုက်သည်။

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင်…

"ဘယ်သူလဲ"

မေးသံနှင့်အတူ တံခါးပွင့်လာသည်။

အသက်ခြောက်ဆယ်ခန့် ရှိသော အဘိုးအိုတစ်ယောက် လှမ်းထွက်လာလေသည်။

ယို့ကျားက...

"ကျုပ်တို့ စားစရာ သောက်စရာ ဝယ်ချင်လို့ပါ"

ဟုပြောလိုက်သည်။

အဘိုးအို မျက်နှာပျက်သွား၏။

လူစိမ်းများ ဖြစ်ကြသည်ကို တွေ့မြင်သွားလျှင် ချက်ချင်း အထဲသို့ ပြန်ဝင်ကာ တံခါးပိတ်ထားလိုက်လေသည်။

ယို့ကျား ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘယ်လိုဖြစ်တာလဲ"

ဟုနားမလည်နိုင်သော လေသံဖြင့် ပြောလေသည်။

ဝမ်းစုက...

"သူက မရောင်းချင်ဘူးဆိုရင် နောက်တစ်ဆိုင် ပြောင်းကြတာပေါ့"

သူတို့နှစ်ယောက် အခြားသော စားသောက်ဆိုင်များဆီသို့ ခြေဦးလှည့်ကြ၏။

စားသောက်ဆိုင်တစ်ဆိုင်က သူတို့အား တံခါးဖွင့်မပေးဘဲ ရောင်းချစရာ ဘာမှမရှိဟု ပြောလိုက်၏။

အခြားသုံးလေးဆိုင်လည်း ထိုသို့ပင်။

ဆိုင်တစ်ဆိုင်ကမှ တံခါးလည်း ဖွင့်မပေး။ သူတို့ ခေါ်သည်ကိုလည်း မထူးဘဲ မြုံနေကြ၏။



ဝမ်းစုနှင့် ယို့ကျားတို့ စိတ်ပျက်သွားကြလေသည်။

ဝမ်းစုက...

"သူတို့မှာ ရောင်းစရာတွေ ရှိလျက်နဲ့ ဘာကြောင့် မရောင်းကြတာလဲ"

ဟုညည်းညူလိုက်၏။

ယို့ကျားက...

"သူတို့ကို တစ်ယောက်ယောက်က ခြိမ်းခြောက်ထားလို့ ဖြစ်မှာပေါ့"

"ဘယ်သူလဲ"

ထိုစဉ် လမ်းတစ်ဘက်မှ ငြိမ့်ညောင်းသာယာသော တေးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းစုနှင့် ယို့ကျားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် တေးသံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ ခပ်သွက်သွက် လျှောက်သွားကြလေတော့သည်။

တေးသံများ ထွက်ပေါ်နေသည်။

ခမ်းနားလှပစွာ ပြင်ဆင်ထားသည့် အဆောက်အအုံကြီး တစ်လုံးမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။

ထိုအဆောက်အအုံ၏ရှေ့တွင် သစ်လွင်တောက်ပစွာ ဝတ်ဆင်ထားသည့် ဆိုင်လုလင်နှစ်ယောက် ပြုံးရွှင်သော မျက်နှာထားဖြင့် ရပ်နေကြ၏။

သူတို့၏အပေါ်ဘက် အဆောက်အအုံအဝင်ဝ၌...

"ပျော်စရာဗိမာန်"

ဟုရေးသားထားသည့် ဆိုင်းဘုတ် ချိတ်ဆွဲထားလေသည်။

ဝမ်းစုနှင့် ယို့ကျားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ဝမ်းစုက...

"စားသောက်ဆိုင်တစ်ဆိုင်ပါလား"

ဟုပြောလိုက်၏။

ယို့ကျားက...

"တစ်မြို့လုံး ရှိသမျှ စားသောက်ဆိုင်တွေ အကုန်လုံး ပိတ်ထားပြီး သည်ဆိုင်ကတော့ ဖွင့်ထားတယ်၊ ကျုပ်တို့ကို သည်ဆိုင်သွားစေချင်လို့ ဆိုတာ ထင်ရှားနေပြီ"

"သွားစေချင်ရင်လဲ သွားရတာပေ့ါ"

စကားဆုံးလျှင် ဝမ်းစုက ခပ်သွက်သွက်ကလေး လှမ်းသွားလေသည်။

ယို့ကျားက နောက်မှ လိုက်သွား၏။

သူတို့နှစ်ယောက် ဆိုင်ရှေ့သို့ ရောက်သွားကြလျှင် ဆိုင်လုလင်နှစ်ယောက်က ဝမ်းသာအားရ ဆီးကြိုလိုက်ကြလေသည်။

"ကြွပါခင်ဗျာ ကြွပါ၊ ကျွန်တော်တို့ စားသောက်ဆိုင်မှာ လူကြီးမင်းတို့ စိတ်ကြိုက် တည်းခိုစားသောက်နိုင်ပါတယ်"

ဝမ်းစု ပြုံးလိုက်သည်။



"တို့က သည်မှာ တည်းခိုမှာမဟုတ်ဘူးကွ၊ စားစရာသောက်စရာ ဝယ်ချင်လို့ လာတာ"

ဆိုင်လုလင်နှစ်ယောက် အံ့သြသွားပုံရ၏။

တစ်ယောက်က...

"ဆရာကြီးတို့ကို ကြည့်ရတာ ခရီးဝေးက လာခဲ့ပုံရပါတယ်၊ သည်မြို့နဲ့ စိမ်းတဲ့လူတွေဆိုတာ ထင်ရှားပါတယ်၊ မိုးကြီးချုပ်ကာနီးနေတာတောင် အနားမယူကြသေးဘူးလားဗျာ၊ ကျွန်တော်တို့ စားသောက်ဆိုင်ဟာ အကောင်းဆုံး အစားအသောက်နဲ့ အကောင်းဆုံးတည်းခိုခန်း ရနိုင်ပါတယ်"

ဝမ်းစုက...

"ငါတို့က စားစရာ သောက်စရာတွေပဲ ဝယ်သွားချင်တယ်"

ဟုထပ်ပြောလိုက်၏။

ဆိုင်လုလင်နှစ်ယောက်၏ မျက်နှာပေါ်ဝယ် ပြုံးရွှင်သောအမူအရာများ ကွယ်ပျောက်သွားလေသည်။

ဝမ်းစုက...

"စားရာတစ်ချို့ကို သေသေချာချာ လုံအောင် ထုတ်ပေးပါ"

ပြောပြောဆိုဆို ငွေတစ်တုံး ထုတ်ပေးလိုက်လေသည်။

ဆိုင်လုလင်သည် မယူချင့် ယူချင်ဖြင့် လှမ်းယူလိုက်၏။

ထို့နောက် ဆိုင်ထဲသို့ ဝင်သွားလေသည်။

ကျန်ဆိုင်လုလင်တစ်ယောက်က...

"အထဲဝင်ကြပါ ခင်ဗျာ"

ဟုရိုရိုသေသေ ဖိတ်ခေါ်လေသည်။

သို့သော် ဝမ်းစုက ခေါင်းယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ ကျုပ်တို့ သည်မှာပဲ စောင့်နေမယ်"

ဆိုင်လုရှောင် စိတ်ပျက်သွားသည်။

မကြာပါချေ။ အတွင်းဘက်သို့ ဝင်သွားသော ဆိုင်လုလင်သည် စားသောက်စရာ အထုပ်များဆွဲကာ ပြန်ထွက်လာလေသည်။

ဝမ်းစုကို လှမ်းပေးရင်း...

"ဆရာကြီးတို့ ဆိုင်ထဲမှာ နားနားနေနေ စားသောက်ကြမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော်တို့လဲ ဧည့်ဝတ်ကျေနိုင်တာပေါ့။ အခုတော့.."

ဝမ်းစုက...

"ကိစ္စမရှိဘူး"

သူက နှုတ်ဆက်စကားပင် မဆိုဘဲ လှည့်ထွက်ခဲ့လေသည်။

ယို့ကျားကလည်း နောက်မှ လိုက်သွား၏။

သူတို့နှစ်ယောက် ထွက်သွားချိန်ဝယ် ဆိုင်ထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်။

ထိုလူမှာ ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

အသားမည်းကြုတ်ကြုတ်ရှိသူ ဖြစ်သည်။

အသက်အရွယ်အားဖြင့် လေးဆယ်ခန့် ရှိလေသည်။

ထိုလူကို မြင်လျှင် ဆိုင်လုလင်နှစ်ယောက် ကပျာကယာ အရိုအသေ ပေးလိုက်ကြသည်။



ထိုလူက...

"သူတို့က ရိပ်မိနေတာပဲ"

ဟုပြောလိုက်၏။

ဆိုင်လုလင်နှစ်ယောက်အနက် တစ်ယောက်က...

"ရွှေကျားအာမခံဌာနပိုင်ရှင် ဝမ်းစုဟာ အတွေ့အကြုံများတဲ့ လူတစ်ယောက်ပါ၊ တစ်ခြား စားသောက်ဆိုင်တွေ ပိတ်ထားပြီး ကျွန်တော်တို့ ဆိုင်တစ်ဆိုင်ထဲ ဖွင့်ထားတယ်ဆိုတော့.."

သူ၏စကားမဆုံးမီ မည်းမည်းကြုတ်ကြုတ်လူက ကြားဖြတ်ပြောလိုက်သည်။

"မြို့ထဲက လူတွေ အတော့်ကို အသုံးမကျဘူး၊ လူစိမ်းရောက်လာရင် အကြောင်းအမျိုးမျိုးပြပြီး လက်မခံဖို့ ပြောထားတာ၊ အခုတော့ ဆိုင်တွေ အားလုံး ပိတ်ထားကြတယ်၊ ဝမ်းစုတို့ ရိပ်မိစရာ ဖြစ်သွားတာပေါ့၊ နေနှင့်ဦးပေါ့၊ ဝမ်းစုတို့နဲ့ ကိစ္စပြတ်မှ သူတို့ကို ကောင်းကောင်းကြီး ဆုံးမရဦးမယ်"

ဆိုင်လုလင်နှစ်ယောက်လည်း ကျေနပ်သွားဟန် ရှိလေသည်။

ထိုလူက...

"သူတို့ တို့ဆီကို မလာရင် တို့က သူတို့ဆီကို သွားရြတာပေါ့"

စကားဆုံးလျှင် ခပ်သွက်သွက် လှမ်းထွက်သွား၏။

ဆိုင်လုလင်နှစ်ယောက်လည်း သူ့နောက်မှ ထပ်ကြပ်မကွာ

လိုက်ပါသွားကြလေသည်။

“ရပ်တော့”

ကျင်းကျင်း၏အမိန့်ပေးသံ ထွက်ပေါ်လာသည်။

ယို့ကျားနှင့် ဝမ်းစုတို့က လှည့်ကြည့်လိုက်ကြလေသည်။

မြင်းလှည်းသည် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်ဝယ် ရပ်တန့်လိုက်ပြီ ဖြစ်လေသည်။

ယို့ကျားနှင့် ဝမ်းစုတို့လည်း ရပ်တန့်လိုက်ကြ၏။

မြင်းလှည်းတံခါး ပွင့်သွားပြီး ကျင်းကျင်း ဆင်းလာသည်ကို တွေ့ရလေသည်။

ကျင်းကျင်းက...

“ကျွန်မတို့နောက်မှာ ခြေရာခံလိုက်တဲ့လူ ရှိနေပြီ”

ဟုပြောလိုက်၏။

ယို့ကျားနှင့် ဝမ်းစုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကျင်းကျင်းက...

“ရှင်တို့ ဝယ်လာတဲ့ စားစရာတွေကို တစ်နေရာရာမှာ သွားပြီး သွန်ပစ်လိုက်ပါ၊ စားစရာထည့်တဲ့ အိတ်တွေကိုတော့ ပြန်ယူခဲ့၊ အိတ်တွေကို မြေပေါ်ချထားမယ်၊ ကျွန်မဟို့က အစားအစာတွေ စားပြီး ဒုက္ခရောက်ချင်ဟန်ဆောင်နေမယ်”

ရန်သူများအား အငိုက်ဖမ်းရန် အကောင်းဆုံး အကြံအစည်ဖြစ်ကြောင်း ယို့ကျားနှင့် ဝမ်းစုတို့ နားလည်လိုက်ကြလေသည်။



ထို့ကြောင့် ကျင်းကျင်း ပြောသည့်အတိုင်း ခပ်သွက်သွက် ပြုလုပ်လိုက်ကြလေသည်။

ကျင်းကျင်းက...

“ကျွန်မက မြင်းလှည်းဘေးမှာ နေမယ်၊ ရှင်တို့နှစ်ယောက်က ဟိုရှေ့က သစ်ပင်အောက်မှာ နေကြပါ၊ ရန်သူ အနီးအနားကို ရောက်တဲ့အထိ စောင့်ပြီးမှ လှုပ်ရှားကြမယ်”

စကားဆုံးလျှင် သူမသည် မြင်းလှည်းဘေး၌ ထိုင်ချကာ မြင်းလှည်းအိမ်ကို မှီထားလိုက်လေသည်။

အဝေးမှ ရုတ်တရက် ကြည့်လျှင် ကျင်းကျင်းသည် မလှုပ်မယှက် ရှိနေပြီး အဆိပ် သို့မဟုတ် မေ့ဆေးမိနေသည်ဟု ထင်မှတ်ရမည် ဖြစ်ပေသည်။

ဝမ်းစုနှင့် ယို့ကျားတို့ သဘောကျသွားကြ၏။

သူတို့သည် သစ်ပင်ကြီးတစ်ပင်ကို ကျောမှီကာထိုင်ချလိုက်ကြ၏။

သူတို့ စကားလည်းမပြော လှုပ်လည်းမလှုပ်ကြဘဲ ကျောက်ရုပ်များပမာ ငြိမ်နေလိုက်ကြ၏။

မြင်းလှည်းပေါ်မှ မိန်းကလေးသည်လည်း မြင်းလှည်းပေါ်၌ ကျောက်ရုပ်ပမာ ရှိနေ၏။

လေပြည်လေညင်း ဝေ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်များ တစ်ဖျတ်ဖျတ် လှုပ်ခါသွားသည်။

ကောင်းကင်ပေါ်ဝယ် လဝန်း ထွက်ပေါ်လာပြီ ဖြစ်လေ

သည်။ လရောင်ဖြာကျနေသဖြင့် ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေပေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အတန်ကြာမှ ရုတ်တရက် သစ်ပင်ရိပ်များကြားမှ လူရိပ်သုံးခု ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"သူတို့ လာပြီ"

ယို့ကျားက တီးတိုးပြောလိုက်၏။

ဝမ်းစုက...

"စကားမပြောနဲ့ ငြိမ်ငြိမ်နေ"

ဟုသတိပေးလိုက်သည်။

ယို့ကျား ပါးစပ်ပိတ်ထားလိုက်သည်။

လူရိပ်သုံးခုသည် လျှင်မြန်စွာ ချဉ်းကပ်လာနေကြပါသည်။

မကြာမီ ဝမ်းစုတို့ အနီးသို့ ရောက်ရှိလာကြလေသည်။

လရောင်အားဖြင့် ထိုလူသုံးယောက်မှာ **ဆိုင်လုလင်နှစ်ယောက်**နှင့် အသားမည်းကြုတ်ကြုတ် ရှိသူတစ်ယောက် ဖြစ်ကြောင်း တွေ့ရ၏။

ယို့ကျား ကျိတ်ပြုံးလိုက်သည်။

သူတို့၏အတွေး မှန်ကန်နေသည် မဟုတ်ပါလား။

ဆိုင်လုလင်နှစ်ယောက်နှင့် အသားမည်းကြုတ်ကြုတ်လူသည် ရှေ့သို့ လျှင်မြန်စွာ တိုးလာလေသည်။

သူတို့သုံးယောက် အနီးသို့ ရောက်လာသည်နှင့် ကျင်းကျင်းက စတင်လှုပ်ရှားလိုက်လေသည်။

"ဘယ်ပြေးမလဲ"

သူမသည် ထိုင်နေရာမှ ခုန်ထလာပြီး တိုက်ခိုက်လိုက်၏။

ယို့ကျားနှင့် ဝမ်းစုတို့သည် ခပ်သွက်သွက် လှုပ်ရှားလိုက်ကြလေသည်။

သူတို့သုံးယောက် တိုက်ခိုက်လာသည်ကို မြင်လျှင် ဆိုင်လုလင်တို့လူစုမှာ ထိတ်လန့်သွားကြလေသည်။

"ပြေးဟေ့..ပြေးပြေး"

အော်ပြောရင်း ချာခနဲ လှည့်ပြေးသွားလေသည်။

"ပြေးလို့ လွတ်မလား"

ကျင်းကျင်းက တရကြမ်း တိုက်ခိုက်လိုက်၏။

သူမ၏တိုက်ခိုက်မှုမှာ လျှပ်ပြက်သလို မြန်လွန်းလှသည် ဖြစ်ရကား...

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံများနှင့်အတူ ဆိုင်လုလင်နှစ်ယောက် မြေပေါ် လဲကျသွားလေသည်။

အသားမည်းကြုတ်ကြုတ်လူမှာလည်း ပြေးမလွတ်တော့ချေ။

ထိုလူ အံတင်းတင်းကြိတ်ကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သို့သော် ကျင်းကျင်း၏တိုက်ခိုက်မှုကို မခံနိုင်ဘဲ...

"အင့်"

မသဲမကွဲ ညည်းကာ မြေပေါ် ဖင်ထိုင်ကျသွား၏။

ကျင်းကျင်းက ဓားတစ်လက်ဖြင့် သူ၏လည်ပင်းကို ထောက်ထားလိုက်လေသည်။

ထိုလူမှာ ကြောက်လန့်ကာ တောင်းပန်လေတော့သည်။

"ကျုပ်..ကျုပ်ကို မသတ်ပါနဲ့ဗျာ"

ကျင်းကျင်း ပြုံးလိုက်သည်။

"မသတ်ပါနဲ့ ဟုတ်လား၊ ရှင်ကတော့ ကျွန်မတို့ကို သတ်ပစ်ဖို့ ကြိုးစားခဲ့တယ် မဟုတ်လား"

"ကျုပ်..ကျုပ် မကြိုးစားပါဘူး"

"ဘာရှင့်"

"ကျုပ်..ကျုပ် ခင်ဗျားတို့ကို သတ်ဖို့ မကြိုးစားပါဘူးဗျာ"

ကျင်းကျင်း နှာခေါင်းရှုံ့လိုက်၏။

"ဒါဖြင့် အစားအစာတွေ အဆိပ်ခတ်ထားတာကကော"

"အဆိပ်မခတ်ပါဘူး၊ မေ့ဆေးပါဗျာ"

"ဩော် မေ့ဆေး ဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်"

"ကဲ ပြောစမ်းပါဦး၊ မေ့ဆေးခတ်ပြီး ကျွန်မတို့ကို ဘာများလုပ်မလို့လဲ"

ကျင်းကျင်း၏မျက်နှာ ခက်ထန်တင်းမာနေလေသည်။



ထိုလူမှာ လွန်စွာမှပင် ကြောက်ရွံ့ထိတ်လန့်နေ၏။

ကျင်းကျင်းက...

"ကဲ ပြောစမ်း"

ဟုငေါက်လိုက်လေသည်။

"ခင်ဗျားတို့ကို ရောင်းစားမလို့ပါ"

"ဖြန်း"

ကျင်းကျင်း၏လက်တစ်ဘက် လှုပ်ရှားသွားသည်တွင် ထိုလူ၏ဦးခေါင်း လည်ထွက်သွားလေသည်။

သူ၏ပါးတွင် နီရဲသော လက်ငါးချောင်းရာ အထင်းသား ပေါ်လွင်နေလေသည်။

ကျင်းကျင်းက...

"ရှင်သေချင်နေပြီ ထင်တယ်"

ဒေါသတကြီး ပြောယင်း ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ယို့ကျားက...

"သခင်မလေး သူ့ကို မေးကြည့်ပါဦး၊ တစ်ယောက်ယောက်က ငွေပေးမယ်ဆိုလို့ သူက ကျုပ်တို့ကို ဖမ်းပြီး ရောင်းစားဖို့ ကြံစည်တာပဲ ဖြစ်ပါလိမ့်မယ်"

ဟုကပျာကယာ ဝင်ပြောလိုက်သည်။

ထိုအခါမှ ကျင်းကျင်း စိတ်လျှော့သွားလိုက်သည်။

"ကောင်းပြီ၊ ဘယ်သူက ကျွန်မတို့ကို ဝယ်ချင်ရတယ်ဆို

တာ ပြောစမ်း”

ဟုမေးလိုက်သည်။

ထိုလူမှာ အသက်သေရမည်ကို ကြောက်ရွံ့နေရကား အမှန်အတိုင်း ဖွင့်ပြောတော့သည်။

“ကျုပ်..ကျုပ်ကို ကျွဲကြီးက ခိုင်းတာပါဗျာ”

“ကျွဲကြီး ဟုတ်လား”

“မှန်ပါတယ်၊ သူက မိုင်သုံးဆယ် ပတ်လည်မှာ သူ့လူတွေကို လွှတ်ထားပါတယ်၊ ခင်ဗျားတို့လူစု ရောက်လာတာနဲ့ နည်းမျိုးစုံသုံးပြီး ဒုက္ခပေးကြမှာပဲ”

ကျင်းကျင်းက ယို့ကျားနှင့် ဝမ်းစုတို့ဘက် လှည့်ကြည့်လိုက်သည်။

ယို့ကျားက...

“သည်အတိုင်းဆိုရင် ဘယ်နေရာရာသွားသွား ကျွဲကြီးရဲ့လူတွေနဲ့ ရင်ဆိုင်ရမှာပဲ”

ဟုမှတ်ချက်ချလေသည်။

အသားမည်းကြုတ်ကြုတ်နှင့်လူက...

“ဟုတ်ပါတယ်ဗျာ”

ဟုထောက်ခံပြောဆိုလိုက်သည်။

ယို့ကျားက...

“ကျွဲကြီးနဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်တာ ကောင်းမယ်”



ဟုပြောလိုက်သည်။

အတွေ့အကြုံ ရင့်ကျက်နေပြီ ဖြစ်သည့် ဝမ်းစုကလည်း ထောက်ခံလိုက်သည်။

“ဟုတ်တယ်၊ ကျွဲကြီးနဲ့ တွေ့ပြီး ဆုံးမလိုက်တာ အေးလိမ့်မယ်၊ မဟုတ်ရင် တို့သွားတဲ့ လမ်းတစ်လျှောက်မှာ သူ့လူတွေ ဒုက္ခပေးတာ ရင်ဆိုင်နေရလိမ့်မယ်”

သူတို့၏စကားကြောင့် ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

ယို့ကျားကို ကြည့်ကာ...

“ကျွဲကြီးဆိုတဲ့လူနဲ့ ရင်ဆိုင်ကြမယ် ဟုတ်လား”

“ဟုတ်တယ်လေ”

“ဘာဖြစ်လို့လဲ ကျွန်မတို့ ခရီးဖင့်သွားမှာပေါ့”

“ကျွဲကြီးကို ရင်မဆိုင်ဘဲ ရှေ့ဆက်သွားမယ်ဆိုရင် ပိုပြီး ခရီးဖင့်စရာအကြောင်း ရှိပါတယ်”

ကျင်းကျင်းက သက်ပြင်းချရင်း မြင်းလှည်းမောင်းသည့် မိန်းကလေးဘက်သို့ လှည့်ကြည့်လိုက်သည်။

မြင်းလှည်းမောင်းသည့် မိန်းကလေးမှာ မတုန်မလှုပ် ကျောက်ရုပ်ပမာ ထိုင်နေဆဲ။

ယို့ကျားက...

“သခင်မလေး ဘယ်လိုသဘောရလဲ၊ ကျွဲကြီးကို ရှင်းပစ်ဖို့ အရေးကြီးတယ်ဗျ”

ဟုထပ်ပြောလိုက်သည်။

ကျင်းကျင်း မတတ်သာတော့ဘဲ လက်ခံလိုက်ရသည်။

"ကောင်းပြီလေ၊ ကျွဲကြီးဆိုတဲ့လူနဲ့ စာရင်းရှင်းကြတာပေါ့"

ယို့ကျားက အသားမည်းကြုတ်ကြုတ်နှင့်လူကို ကြည့်ကာ..

"ကဲ ကျွဲကြီး ဘယ်မှာ ရှိတယ်ဆိုတာ ပြောစမ်း"

ဟုမေးလိုက်သည်။

ထိုလူက...

"ကျုပ်..ကျုပ် မသိဘူး"

"ဘာ မင်းသေချင်ပြီ ထင်တယ်"

ထိုလူသည် ဆုပ်လဲစူး စားလဲရှူး ဘဝ ရောက်နေသည်။

ပြောပြလိုက်လျှင် ကျွဲကြီး၏ငြိုငြင်မှု ခံရမည် ဖြစ်ပြီး ပြော မပြဘဲနေလျှင် ကျင်းကျင်းတို့က သူ့အား ဒုက္ခပေးမည် ဖြစ်သည်။

ယို့ကျားက...

"မပြောဘဲနေရင် မင်းကို သက်ညှာနေစရာ မလိုတော့ဘူး"

ပြောပြောဆိုဆို လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်၏။

"အမယ်လေး မလုပ်ပါနဲ့ဗျ"

ထိုလူ အထိတ်တလန့် အော်ဟစ်လိုက်သည်။

သူ့အတွက် ရွေးချယ်စရာလမ်း မရှိတော့မှန်း ရိပ်မိလိုက် သဖြင့်...

"ကျုပ်..ကျုပ် ပြော..ပြောပါမယ်ဗျာ"

"ကောင်းပြီပြော"



"သူ..သူဟာ မြို့စွန်းက ကျွဲခြံမှာနေပါတယ်"

ယို့ကျား ကျင်းကျင်းကို လှည့်ကြည့်လိုက်သည်။

ကျင်းကျင်းက...

"သူ့ကို ခေါ်သွားပြီး လမ်းပြခိုင်းတာ ပိုကောင်းမယ်"

ဟုပြောလိုက်လေသည်။

ယို့ကျားနှင့် ဝမ်းစုတို့ သဘောတူလိုက်သည်။

"ကောင်းတယ်"

သူတို့သည် မြို့ထဲသို့ ဦးတည်ကာ ပြန်လည် ထွက်လာခဲ့ ကြလေသည်။

♣ ♣ ♣

လရောင်ဖြာကျနေသည်။

မြို့ကလေးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိချေပြီ။

လူရှင်းသော လမ်းကလေးအတိုင်း မြို့စွန်ဆီသို့ လူတစ်စု လျင်မြန်စွာ လှမ်းလာနေကြလေသည်။

ထိုလူစုမှာ ယို့ကျား၊ ဝမ်းစု၊ ကျင်းကျင်းနှင့် အသားမည်း ကြုတ်သူတို့ ဖြစ်ကြလေသည်။

ကျင်းကျင်း စီးနင်းလိုက်ပါခဲ့သော မြင်းလှည်းကိုမူ မြို့လယ် တွင် ထားပစ်ခဲ့လေသည်။

သူတို့လူစုသည် လမ်းကြားကလေးကို လျင်မြန်စွာ ဖြတ်

ကျော်လာပြီး ခြံဝင်းကြီးတစ်ခု အနီးသို့ ရောက်ရှိလာလေသည်။

အသားမည်းကြုတ်နေသူက…

"ကျွဲခြံဆိုတာ သည်ခြံပဲဗျ"

ဟုပြောလိုက်လေသည်။

ကျင်းကျင်း ပြုံးလိုက်လေသည်။

ထိုလူအား သွေးကြောပိတ်လိုက်လေသည်။

ထို့နောက် ယို့ကျားဘက်လှည့်ကာ…

"ကဲ ကျွန်မတို့ ဝင်သွားကြစို့"

ဟုပြောလိုက်လေသည်။

ယို့ကျားနှင့် ဝမ်းစုတို့လည်း ဘာမှမပြောဘဲ နောက်မှ လိုက်သွားကြလေသည်။

သူတို့သည် ခြံဝင်းအတွင်းသို့ တိတ်တဆိတ် ဝင်သွားကြလေသည်။

ခြံဝင်းအတွင်းဝယ် အဆောက်အအုံကြီးတစ်လုံး ရှိလေသည်။

အဆောက်အအုံ ပတ်လည်တွင် သစ်သားတန်းများ ရိုက်ထားရာ စကြံလမ်းများပမာ ရှုပ်ထွေးလျက် ရှိနေသည်။

ကျင်းကျင်းက ခပ်သွက်သွက် ပြေးဝင်သွားသည်။

အဆောက်အအုံမှာ တိတ်ဆိတ်မည်းမှောင်နေရာ လူရှိမှ ရှိပါလေစဟုပင် ထင်မှတ်ရလေသည်။

ကျင်းကျင်းတို့သည် တခဏအတွင်းပင် အဆောက်အအုံ



ကြီး အနီးသို့ ရောက်ရှိသွားကြလေသည်။

ကျင်းကျင်းက…

"ကျွဲကြီး ထွက်လာခဲ့စမ်း"

ဟုအော်ပြောလိုက်လေသည်။

သူမ၏အသံမှာ တိတ်ဆိတ်နေသည့် ညဥ့်ယံဝယ် ကျယ်လောင်စွာ ထိုးဖောက်ထွက်ပေါ်လာလေသည်။

ယို့ကျားနှင့် ဝမ်းစုတို့ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်ကြ၏။

ကျင်းကျင်းကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက်ကြလေသည်။

ကျင်းကျင်းက ထိုသို့ အော်ပြောမည် မထင်မှတ်ခဲ့ပါချေ။

ထိုသို့ အော်ပြောမည်ဆိုလျှင် သူတို့သည် ခြံဝင်းအတွင်းသို့ တိတ်တဆိတ် ဝင်လာစရာပင် မလိုချေ။

ကျင်းကျင်းမှာ မှန်းဆရခက်ပြီး လွန်စွာမှပင် ခုကျသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု နှစ်ယောက်စလုံး နားလည်သဘောပေါက်မိလိုက်ကြလေသည်။

ကျင်းကျင်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း တုံ့ပြန်သံ မကြားရပါချေ။

ကျင်းကျင်း မကျေမနပ် ဖြစ်သွားပြီး…

"ကျွဲကြီး၊ ရှင်သတ္တိမရှိဘူးလား၊ ထွက်လာခဲ့စမ်း"

ဟုထပ်မံအော်ပြောလိုက်လေသည်။

သူမ၏စကားသံ ထွက်ပေါ်လာသော်လည်း တုံ့ပြန်သံ

မကြားရပါချေ။

ကျင်းကျင်း မကျေမနပ် ဖြစ်သွားသည်။

ယို့ကျားက...

"သူထွက်မလာဘူးဆိုရင် သူ့ရဲ့ အဆောက်အအုံကို မီးရှို့ပစ်လိုက်ကြတာပေါ့"

ဟုခပ်သွက်သွက် ပြောလိုက်သည်။

♣ ♣ ♣

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ကျင်းကျင်းတို့က အခြေအနေ စောင့်ကြည့်နေကြသည်။

တိတ်ဆိတ်နေသော ဝန်းကျင်၌ သူတို့၏စကားသံများ ကျယ်လောင်နေသည်ဟု ဆိုရမည် ဖြစ်ပါသည်။

သူတို့ ပြောဆိုနေကြသော စကားများက အိမ်ထဲ၌ ရှိနေသူ ကြားရမည်သာ ဖြစ်လေသည်။

အိမ်ကို မီးရှို့ဖျက်ဆီးပစ်မည် ဆိုလျှင် မည်သူကမှ သည်းခံကြမည် မဟုတ်ပါ။

ချက်ချင်း ထွက်လာကာ ရင်ဆိုင်ကြလိမ့်မည်သာ ဖြစ်ပါသည်။

ထို့ကြောင့်...

အိမ်ထဲမှ လူသည် မခံမရပ်နိုင်ဖြစ်ကာ ထွက်လာပြီး ရင်



ဆိုင်ကြလိမ့်မည်ဟု ယုံကြည်ထားကြ၏။

သို့သော်...

မည်သူကမှ ထွက်လာသည်ကို မတွေ့ရပါချေ။

ကျင်းကျင်း ချောင်းတစ်ချက် ဟန့်လိုက်သည်။

သူမက ယို့ကျားအား ပြုံးပြလိုက်သည်။

ယို့ကျားက ကျယ်လောင်သော အသံဖြင့် ထပ်မံအော်ပြောလိုက်လေသည်။

"မင်းထွက်မလာဘူးဆိုယင်တော့ မင်းရဲ့အိမ်ကို မီးရှို့ပစ်ရမှာပဲ"

သူက တကယ့်ကို မီးရှို့ပစ်တော့မည့် လေသံမျိုးဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

အဆောက်အအုံအတွင်းဝယ် လူသူတစ်စုံတစ်ယောက် ရှိနေလျှင် သူတို့ ပြောသည့် စကားများကို ကောင်းစွာ ကြားသွားမည် ဖြစ်လေသည်။

တုံ့ပြန်သံ ထွက်မပေါ်လာသည်မှာ အဘယ်ကြောင့်ပါနည်း။

ကျင်းကျင်းက...

"ကျွဲကြီး၊ ရှင်က ကျွန်မတို့ကို လိုချင်တယ်ဆို၊ ရှင် ဘာလုပ်နေတာလဲ"

ဟုအော်ပြောလိုက်လေသည်။

ယခုတစ်ကြိမ် သူမ၏စကားသံနှင့် မရှေးမနှောင်းတွင် ထူး

ခြားမှုတစ်ခု ဖြစ်ပေါ်လာလေသည်။

အဝေးမှ ခပ်အုပ်အုပ်အသံများ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ထောင်ပေါင်းများစွာသော မြင်းများ ပြေးလွှားလာသည်နှင့် တူလှ၏။

"ဘာသံတွေလဲ"

ကျင်းကျင်းက မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

ယို့ကျားနှင့် ဝမ်းစုတို့ အဖြေမပေးနိုင်ကြချေ။

အသံများသည် တစ်စထက်တစ်စ နီးကပ်လာလေတော့၏။

အရပ်လေးမျက်နှာမှ ထွက်ပေါ်လာခြင်း ဖြစ်ရာ ကျင်းကျင်း၊ ယို့ကျားနှင့် ဝမ်းစုတို့ ဟိုဟိုသည်သည် လှည့်ကြည့်မိလိုက်ကြလေသည်။

ထိုအခိုက်မှာပင် သစ်သားတန်းများဖြင့် လမ်းသဖွယ် ပြုလုပ်ထားသည့် နေရာများမှ ဦးချိုကားကားရှိသော ကျွဲကြီးများ တစ်ဟုန်ထိုး ပြေးဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

လရောင်အောက်တွင် ဦးချိုကားကားကြီးများဖြင့် ပြေးလွှားလာကြရာ အသည်းယားဖွယ် ကောင်းလှပေသည်။

ကျင်းကျင်း မှင်သက်မိသွား၏။

ပထမဦးဆုံး သတိဝင်လာသူမှာ ယို့ကျား ဖြစ်လေသည်။

"ပြေး...ပြေး"

အော်ဟစ်ရင်း နောက်ကြောင်းလှည့်ပြေး၏။



ဝမ်းစုနှင့် ကျင်းကျင်းတို့ကလည်း နောက်မှ လိုက်သွားကြလေသည်။

သို့သော် သူတို့ ပြေးမလွတ်ကြပါတော့ချေ။

လေးဘက်လေးတန်မှ ဦးချိုကားကား ကျွဲကြီးများ ဝိုင်းရံထားကြပြီ မဟုတ်ပါလား။

ပြေးလွှားလာသည့် ခွာသံများက မြေကြီးကိုပင် တုန်ဟည်းသွားအောင် ထွက်ပေါ်လာသည်။

ကျင်းကျင်းတို့မှာ ပြေး၍ မလွတ်အောင် ချောင်ပိတ်မိနေကြပြီ ဖြစ်၏။

သူတို့သည် တိုက်ခိုက်ထိုးဖောက်သွားရန်လည်း မလွယ်ပါချေ။

ကျွဲကောင်ရေ ငါးရာခြောက်ရာ ရှိနေလေရာ အခက်ကြုံနေရလေတော့သည်။

"ဒုက္ခပဲ"

ကျင်းကျင်း မျက်စိမျက်နှာပျက်ကာ ညည်းညူလိုက်၏။

ဝမ်းစုနှင့် ယို့ကျားတို့လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြ၏။

သူတို့သည် မမျှော်လင့်သော အန္တရာယ်နှင့် ရင်ဆိုင်ရပြီး အသက်ဆုံးရှုံးရတော့မည် ဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

ထိုစဉ်မှာပင်...

"ရှီ"

လက်ခေါက်မှုတ်သံတစ်ချက် ထွက်ပေါ်လာလေသည်။

တဟုန်ထိုး ပြေးလွှားလာသည့် ကျွဲများသည် တုန့်ခနဲ ရပ်တန့်သွားကြလေတော့သည်။

"ဟင်"

"ဟာ"

ကျင်းကျင်း၊ ယို့ကျားနှင့် ဝမ်းစုတို့ လွတ်ခနဲ ရေရွတ်မိလိုက်ကြ၏။

ဦးချိုကားကား ရမ်းကားမည့် အသွင်ရှိသော ကျွဲဆိုးကြီးများသည် လက်ခေါက်မှုတ်သံ ကြားလိုက်ရသည်နှင့် တုန့်ခနဲ ရပ်တန့်သွားကြသည် မဟုတ်ပါလား။

သူတို့သည် လက်ခေါက်မှုတ်သံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်မိလိုက်ကြလေသည်။

ထိုအခါ အဆောက်အအုံ၏တံခါး ပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူ၏နောက်တွင် မီးတုတ်များကိုယ်စီ ကိုင်ဆောင်ထားကြသည့် အပြာရောင်ဝတ်ဆင်ထားသူတစ်စု လိုက်ပါလာကြ၏။

လရောင်နှင့် မီးရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး နေ့ဘက်နှင့် မခြားအောင် ထိန်ထိန်လင်းသွားလေတော့သည်။

ထို့ကြောင့်လည်း အဆောက်အအုံ အတွင်းမှ ထွက်လာသည့် လူစုအနက် ခေါင်းဆောင်လာသူအား ကောင်းစွာ တွေ့မြင်လိုက်ရလေသည်။



ထိုလူမှာ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့် ရှိပြီး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

မျက်နှာပြုံပြုံ သွားခေါ်ခေါ် နှာခေါင်း အထက်သို့ လန်နေရာ ကျွဲကြီးတစ်ကောင်နှင့်ပင် တူလှ၏။

ကျွဲကြီးဆိုသူမှာ ထိုလူပင် ဖြစ်ရမည်ဟု ကျင်းကျင်းတို့ တွေးမိလိုက်ကြ၏။

ထိုလူသည် ဦးချိုကားကား ကျွဲကြီးများကြားတွင် ဝိတ်မိနေသည့် ကျင်းကျင်းတို့လူစုကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား"

ကျင်းကျင်း အံကြိတ်လိုက်သည်။

"ကျွဲကြီး၊ ရှင်သတ္တိရှိရင် ကျွဲတွေ မောင်းထုတ်ပစ်လိုက်စမ်းပါ"

ဟုအော်ပြောသည်။

သူမ၏စကားကြားလျှင် ကျွဲကြီးက ပို၍ သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား၊ သူတို့ဟာ ကျွဲတွေ မဟုတ်ပါဘူး၊ ကျုပ်ရဲ့မိတ်ဆွေတွေပါ"

"ဘာရှင့်"

"ကျုပ်ရဲ့မိတ်ဆွေတွေလေ"

"ရှင်...ရှင်"

ထိုလူက…

"ကျုပ်က ခင်ဗျားတို့ကို အသက်မသေစေချင်ပါဘူးဗျာ၊ ကျုပ်ရဲ့စကား နားထောင်မယ်ဆိုရင် ကျုပ်ရဲ့မိတ်ဆွေတွေကို ကျုပ်က ပြန်သွားခိုင်းလိုက်ပါ့မယ်၊ ဟား…ဟား…ဟား"

ဟုပြောသည်။

ထိုလူမှာ ကျွဲကြီးဆိုသူ ဖြစ်ကြောင်း ထင်ရှားပေတော့သည်။

ကျင်းကျင်းက…

"ရှင့်ရဲ့တိရစ္ဆာန်မိတ်ဆွေတွေကို ကျွန်မက ကြောက်မယ်ထင်သလား"

ဟုပြန်လည်အော်ပြောသည်။

ကျွဲကြီး မျက်နှာပျက်သွားသည်။

"ဘာ…ဘာပြောတယ်"

ကျင်းကျင်းက…

"ရှင်က ဘာကြောင့် ကျွန်ုပ်တို့ကို ဒုက္ခပေးချင်တာလဲ ပြောပါ"

သူမ၏လေသံ ခက်ထန်တင်းမာနေသည်။

ကျွဲကြီးက…

"ခင်ဗျားက ကျုပ်ကို အထင်သေးတယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ ကျုပ်လက်ထဲ ရောက်နေပြီ မဟုတ်လား"



"ရှင် ဘာလိုချင်သလဲ"

ကျွဲကြီးက…

"နဂါးဓား"

ကျင်းကျင်းက…

"ဘာရှင့်"

"ခင်ဗျားတို့ နဂါးဓားကို ယူလာတယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်ကို ပေးမယ်ဆိုရင် ခင်ဗျားတို့ အသက်ကို ချမ်းသာပေးလိုက်မယ်"

ကျင်းကျင်း ခေါင်းယမ်းလိုက်သည်။

"နဂါးဓားဟာ ရှင့်အတွက်မှ မဟုတ်ဘဲ"

"ဟား…ဟား…ဟား"

ကျွဲကြီး သဘောကျစွာ ရယ်မောလိုက်သည်။

ကျင်းကျင်းက…

"ကျွဲကြီး သတ္တိရှိရင် ရှင့်ရဲ့ကျွဲတွေကို မောင်းထုတ်ပစ်လိုက်စမ်းပါ"

သူမ၏စကားသည် ကျွဲများကို ကြောက်ရွံ့နေကြောင်း ထင်ရှားပေါ်လွင်နေပေတော့သည်။

ဤသည်ကို ကျွဲကြီးက သဘောကျနေတော့သည်။

ယို့ကျားနှင့် ဝမ်းစုတို့ကလည်း ရိပ်မိလိုက်ကြသည်။

ယို့ကျားက…

"သခင်မလေး ကျွဲတွေအကြောင်း မပြောနဲ့"

ဟုတီးတိုးသတိပေးလိုက်သည်။

သူ၏စကားကို ကျင်းကျင်းက လျစ်လျူရှုထားလိုက်သည်။

ကျွဲကြီးကို ကြည့်ကာ...

"ရှင် ကျွဲတွေကို မောင်းထုတ်ပစ်လိုက်စမ်းပါ"

ဟုထပ်မံအော်ပြောလိုက်သည်။

ကျွဲကြီးက...

"ကျုပ်မိတ်ဆွေတွေကို ထွက်သွားခိုင်းလို့ ဖြစ်ပါတယ်၊ ဒါပေမယ့် နဂါးဓားကို ရမှ ဖြစ်မယ်"

ကျင်းကျင်း အခက်ကြုံနေတော့သည်။

ကျွဲကြီးက...

"ကောင်းပြီ၊ ခင်ဗျားက မပေးဘူးဆိုရင် ကျုပ်မိတ်ဆွေတွေကို ရှေ့တိုးခိုင်းလိုက်ရမှာပေါ့"

စကားဆုံးလျှင် လက်ခေါက်တစ်ချက် မှုတ်လိုက်သည်။

ကျွဲကြီးများသည် နှာမှုတ်သံများပေးကာ ရှေ့သို့ တိုးလာကြတော့သည်။

တစ်ဟုန်ထိုး ပြေးလွှားလာကြလျှင် ကျင်းကျင်းတို့ ကောင်းကောင်းကြီး ဒုက္ခရောက်ရတော့မည် ဖြစ်သည်။

ကျင်းကျင်း မျက်နှာပျက်သွားလေသည်။

ကျွဲကြီးက...

"ကဲ ဘယ်လိုလဲ နဂါးဓားကို ပေးတော့မလား"

ဟုမေးလိုက်လေသည်။



ကျင်းကျင်းက ယို့ကျားနှင့် ဝမ်းစုတို့ဘက် လှည့်ကြည့်လိုက်လေသည်။

ယို့ကျားက...

"သခင်မလေး ဘယ်လိုလုပ်မလဲ"

ဟုမေးလိုက်ပြန်သည်။

ကျွဲကြီးက...

"နဂါးဓားနဲ့ ခင်ဗျားတို့ အသက် ဘယ်ဟာက ပိုပြီး အရေးကြီးသလဲဆိုတာ စဉ်းစားကြပါဗျာ"

ကျင်းကျင်း အံကြိတ်လိုက်လေသည်။

"ကောင်းပြီ၊ နဂါးဓားကို ပေးမယ်"

ဟုပြောလေသည်။

ကျွဲကြီး သဘောကျသွားလေသည်။

လက်ဆန့်ထုတ်လိုက်ပြီး...

"ကဲ ပေး"

ဟုတောင်းလေသည်။

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

အင်္ကျီရင်ဘတ်ထဲ၌ ဝှက်ထားသည့်ဓားကို ထုတ်ယူလိုက်၏။

သူမ၏လက်ထဲ၌ ဓားတစ်လက် ပါလာလေသည်။

ဓားမှာ တစ်ပေသာသာခန့်သာ ရှိလေသည်။

ဓားအိမ်နှင့် ဓားရိုးမှာ အနက်ရောင် ဖြစ်လေသည်။

ကျွဲကြီး မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာသည်။

"သည်လိုမှပေါ့၊ ကဲ ပစ်ပေးလိုက်"

ကျင်းကျင်းက ဓားကို ကျွဲကြီးထံ ပစ်ပေးလိုက်လေသည်။

ကျွဲကြီးက ဖမ်းယူထားလိုက်သည်။

ဓားကို ဓားအိမ်မှ ထုတ်ကာ စစ်ဆေးကြည့်လိုက်သည်။

ဓားအိမ်မှ ဓားကို ထုတ်လိုက်သည်နှင့်…

"ရှူး"

ရုတ်တရက် အစိမ်းရောင်မီးခိုးငွေ့များ ထွက်ပေါ်လာလေသည်။

ကျွဲကြီးမှာ ထိုမီးခိုးငွေ့များကို ရှူရှိုက်မိသွားပြီး…

"အဟွတ်..အဟွတ်"

ချောင်းတဟွတ်ဟွတ်ဆိုးကာ နောက်ဆုတ်လိုက်သည်။

သူ၏ခန္ဓာကိုယ်မှာလည်း ဒယီးဒယိုင် ဖြစ်သွားလေသည်။

ကျင်းကျင်းက…

"ကဲ ရှင် အခု အဆိပ်မိသွားပြီ၊ ရှင့်ရဲ့ ကျွဲတွေကို မောင်းထုတ်ပစ်လိုက်မယ်ဆိုရင် ရှင့်အတွက် အဆိပ်ဖြေဆေးပေးမယ်"

ဟုပြောလိုက်လေသည်။

ကျွဲကြီး ဒေါပွသွားလေသည်။

"မင်းတော်တော်ယုတ်မာ ဟပ်ချိုး"

သူက ကျင်းကျင်းကို အော်ငေါက်ရန် ဟန်ပြင်လိုက်သော်



လည်း နှာချေကာ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

ဒူးများလည်း ကွေးညွတ်သွားသည်။

ကျင်းကျင်းက…

"ရှင်ခေါင်းမာနေမယ်ဆိုရင် ကျွန်မတို့ထက် အရင် ရှင်သေသွားလိမ့်မယ်"

ဟုပြောလိုက်လေသည်။

ကျွဲကြီး ဒေါပွပွဖြင့် ခြေဆောင့်လိုက်ပြီး…

"ကျုပ်ကို သည်လို ခြိမ်းခြောက်လို့ မရဘူး"

ဟုအော်ပြောလိုက်လေသည်။

သူက လက်ထဲမှ နဂါးဓားကို လုံးဝမချချေ။

လက်ခေါက်မှုတ်ရန် ကြိုးစားသော်လည်း မှုတ်၍ မရဘဲ ဖြစ်နေသည်။

ယို့ကျားက…

"တို့ မြန်မြန်တိုက်ခိုက်မှ ထင်တယ်"

ဟုသတိပေးလိုက်လေသည်။

သူတို့သည် ချက်ချင်းပင် ကျွဲကြီးအနီးသို့ ချဉ်းကပ်သွားကြလေသည်။

ထိုအခါ မီးတုတ်ကိုင်ဆောင်ထားသည့် ကျွဲကြီး၏တပည့်များသည် ရှေ့သို့ လှမ်းထွက်ကာ ကျွဲကြီးအား ကာကွယ်ထားလိုက်ကြသည်။

ကျွဲကြီးက…

"သူတို့ကို ရှင်းပစ်လိုက်"

ဟုအမိန့်ပေးလိုက်သည်။

သူ၏တပည့်များသည် ချက်ချင်းပင် ရှေ့သို့ ပြေးထွက်လာကြလေတော့သည်။

ကျွဲဆိုးကြီးများသည် သူတို့အား ဒုက္ခမပေးကြချေ။

ကျွဲကြီးမှာ မြေပေါ် တင်ပျဉ်ခွေ ထိုင်ချလိုက်၏။

ချောင်းတဟွတ်ဟွတ် ဆိုးနေသည့်ကြားမှ အတွင်းအားဖြင့် အဆိပ်ကို ညှစ်ထုတ်ရန် ကြိုးစားနေသည်။

ကျင်းကျင်းက...

"သူတို့ တိုက်ခိုက်လာတာကို အခွင့်ကောင်းယူပြီး ကျွဲကြီး အနားကို ချဉ်းကပ်သွားကြမယ်"

ဟုပြောလိုက်သည်။

ယို့ကျားနှင့် ဝမ်းစုတို့ ခေါင်းညိတ်လိုက်ကြ၏။

သူတို့လည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

သူတို့လည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေတော့သည်။

"ယား"

ကျွဲကြီး၏တပည့်များသည် ဩသံပေးကာ စတင်တိုက်ခိုက်လာကြသည်။

သစ်သားတန်းများ ကာရံထားသည့် လမ်းကျဉ်းကလေး ဝယ် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားလာလေတော့သည်။



"ဝုန်း"

"အား"

"အမယ်လေး"

ကျွဲကြီး၏တပည့်များသည် ကျင်းကျင်းတို့လူစုအား မယှဉ်နိုင်ဘဲ တခဏအတွင်း ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ကျင်းကျင်းသည် ကျွဲကြီး၏တပည့်များကို အကာအကွယ်ယူ ကျွဲကြီးထံ ချဉ်းကပ်တိုက်ခိုက်ရန် ရည်ရွယ်ထားလေသည်။

ကျွဲကြီး၏တပည့်များ ဖရိုဖရဲ ဖြစ်ကာ နောက်ဆုတ်သွားကြချိန်တွင် ကျွဲကြီးက...

"ရွှီ"

လက်ခေါက်မှုတ်သံတစ်ချက် ပြုနိုင်ခဲ့၏။

ထိုအခါ...

"ခွပ်ခွပ်..ခွပ်..ခွပ်"

"ဝုန်းဝုန်း..ဝုန်းဝုန်း"

ကျွဲဆိုးကြီးများသည် ရှေ့သို့ တစ်ဟုန်ထိုး ပြေးလွှားလာကြလေတော့သည်။

ကျွဲဆိုးကြီးများ၏ ခွာယက်ထုတ်မှုကြောင့် ဖုန်လုံးကြီးများ ထလာ၏။

ကျင်းကျင်း၊ ယို့ကျားနှင့် ဝမ်းစုတို့ မျက်လုံးပြူးသွားကြ၏။

ယခုတစ်ကြိမ် ကျွဲဆိုးကြီးများသည် ကျွဲကြီး၏တပည့်များကိုပင် မရှောင်နိုင်ဘဲ ခွာများဖြင့် ပေါက်ကြသည်

ဝှေ့ကြခတ်ကြသည်။

ကာရံထားသည့် သစ်သားတန်းများကိုလည်း အတင်းတိုးဝှေ့ တိုက်ခိုက်ကာ ပြေးဝင်လာကြသည်။

သစ်သားတန်းများ တဖြောင်းဖြောင်းမြည်ရှာ ကျိုးကုန်၏။

ကျွဲကြီး၏တပည့်များသည် သူတို့ကိုပင် ချမ်းသာ ပေးတော့မှန်း သိလျှင် ကြောက်လန့်တကြား အော်ဟစ်ကာ ထွက်ပြေးကြ၏။

သို့ပါသော်လည်း တရကြမ်း ပြေးဝင်လာသည့် ကျွဲအုပ်ကြီး၏ ဦးချိုဖျားဖြင့်လည်းကောင်း၊ ခွာအောက်၌လည်းကောင်း အသက်ပျောက်ကုန်ကြရလေတော့သည်။

ကျင်းကျင်း၊ ယို့ကျားနှင့် ဝမ်းစုတို့လည်း အထိတ်တလန့်ဖြစ်ကုန်ကြ၏။

ထိုစဉ်မှာပင်...

"ဗိုး...ဗိုး...ဗိုး"

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မီးမြားများ တရစပ် ပစ်လွှင့်လာသည်။

မြားတံများသည် ကျွဲဆိုးကြီးများကို စိုက်ဝင်ကာ အတုံးအရုံး လဲကျသွားစေသည်။

မီးမြားများ တရစပ် ပစ်လွှင့်လာသဖြင့် ကျွဲဆိုးကြီးများ နောက်လှည့်ကာ ထွက်ပြေးကုန်၏။



မည်သို့မျှ ထိန်းမနိုင်တော့အောင် ဖရိုဖရဲ ပြေးထွက်ကုန်ကြ၏။

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းစီးသူ မားသုံးယောက်သည် ရှုပ်ထွေးနေသည့် အခြေအနေကြားမှ အတင်းထိုးဖောက် ဝင်ရောက်လာကြပြီး ကျင်းကျင်း၊ ယို့ကျားနှင့် ဝမ်းစုတို့အား ကယ်တင်သွားလေသည်။

♣ ♣ ♣

အဆောက်အအုံကြီးမှာ မီးတဟုန်းဟုန်း လောင်ကျွမ်းနေ၏။

အဆောက်အအုံရှေ့ဝယ် လူသေအလောင်းများ၊ ကျွဲသေအလောင်းများ ကြည့်မကောင်းအောင် ရှိနေ၏။

ကျင်းကျင်းက...

"ဓားပါသွားပြီ"

ဟုပြောလိုက်လေသည်။

သူမ၏အသံ တုန်တုန်ယင်ယင် ဖြစ်နေလေသည်။

သူတို့အား ကယ်တင်လိုက်သူသုံးယောက်မှာ ရှောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ ဖြစ်ကြသည်။

အသက်ဘေးမှ လွတ်မြောက်လာပြီ ဖြစ်သော်လည်း မည်

သူကမျှ ရောင်ကျူးတို့အား ကျေးဇူးတင်စကား မပြောကြချေ။

ရောင်ကျူးတို့ကလည်း မသိချင်ဟန်ဆောင်နေလိုက်ကြ၏။

ကျင်းကျင်း၏စကား ကြားရလျှင် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြလေသည်။

ယို့ကျား လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"သခင်မလေး သူအဆိပ်မိသွားတယ် မဟုတ်လား၊ ဝေးဝေးပြေးနိုင်မှာ မဟုတ်ပါဘူး၊ ကျုပ်တို့ လိုက်ရှာကြရင် ကောင်းမယ်"

ဟုပြောလိုက်၏။

ထိုစကားကြားလျှင် ကျင်းကျင်း အားတတ်သွားလေသည်။

"ဟုတ်တယ်၊ လိုက်ရှာကြမယ်"

စကားဆုံးလျှင် ရှေ့မှ ပြေးထွက်သွားလေသည်။

ကျွဲဆိုးကြီးများ ထွက်ပြေးသွားပြီ ဖြစ်ရာ မှုစရာ မလိုတော့ချေ။

ယို့ကျားနှင့် ဝမ်းစုတို့လည်း ပြေးလိုက်သွားကြ၏။

ရောင်ကျူးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြန်သည်။

ခေါင်းကြီးက...

"တို့လိုက်သွားကြရင် ကောင်းမယ် ထင်တယ်"

ဟုပြောလေသည်။

ရောင်ကျူးက ခေါင်းညိတ်သဘောတူလိုက်လေသည်။

"ကောင်းသားပဲ"



သူတို့သုံးယောက်စလုံး မြင်းပေါ်မှ ဆင်းကာ ကျင်းကျင်းတို့နောက်သို့ ပြေးလိုက်သွားကြလေတော့သည်။

♣ ♣ ♣

အဆောက်အအုံကြီး အနောက်ဘက်တွင် တောအုပ်တစ်ခု ရှိလေသည်။

ကျွဲကြီးက တောအုပ်အတွင်းသို့ ပြေးဝင်လာခဲ့လေသည်။

အနောက်ဘက်တွင် ထွက်ပေါ်နေသည့် မီးရောင်များကြောင့် သူ့အား လှမ်း၍ မြင်တွေ့သွားမည်ကို စိုးရွံ့နေ၏။

ချောင်းက တဟွတ်ဟွတ်ဆိုးနေပြီး နှာရည်များ စီးကျနေသည်။

"ဘယ်လိုအဆိပ်မျိုးလည်း တော်တော်ဆိုးတာပဲ"

ဟုလည်း ကျွဲကြီးက မကြာခဏ ညည်းညူမိလေသည်။

အဆိပ်မိထားသည်ဆိုသည့်တိုင် သူ၏ခန္ဓာကိုယ်တွင်းမှ အတွင်းအားများ ပျောက်ဆုံးသွားခြင်း မရှိသေးချေ။

ထို့ကြောင့် အားမလျှော့ဘဲ ပြေးထွက်လာခဲ့ခြင်း ဖြစ်လေသည်။

တောအုပ်တစ်ဘက်သို့ လွန်မြောက်လျှင် သူ၏အသက်ရှင်သန် လွတ်မြောက်နိုင်မည်ဟု ယုံကြည်ထား၏။

နဂါးဓားကို ရလာခဲ့ပြီ ဖြစ်ရာ အသက်ရှင်နေရန် လိုအပ်လှ

သည် မဟုတ်ပါလား။

ပြေးယင်းပြေးယင်း တောအုပ်ကို ကျော်ဖြတ်ကာ တစ်ဘက်သို့ ရောက်ရှိသွားလေသည်။

တစ်ဘက်တွင် လယ်ကွင်းများ ရှိနေပြီး လယ်ကွင်းတစ်ခု၏ နံဘေး၌ ဝါးအိမ်ကလေးတစ်လုံး ရှိနေ၏။

ဝါးအိမ်ကလေးမှ မီးရောင်များ ထွက်ပေါ်နေလေသည်။

ကျွဲကြီး၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွား၏။

ထိုဝါးအိမ်လေးဆီသို့ ဦးတည်ကာ ပြေးသွားလေတော့သည်။

သုံးလေးကွက်မျှ ဖြတ်ကျော်ပြီး ဝါးအိမ်ကလေးရှေ့သို့ ရောက်ရှိသွားသည်နှင့်…

"ဆရာ..ဆရာ"

ဟုအော်ခေါ်လိုက်၏။

သူ၏ခေါ်သံနှင့် မရှေးမနှောင်းပွင်…

"ကျွဲကြီးလား"

စကားသံတစ်ချက် တီးတိုးညင်သာ ထွက်ပေါ်လာသည်။

ဝါးအိမ်ကလေးအတွင်းမှ လူတစ်ယောက် လှမ်းထွက်လာလေသည်။

ထိုလူသည် အသက်ခြောက်ဆယ်ခန့် ရှိသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။



ထိုအဘိုးအိုသည် ဝါးအိမ်ရှေ့သို့ ရောက်လာသည်နှင့် ဒယီးဒယိုင် ဖြစ်နေသည့် ကျွဲကြီးကို ကြည့်ကာ မျက်မှောင်ကြုတ်သွားလေသည်။

"ကျွဲကြီး၊ မင်း ဘာဖြစ်လာတာလဲ"

ဟုမေးလိုက်၏။

ကျွဲကြီးက မြေပေါ် ဒူးထောက်ချလိုက်ပြီး…

"ဆရာ..ဆရာ ကျွန်တော့်ကို ကယ်ပါဦး"

"မင်း ဘာတွေ လုပ်လာပြန်ပြီလဲ"

"ကျွန်တော်.."

ကျွဲကြီး၏စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သူက ကျွန်တော်တို့ဆီက ဓားတစ်လက် လုယူသွားပါတယ်"

"ဟေ"

အဘိုးအို ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ လူသုံးယောက် လျှောက်လာနေကြသည်ကို တွေ့ရလေသည်။

ထိုလူသုံးယောက်မှာ ရှောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ ဖြစ်ကြလေသည်။

ရှောင်ကျူးက ကွဲကြီး၏လုပ်ရပ်ကို ပြောပြလိုက်ခြင်း ဖြစ်၏။

အဘိုးအိုက ရှောင်ကျူးကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

ပြီးလျှင် ကွဲကြီးကို တစ်ချက်ကြည့်လိုက်ပြန်လေသည်။

ကွဲကြီး၏လက်ထဲ၌ ဓားတစ်လက် ကိုင်ထားသည်ကို တွေ့ရပါ၏။

အဘိုးအိုက...

"သူပြောတာ ဟုတ်လား"

ဟုမေးလိုက်၏။

ကွဲကြီး မျက်စိမျက်နှာ ပျက်သွား၏။

"ကျွန်..ကျွန်တော်"

အဘိုးအိုက...

"မင်းလက်ထဲက ဓားဟာ ဘယ်သူ့ဟာလဲ"

"ကျွန်တော်.."

အဘိုးအိုသည် ကွဲကြီးကို ကြည့်ကာ မချင့်မရဲ ဖြစ်လာသည်။

ဒေါသလည်း ထွက်လာပုံရလေသည်။

မြေပေါ် ခြေတစ်ချက် ဆောင့်လိုက်၏။

"ကွဲကြီး၊ မင်းကို ငါက ပညာသင်ပေးခဲ့တယ်၊ မင်းက ငါ သင်ပေးထားတဲ့ ပညာကို အလွဲသုံးစား လုပ်နေတယ်ပေါ့လေ၊



ကောင်းပြီ၊ မင်းကို အပြစ်ဒဏ်ပေးရလိမ့်မယ်"

သူတို့နှစ်ယောက် အချီအချ ပြောဆိုနေကြသည့် စကားကို ကြားလျှင် ရှောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကွဲကြီးသည် ကျင်းကျင်းတို့လူစုထံမှ လုယက်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့် ကွဲကြီးနှင့် ပတ်သက်နေသူများသည် လူကောင်း မဖြစ်နိုင်တော့ဟု ယုံကြည်ထားကြ၏။

သို့ပါသော်လည်း ကွဲကြီး၏ဆရာ အဘိုးအို ပြောဆိုနေသည့် စကားများကြောင့် အံ့သြသွားကြခြင်း ဖြစ်ပေတော့သည်။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာသည်။

ရှောင်ကျူးတို့ လှည့်လိုက်သောအခါ ကျင်းကျင်း၊ ဝမ်းစုနှင့် ယိုကျားတို့ လှမ်းလာနေကြသည်ကို တွေ့ရလေသည်။

ရှောင်ကျူး ပြုံးလိုက်သည်။

"လူ့ခွစာတွေတော့ လာပြီ"

ဟုစိတ်ထဲကျိတ်၍ ပြောလိုက်၏။

ခေါင်းကြီးကမူ...

"သူတို့ ဝင်လာပြီ ဆရာလုပ်ကြတော့မယ်"

ဟုဖြောင်ဖွင့်ပြော၏။

သူ၏စကားကြားလျှင် စွန်ရဲ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"

ရယ်မောသံကြောင့် အဘိုးအို လှမ်းကြည့်လိုက်၏။

ကျွဲကြီးအား တွေ့ရလျှင် ကျင်းကျင်း၊ ဝမ်းစုနှင့် ယို့ကျားတို့ ကျေနပ်သွားကြ၏။

ကျင်းကျင်းက...

"ဓားပြန်ပေးစမ်း"

ဟုလေသံမာမာဖြင့် ငေါက်လိုက်လေသည်။

ကျွဲကြီး ဆတ်ခနဲ ခေါင်းထောင်လာသည်။

ကျင်းကျင်းတို့လူစုကိုတစ်လှည့် အဘိုးအိုကိုတစ်လှည့် ကြည့်နေ၏။

အဘိုးအိုက...

"ကျွဲကြီး"

ဟုခေါ်လိုက်သည်။

ကျွဲကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"အမိန့်ရှိပါ ဆရာ"

"မင်းက သူတို့ရဲ့ဓားကို လုယူခဲ့တယ် ဟုတ်လား"

"ဟုတ်..ဟုတ်ပါတယ်"

ကျွဲကြီးက ဝန်ခံလိုက်သည်။

အဘိုးအိုက...

"မင်းတော်တော် မိုက်မဲတာပဲ၊ ဘာမဟုတ်တဲ့ ဓားတစ်လက်ကို မင်းက ဘာကြောင့် လိုချင်ရတာလဲ၊ မင်း မရှက်ဘူးလား"



"ကျွန်..ကျွန်တော်"

"သွား..သွား ပြန်ပေးလိုက်"

အဘိုးအိုသည် နဂါးဓားကို လုံးဝ အရေးမစိုက်သည့်အပြင် သားလှီးဓားတစ်လက်လောက်ပင် တန်ဖိုးမထားသည့် သဘောဖြင့် ပြောနေခြင်း ဖြစ်၏။

ထို့ကြောင့် ကျင်းကျင်းတို့လူစု ခံပြင်းသွားကြသည်။

သို့သော် ကျွဲကြီးထံမှ ပြန်ရမည် ဖြစ်ရာ ဘာမှ မပြောဘဲ နေလိုက်ကြသည်။

ကျွဲကြီးက...

"ဆရာ သည်နဂါးဓားဟာ သိုင်းလောကတစ်ခုလုံးက တန်ဖိုးမဖြတ်နိုင်တဲ့ဓားလို့ ပြောနေကြပါတယ်၊ သည်ဓားဟာ.."

သူ၏စကားမဆုံးမီ အဘိုးအိုက ကြားဖြတ်အော်ငေါက်လိုက်လေသည်။

"တိတ်စမ်း ပေးဆို ပြန်ပေးလိုက် ဘာလုပ်ဖို့လဲ သူများ ပြောတိုင်း ယုံရအောင် မင်းက အရူးလား၊ သွား..သွား ပြန်ပေးလိုက်"

ကျွဲကြီး မတတ်သာတော့ပါချေ။

ဒူးထောက်ရာမှထကာ ကျင်းကျင်းတို့ထံ လျှောက်လာပြီး ဓားကို ပြန်ပေးလိုက်သည်။

သူ၏မျက်နှာ မကြည်မသာ ဖြစ်နေသည်။

နဂါးဓားကို ရရှိဖို့အတွက် သူက အရင်းအနှီး အမြောက်အမြား စိုက်ထုတ်ခဲ့ရသည် မဟုတ်ပါလား။

သို့သော် သူ၏ဆရာက ပြန်ပေးခိုင်းသဖြင့် မငြင်းဆန်ဝံ့ဘဲ ပြန်ပေးလိုက်ရသည်။

ကျင်းကျင်း ဆတ်ခနဲ ဆွဲယူလိုက်လေသည်။

ကျွဲကြီး နောက်ဆုတ်သွားသည်။

ရှောင်ကျူးက...

"သွားစို့"

ဟုပြောလိုက်သည်။

ခေါင်းကြီးနှင့် စွန်ရဲတို့က လှည့်ထွက်သွားရန် ဟန်ပြင်လိုက်ကြသည်။

ယို့ကျားနှင့် ဝမ်းစုတို့ကလည်း လှည့်ပြန်ရန် ဟန်ပြင်လိုက်ကြသည်။

သို့ပါသော်လည်း ကျင်းကျင်းသည် တုတ်တုတ်မျှ မလှုပ်ဘဲ ကျွဲကြီး၏ဆရာ အဘိုးအိုအား စိုက်ကြည့်နေသည်။

ရှောင်ကျူး မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်တို့ သွားမယ်"

ဟုထပ်ပြောလိုက်သည်။

ကျင်းကျင်းက တုတ်တုတ်မျှ မလှုပ်ပါချေ။

ရှောင်ကျူး ခြေလှမ်းရပ်သွားသည်။

ကျန်လူများလည်း ခြေလှမ်းရပ်ကာ ကျင်းကျင်းအား စိုက်ကြည့်လိုက်သည်။

ကျင်းကျင်းကား ကျွဲကြီး၏ဆရာ အဘိုးအိုကို စိုက်ကြည့်နေ



ဆဲ။ ကျွဲကြီးသည် သုန်မှုန်သော မျက်နှာထားဖြင့် ရပ်နေသည်။

သူ၏ဆရာသည် ကျင်းကျင်း ထွက်မသွားဘဲ ရပ်နေခြင်းကြောင့် အံ့သြဟန်ရှိသည်။

ကျင်းကျင်းအား တစ်ချက်ကြည့်လိုက်ပြီး...

"မင်းရဲ့ဓား ပြန်ရပြီ မဟုတ်လား၊ မင်း မသွားသေးဘူးလား"

ဟုမေးလေသည်။

ကျင်းကျင်းက...

"သည်ဓားဟာ နဂါးဓားဆိုတာ ရှင်သိသလား"

ဟုမေးလိုက်ပြန်သည်။

အဘိုးအို ခေါင်းယမ်းလိုက်သည်။

"ကျုပ် မသိဘူး သိလဲအရေးမစိုက်ဘူး၊ မင်းရဲ့ဓားဟာ မိုးပျံအောင် ကောင်းနေပါစေ ကျုပ်က ဘယ်လိုမှ ဂရုမစိုက်ဘူး"

ဟုခပ်ပြတ်ပြတ်ပြောသည်။

ကျင်းကျင်း၏မျက်နှာ နီရဲသွားသည်။

နဂါးဓားအား သိုင်းလောကသားများက လိုချင်မက်မောနေကြသည်။

အသက်ကိုပင် ပဓာနမထားဘဲ ဓားနောက်သို့ တစ်ကောက်ကောက် လိုက်နေကြသည်။

အဘိုးအိုက လုံးဝအရေးမစိုက်ခြင်းကြောင့် ခံပြင်းမိ၏။ အဘိုးအို၏စကားကို မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

ကျဲကြီး မရှုမလှ ရှုံးနိမ့်ခဲ့ခြင်းကြောင့် သူတို့လူစုနှင့် ရင်မဆိုင်ဝံ့သဖြင့် ဓားပြန်ပေးသည်ဟုပင် ထင်မှတ်မိလေသည်။

ထိုအတွေးကပင် သူမအား အန္တရာယ်နှင့် ရင်ဆိုင်တိုးရန် တွန်းအားပေးသကဲ့သို့ ဖြစ်ရလေသည်။

ကျင်းကျင်းက...

"နဂါးဓားကို ရရင် သိုင်းလောကမှာ လက်မထောင်နိုင်မယ်၊ ဘယ်သူ့ကိုမှ အရေးစိုက်စရာ မလိုဘူးဆိုတာ ရှင်သိသလား"

ဟုမေးလိုက်လေသည်။

အဘိုးအို မဲ့ပြုံးပြုံးလိုက်လေသည်။

"အပိုစကားတွေ ကျုပ်စိတ်မဝင်စားပါဘူး"

"ဘာရှင့်"

"မင်းပြောတဲ့အတိုင်းဆိုရင် ဓားဟာ မင်းရဲ့လက်ထဲမှာ ရှိနေပြီလေ၊ လက်မထောင်နိုင်ပြီပေါ့လေ၊ ဘယ်သူ့ကိုမှ အရေးစိုက်စရာ မလိုတော့ဘူးပေါ့"

ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အဘိုးအိုက ဆက်ပြောလိုက်လေသည်။

"ဘယ်သူ့ကိုမှ မှုစရာမလိုဘူးဆိုရင် ကျုပ်တပည့် ကျဲကြီး လက်ထဲ ဘယ်လိုလုပ် ရောက်သွားရတာလဲ၊ မင်းဟာ အဖိုးမဖြတ်နိုင်တဲ့ဓားကို ကိုင်ထားပြီး ဘာမှမတတ်နိုင်ခဲ့ဘူး မဟုတ်လား၊ မင်းလက်ထဲက ကျဲကြီး လုယူလို့ရတယ်ဆိုရင် တခြားလူလဲ လုယူလို့ရနိုင်တာပဲ၊ ဒါနဲ့များ ဓားရယ်င် ဘယ်သူ့ကိုမှ အရေးစိုက်စရာ မလိုတော့ဘူးလို့ ပြောနေရသေးသလား"



ကျင်းကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

အဘိုးအို၏စကားကို ချေပရန် မစွမ်းသာဘဲ ဖြစ်သွားလေ၏။

ထိုစဉ် ရယ်မောသံများ ထွက်ပေါ်လာသည်။

ကျင်းကျင်း ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ ရယ်မောသူ မည်သူ့ကိုမျှ မတွေ့ရချေ။

အမှန်တော့ ရောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ ရယ်မောလိုက်ကြခြင်း ဖြစ်ကြောင်း ကျင်းကျင်း နားလည်မိလေသည်။

ထို့ကြောင့်လည်း ရှက်ဒေါသထွက်ကာ မျက်နှာတစ်ခုလုံး နီရဲလာတော့သည်။

အံတင်းတင်းကြိတ်ကာ အဘိုးအိုအား ကြည့်လိုက်ပြီး...

"နဂါးဓား အစွမ်း ရှိတယ် မရှိဘူးဆိုတာ လက်တွေ့သိရမှ ရှင်ယုံမယ် ထင်တယ်"

ဟုလေသံမာမာဖြင့် ပြောလိုက်လေသည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

"ကျုပ်တပည့် ကျဲကြီးက လူကောင်းတွေကို ဒုက္ခပေးလာခဲ့တယ်လို့ ကျုပ်က ထင်နေတာ၊ အခုတော့ ကျဲကြီး ဒုက္ခပေးလာခဲ့တဲ့ လူတွေဟာ မာန်မာန ထောင်လွှားနေတဲ့ လူတွေကိုး"

ဟုညည်းညူလိုက်သည်။

ထိုစကားကြောင့် ကျင်းကျင်း ပို၍ ဒေါသ ဖြစ်သွားလေ

တော့၏။

"ရှင်ကကော သူခိုးခားပြလို့ တပည့်မျိုးကို မွေးထားတာပဲ မဟုတ်လား၊ ခိုးထုပ်ခိုးထည်နဲ့ လူမိသွားလို့ အရုက်ပြေ ပြန်ပေးနိုင်းတာ မဟုတ်လား"

ဟုအော်ပြောလိုက်သည်။

သူမ၏စကားကြားလျှင် သူတို့ အေးအေးဆေးဆေး လှည့်ပြန်သွားရန် မဖြစ်နိုင်တော့ကြောင်း ရောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ နားလည်သဘောပေါက်ကြတော့သည်။

အဘိုးအိုလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ကျွဲကြီးဘက်သို့ လှည့်ကာ...

"ကျွဲကြီး၊ မင်းကြောင့် ငါ ဘယ်လိုအပြောခံနေရပြီဆိုတာ မင်းမြင်သလား"

ဟုမေးလေသည်။

ကျွဲကြီး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

အဘိုးအိုအား ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်ကာ...

"ဆရာ..ကျွန်..ကျွန်တော်"

အဘိုးအိုက လက်ဝှေ့ယမ်းပြလိုက်သည်။

"အပိုတွေ ပြောမနေနဲ့၊ မင်းလုပ်ခဲ့တာတွေကြောင့် ငါပါ သူများ အပြောခံနေရပြီ၊ မင်းရဲ့ သိုင်းပညာကို ဖျက်ဆီးပစ်ရမယ်၊ သည်ကနေ့ကစပြီး ငါ့ကို ဆရာလို့ မခေါ်နဲ့တော့"

စကားဆုံးလျှင် ကျွဲကြီးအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်



သွားပြီး လက်ညှိုးနှင့် လက်ခလယ် နှစ်ချောင်းပူးကာ ကျွဲကြီး၏ခန္ဓာကိုယ်ပေါ်၌ သွေးကြောနေရာ သုံးနေရာကို ထိုးချလိုက်၏။

"အမယ်လေး"

ကျွဲကြီး တစ်ချက်ညည်းညူလိုက်သည်။

အဘိုးအိုကား ချက်ချင်း ပြန်ဆုတ်သွားပြီး လက်နှစ်ဘက်နောက်ပစ်ကာ အေးအေးဆေးဆေး ရပ်နေလေသည်။

ကျွဲကြီး မြေပေါ် ဒူးထောက်ချလိုက်လေသည်။

"ဆ...ဆရာ"

အဘိုးအိုက...

"ငါ့ကို ဆရာလို့ မခေါ်နဲ့"

ကျွဲကြီးက...

"ကျွန်..ကျွန်တော်"

"ငါ့မျက်စိအောက်က အခုချက်ချင်း ထွက်သွားစမ်းကွာ"

အဘိုးအို ဒေါသ ဖြစ်နေမှန်းသိလျှင် ကျွဲကြီးလည်း မတတ်သာတော့ဘဲ ဒူးထောက်ရာမှ ထရပ်လိုက်သည်။

ထို့နောက် မည်သူ့ကိုမျှ မကြည့်တော့ဘဲ ပြေးလွှားသွားလေတော့သည်။

♣ ♣ ♣

ကျဲကြီး ထွက်သွားပြီ ဖြစ်၏။

အဘိုးအိုက ကျဲကြီး၏သိုင်းပညာကို ဖျက်ဆီးလိုက်ပြီ ဖြစ်ကြောင်း အားလုံး နားလည်မိကြလေသည်။

ကျင်းကျင်းက အဘိုးအိုအား အကဲခတ်ကြည့်နေ၏။

အဘိုးအိုသည် သူတို့အား ကြောက်ရွံ့၍ ဓားပြန်ပေးခြင်းလော။

ကျဲကြီး၏သိုင်းပညာကို ဖျက်ဆီးပစ်လိုက်သည်လော။

သို့တည်းမဟုတ် တပည့်မိုက်၏လုပ်ရပ်ကို မနှစ်သက်သဖြင့် ယခုကဲ့သို့ လိုက်လျောနေခြင်းလော ဝေခွဲ၍ မရတော့ချေ။

အဘိုးအိုက ကျင်းကျင်းအား စိုက်ကြည့်ကာ…

သူ၏မျက်လုံးအစုံမှာ အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။

အခြေအနေ မဟန်မှန်း ရောင်ကျူး နားလည်မိ၏။

ထို့ကြောင့်…

"သွားကြစို့"

ဟုပြောလေသည်။

ကျင်းကျင်းတစ်ယောက်မှအပ ကျန်လူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ကျင်းကျင်းက အဘိုးအိုအား စိုက်ကြည့်ကာ…

"ရှင်က တပည့်မိုက်ကို ဆုံးမလိုက်တယ်ဆိုတော့ ကျွန်မတို့ ကျေနပ်ရမှာပေါ့လေ၊ ရှင်က နဂါးဓားအပေါ် စော်ကားမော်ကား ပြောခဲ့တာလဲ ခွင့်လွှတ်လိုက်ပါ့မယ်"



စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်"

အဘိုးအို၏ဟန့်တားသံ ထွက်ပေါ်လာလေသည်။

ကျင်းကျင်း ခြေလှမ်းတုန့်ခနဲ ရပ်လိုက်၏။

အဘိုးအိုကို လှည့်ကြည့်လိုက်လေသည်။

အဘိုးအိုက…

"မိန်းကလေး နဂါးဓားဟာ ပ…ယ်ကို တန်ဖိုးရှိတယ် ဟုတ်လား"

ဟုမေးလေသည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ ဘာလဲ ရှင်က မယုံလို့လား"

"ကျုပ်က မယုံလို့ မဟုတ်ပါဘူး၊ ဓားကောင်းတစ်လက်ဆိုတာ ကြားဖူးပါတယ်"

"ဒါဖြင့် ရှင်က ဘာကြောင့် မေးနေရတာလဲ"

ကျင်းကျင်းက ဝ…ကည်တည်ဖြင့် ပြန်မေးလိုက်သည်။

အဘိုးအိုက…

"ကျုပ်က ဘယ်လောက် အဖိုးတန်တဲ့ဓား ဖြစ်ဖြစ် မလိုချင်ဘူးဆိုတာ ပြောပြမလို့ပါ"

"ဒါအဆန်းလားရှင်"

"နေဦး၊ ကျုပ်က ကျွဲကြီးကို အပြစ်ပေးလိုက်တာရယ်၊ မင်းတို့ကို လိုက်လိုက်လျောလျော အလျှော့ပေးဆက်ဆံနေတာရယ်ဟာ မင်းတို့နဲ့ ရင်မဆိုင်ရဲလို့ မင်းထင်နေတယ် မဟုတ်လား"

ကျင်းကျင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင် မဟုတ်ပါလား။

မကြာမီ ပြဿနာ ပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း ရှောင်ကျူး တွက်ဆမိလေသည်။

ခေါင်းကြီးနှင့် စွန်ရဲကို ကြည့်လိုက်၏။

ခေါင်းကြီးနှင့် စွန်ရဲက စိတ်ပျက်သည့် အမူအရာဖြင့် ခေါင်းခါပြလေသည်။

ပြဿနာကို ဖန်တီးသူမှာ ကျင်းကျင်း ဖြစ်နေသည် မဟုတ်ပါလား။

ကိုယ့်ထိုက်နှင့်ကိုယ်ကံ ကိုယ်သာခံဟု သဘောပိုက်ကာ ကျင်းကျင်းအား ပစ်ထားလိုစိတ်များ ဖြစ်ပေါ်နေကြလေသည်။

အဘိုးအိုက…

"မိန်းကလေး ကျုပ်တပည့် မှားယွင်းနေတာရယ်၊ မင်းတို့ရဲ့ ဓားကို စိတ်မဝင်စားတာရယ်ကြောင့် မင်းတို့ကို အလျှော့ပေး ဆက်ဆံနေတယ်ဆိုတာ မှတ်ထားပါ၊ သည်နေရာမှာ ကျုပ်ခွင့်မပြုရင် ဘယ်သူမှ လာလို့ မရသလို လာပြီးရင်လဲ ပြန်ထွက်သွားလို့ မရဘူးဆိုတာ နားလည်သဘောပေါက်ဖို့ လိုလိမ့်မယ်"

"ခစ်..ခစ်..ခစ်"



အဘိုးအို၏စကားအဆုံးတွင် ကျင်းကျင်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

အဘိုးအို၏မျက်နှာ နီရဲသွား၏။

ကျင်းကျင်းသည် သူ့အား လှောင်ပြောင်ရယ်မောနေသည် မဟုတ်ပါလား။

အဘိုးအိုက…

"မိန်းကလေး၊ မင်း သည်မှာ နေခဲ့ရလိမ့်မယ်၊ ဓားကို မင်းလူနဲ့ ပေးလိုက်ပါ၊ သူတို့ကိုတော့ ကျုပ်က သွားခွင့်ပြုလိုက်မယ်"

ဟုပြောလိုက်လေသည်။

"ဘာရှင့်"

ကျင်းကျင်း၏စကားသံ ဟိန်းထွက်လာလေသည်။

အဘိုးအိုက…

"မဆိုင်တဲ့လူတွေ ပြန်လွှတ်လိုက်ပါ၊ ဒါပေမယ့် မင်းတော့ နေခဲ့ရလိမ့်မယ်"

ဟုထပ်ပြောလိုက်လေသည်။

ရှောင်ကျူး ပြုံးလိုက်သည်။

အဘိုးအိုကိုလည်း သဘောကျသွားလေသည်။

ခေါင်းကြီးနှင့် စွန်ရဲလည်း ပြုံးနေသည်ကို တွေ့ရလေသည်။

ကျင်းကျင်းသည် ရှောင်ကျူးတို့ အဘိုးအို၏စကားကို သဘောကျနေမှန်း ရိပ်စားမိသွားလေသည်။

ထို့ကြောင့် မခံမရပ်နိုင်အောင် ဖြစ်သွားပြီး…

"ရှင်က ကျွန်မကို တားဆီးနိုင်မယ့် အရည်အချင်း ရှိလို့လား၊ ကျွန်မ လူတွေကိုပဲ နိုင်အောင် တိုက်ပါဦးရှင့်"

ဟုပြောလိုက်၏။

သူမ၏စကားကြားလျှင် ရောင်ကျူးတို့ ထိတ်လန့်သွားကြလေသည်။

ဝမ်းစုနှင့် ယို့ကျားတို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြလေသည်။

အဘိုးအိုမှာ ရှုံးရှုံးရှားရှား ဖြစ်သွားပါ၏။

ကျင်းကျင်းကိုလည်း စိုက်ကြည့်နေသည်။

ကျင်းကျင်းက...

"ဝမ်းစု၊ သူ့ကို ဆုံးမလိုက်စမ်းပါ"

ဟုပြောလေသည်။

ဝမ်းစု ဒေါပွသွားသည်။

"သခင်မလေး သည်ကိစ္စမှာ.."

သူ၏စကားမဆုံးမီ ကျင်းကျင်းက ကြားဖြတ်ပြောလိုက်လေသည်။

"ဘာလဲ ရှင်က ကျွန်မစကားကို နားမထောင်ဘူးပေါ့ ဟုတ်လား"

ဝမ်းစု၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

မျက်နှာအမူအရာလည်း ပြောင်းလဲသွားသည်။

"ကောင်းပါပြီဗျာ"



မချင့်မရဲ လေသံဖြင့် ပြောကာ အဘိုးအိုဆီသို့ လှမ်းသွားလေတော့သည်။

ဝမ်းစု ရှေ့သို့ တိုးလိုက်သည်နှင့် ယို့ကျားက...

"ကျုပ်အရင်သွားမယ်"

ဝမ်းစု နောက်ဆုတ်လိုက်ရတော့သည်။

အဘိုးအိုသည် ယို့ကျား တိုက်ခိုက်လာသည်ကို မြင်လျှင် ခေါင်းယမ်းလိုက်ပြီး...

"မိန်းကလေး၊ မင်းက ဘာကြောင့် မလာတာလဲ၊ မဆိုင်တဲ့ လူတွေကို ကျုပ်ဒုက္ခမပေးချင်ဘူး"

ကျင်းကျင်း မခိုးမခန့် ပြုံးလိုက်ပြီး...

"သူ့ကိုပဲ အရင် အနိုင်ရအောင် ယှဉ်ပြိုင်ကြည့်ပါဦးရှင်"

ဟုပြောလိုက်လေသည်။

အဘိုးအိုက...

"မင်းက ငါ့ကို အထင်သေးနေတာကိုး၊ ကောင်းပြီ"

စကားဆုံးလျှင် လက်တစ်ဘက် အသာအယာ ဝေ့ယမ်းလိုက်လေသည်။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

ယို့ကျားက နောက်သို့ ပြန်လည်ဆုတ်လာရသည်။

ယို့ကျား၏ မျက်စိမျက်နှာ ပျက်သွားသည်။

"ရှင်"

ကျင်းကျင်းက သူ့အား အော်ငေါက်ရန် ဟန်ပြင်ပြီးမှ ပါးစပ်ပိတ်ထားသည်။

ယို့ကျား၏အမူအရာကို ကြည့်ရုံဖြင့် ထိုအဘိုးအိုမှာ ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်ပါလား။

ဝမ်းစုက...

"ကျုပ်သွားမယ်"

စကားဆုံးလျှင် အဘိုးအိုထံ ခုန်ဝင်သွားသည်။

အဘိုးအိုမှာ နှာခေါင်းရှုံ့လိုက်သည်။

"လာပြန်ပြီလား တစ်ယောက်"

ပြောပြောဆိုဆို ခြေထောက်တစ်ဘက် ဆန့်ထုတ်လိုက်၏။

"ဂုန်း"

အသံတစ်ချက် ထွက်ပေါ်လာသည်။

ဝမ်းစုမှာ အနောက်ဘက်သို့ လွင့်စဉ်သွားသည်။

မြေပေါ် သုံးလေးပတ်မျှ လိမ့်သွားပြီးမှ မတ်တတ်ရပ်နိုင်ခဲ့လေသည်။

ဝမ်းစု၏မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေတော့၏။

အဘိုးအိုက ကျင်းကျင်းကို ကြည့်ကာ...

"မင်း ဘာလုပ်နေတာလဲ"

ဟု လှမ်းမေးလိုက်သည်။

ကျင်းကျင်း အံကြိတ်လိုက်သည်။



အဘိုးအိုမှာ ခေသူ မဟုတ်ကြောင်း နားလည်သွားလေသည်။

ရှောင်ကျူးတို့ ဝင်ရောက်ယှဉ်ပြိုင်လေမည်လားဟု စောင့်ကြည့်နေခဲ့သည်။

ရှောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ တုတ်တုတ်မျှ မလှုပ်လေသောအခါမှ ဒေါ်ပွကာ...

"သတိထားပေတော့"

ဟုအော်ငေါက်ကာ လျှပ်တပြက်သလို လျင်မြန်လွန်းလှပေသည်။

သူမ၏ခန္ဓာကိုယ်ကို ရိပ်ခနဲသာ တွေ့လိုက်ရသည်။

"ခြင်"

မြည်သံတစ်ချက်နှင့် အလင်းရောင် ဝင်းခနဲ လင်းလက်သွားသည်ကိုလည်း တွေ့လိုက်ရ၏။

ကျင်းကျင်း၏လျင်မြန်မှုကို ရှောင်ကျူးပင် ကျိတ်၍ ချီးကျူးမိ၏။

ခေါင်းကြီးနှင့် စွန်ရဲတို့လည်း ခေါင်းညိတ်နေကြ၏။

ကျင်းကျင်း၏လျင်မြန်သော တိုက်ကွက်ကြောင့်လည်းကောင်း၊ သူမက ဓားကို ထုတ်သုံးလိုက်ခြင်းကြောင့်လည်းကောင်း အဘိုးအို ဒုက္ခရောက်နိုင်သည်ကို ရှောင်ကျူး တွေးမိသည်။

သို့သော် အဘိုးအိုအား အထင်သေး၍ မရမှန်း နားလည်ထားရာ ဘာမှမပြောဘဲ နေလိုက်သည်။

ထိုစဉ်...

"ဝုန်း"

လူရိပ်နှစ်ခု ပူးကပ်သွားပြီး ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

တခဏအတွင်းပင် ကျင်းကျင်းက နောက်ဆုတ်လာ၏။

သူမ လက်ထဲဝယ် နဂါးဓား မရှိတော့ပါ။

သူမသည် မကောင်းဆိုးဝါးတစ်ကောင်အား တွေ့မြင်လိုက်ရသည်ပမာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"တော်တော်ကောင်းတဲ့ဓား"

အဘိုးအို၏စကားသံ ထွက်ပေါ်လာသည်။

ရောင်ကျူး လှမ်းကြည့်လိုက်သောအခါ နဂါးဓားသည် အဘိုးအို၏လက်ထဲ၌ ရောက်ရှိလျက် ရှိသည်။

အဘိုးအိုသည် ကျင်းကျင်း၏လက်ထဲမှ ဓားကို လုယူလိုက်ခြင်းတည်း။

အဘိုးအိုက ဓားကို လရောင်အောက်တွင် ထောင်ကြည့်လိုက်သည်။

ဓားမှ ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာသည်။

အဘိုးအို ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ဓားကတော့ ကောင်းပါရဲ့၊ ဒါပေမယ့် ဓားကောင်းတိုင်း ပြည့်စုံတာမှ မဟုတ်ဘဲ၊ ဓားကိုင်တဲ့ လူကိုယ်တိုင်က အကျင့်သီလ



ပြည့်စုံရမယ်၊ ဓားရဲ့ ထက်မြက်မှုကို အသုံးချရာမှာ မှန်ကန်ရမယ်၊ ဒါမှ ဓားရဲ့ စွမ်းပကား သတ္တိအပြည့်အဝ ဖြစ်ထွန်းနိုင်မှာပေါ့"

ဟုပြောလေသည်။

သူ၏စကားကို ရောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့ သဘောကျသွားကြသည်။

အဘိုးအိုသည် ပဥ္စမဓားကို လိုချင်မက်မောသူ မဟုတ်ဘဲ လူကောင်းတစ်ယောက် ဖြစ်ရမည်ဟု တွေးမိလိုက်ကြသည်။

ယခုတိုင် ရောင်ကျူးတို့ တုတ်တုတ်မျှ မလှုပ်ကြသည်ကို ကြည့်ကာ ကျင်းကျင်း ဒေါသခြောင်းခြောင်း ထွက်နေလေတော့သည်။

ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး...

"ကျွန်မဓား ပြန်ပေး"

ဟုတောင်းလိုက်သည်။

အဘိုးအို ပြုံးလိုက်သည်။

"ဒီတစ်ခါတော့ ပြန်မပေးနိုင်တော့ဘူး"

"ဘာရှင့်"

"ဒီဓားဟာ မင်းနဲ့မှ မတန်တာ၊ ဒါကြောင့် ပြန်မပေးနိုင်တာပေါ့"

အဘိုးအိုက ခေါင်းယမ်းကာ ပြောလေသည်။

ကျင်းကျင်းမှာ ဆွေ့ဆွေ့ခုန်သွားတော့သည်။

"နောက်ဆုံးတော့ ရှင်လဲ ပဥ္စမဓားကို မက်မောတာ ပေါ်

လွင်လာပြီ မဟုတ်လား၊ ရှင့်လက်ထဲမှာ ဘယ်လောက်ကြာကြာ ကိုင်ထားနိုင်မလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် အဘိုးအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

အဘိုးအိုက ပြန်လည်တိုက်ခိုက်ခြင်း မပြုပါချေ။

သူ၏အနီးသို့ ကျင်းကျင်း ရောက်ရှိလာသောအခါ သူသည် အိမ်ခေါင်မိုးပေါ်သို့ ရိပ်ခနဲ ခုန်တက်ကာ ရှောင်တိမ်းလိုက်၏။

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

စွန်ရဲ လွှတ်ခနဲ ချီးကျူးလိုက်သည်။

ကိုယ်ဖော့ပညာနှင့် ပတ်သက်လျှင် လွန်စွာပင် အဆင့်မြင့်သည့် စွန်ရဲကိုယ်တိုင်ပင် ချီးကျူးလိုက်ခြင်းကြောင့် အဘိုးအို၏ကိုယ်ဖော့ပညာ အဆင့်အတန်းကို သိနိုင်ပေသည်။

အဘိုးအိုသည် ခေါင်မိုးပေါ်၌ ထိုင်ချလိုက်၏။

မကျေမနပ် ဖြစ်နေသည့် ကျင်းကျင်းကို ကြည့်ကာ တဟားဟား ရယ်မောနေလေသည်။

ကျင်းကျင်း အံကြိတ်လိုက်သည်။

"သေပေတော့"

အော်ငေါက်ရင်း လက်ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော အလင်းရောင်တန်းလေးများ ထွက်ပေါ်လာပြီး အဘိုးအိုထံ တိုးဝင်သွားသည်။

အဘိုးအို ခေါင်းယမ်းလိုက်သည်။



"ဟေ့ ဒီလို မလုပ်နဲ့လေကွာ"

ပြောပြောဆိုဆို လက်ထဲ ကိုင်ထားသည့် ဓားကို ဝှေ့ယမ်းလိုက်၏။

"ခြွင်..ခြွင်..ခြွင်"

မြည်သံများနှင့်အတူ လက်နက်ပုန်းကလေးများ မြေပေါ် တဖြုတ်ဖြုတ် ကျကုန်လေတော့သည်။

ကျင်းကျင်း ငိုင်သွား၏။

အဘိုးအိုအား တိုက်ခိုက်၍ မရသည့်အဆုံး ရှောင်ကျူးဘက်သို့ လှည့်ကြည့်လိုက်သည်။

မြေပေါ် ခြေဆောင့်ရင်း ဒေါသသံဖြင့်...

"ရှင် ဘာလုပ်နေတာလဲ"

ဟုငေါက်လိုက်လေသည်။

ရှောင်ကျူး ပြုံးလိုက်၏။

"ရပ်နေတာလေ"

"ဘာရှင့်"

"ရပ်ကြည့်နေတာပေါ့"

"ရှင်..ရှင်"

ကျင်းကျင်းမှာ ဒေါသဖြင့် မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်နေလေသည်။

ရှောင်ကျူးက...

"ဒီကိစ္စ ခင်ဗျားက စခဲ့တာပဲ၊ ခင်ဗျားရှင်းပေါ့"

"ဘာရှင့်"

"ကျုပ်တို့ အေးအေးဆေးဆေး ထွက်သွားလို့ ရလျက်သားနဲ့ ခင်ဗျားက သွားစတာကိုး"

"ရှင်..ရှင်"

ရောင်ကျူးက ဆက်ပြောလိုက်လေသည်။

"အခု ခင်ဗျား ဘာလုပ်မလဲ၊ ဓားက သူ့လက်ထဲ ရောက်နေပြီ"

"ရှင်ပြန်ယူပေးရမယ်"

"ဘာဗျ"

"ရှင်ဟာ ဝမ်းစုတို့အတွက် အကူအညီပေးဖို့ လာခဲ့တာ မဟုတ်လား၊ ဒါကြောင့် ရှင့်မှာ တာဝန်ရှိတယ်"

"ဟား..ဟား..ဟား"

ရောင်ကျူးက သဘောကျစွာ ရယ်မောလိုက်သည်။

ကျင်းကျင်းမှာ ရောင်ကျူးအား သတ်ပစ်လိုစိတ်များပင် ဖြစ်ပေါ်နေလေတော့သည်။

ရောင်ကျူး ရယ်မောလိုက်ပြီးမှ...

"ဒါပါနဲ့ဆို ကျုပ်ကို ထွက်သွားအောင် လုပ်တာ နှစ်ခါရှိပြီ၊ သည်တစ်ခါ ကျုပ်ထွက်သွားပြီဆိုရင် ဘယ်တော့မှ ပြန်မလာတော့ဘူး မှတ်ပါ"

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။



"နေပါဦး..နေပါဦး"

ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့က ကပျာကယာ ဟန့်တားလိုက်ကြလေသည်။

ရောင်ကျူးက လှည့်ကြည့်လိုက်သည်။

ဝမ်းစုက...

"ငါတို့ မျက်နှာကို ထောက်ထားပါဦးကွာ"

ဟုမျက်နှာငယ်လေးဖြင့် ပြောလေသည်။

လူယုံတော် ယို့ကျားက...

"မင်းက ခရီးဆုံး ရောက်တဲ့အထိ လိုက်ခဲ့ပြီးတဲ့နောက်မှာ ကျုပ်က မင်းရှေ့မှာ ဒူးထောက်တောင်းပန်ပါမယ်"

ဟုပြောလိုက်လေသည်။

သူတို့ စကားသံကို နားထောင်ကြည့်ယုံဖြင့် ရင်ထဲဝယ် မည်သို့ ခံစားနေရမည်ကို သိနိုင်၏။

ရောင်ကျူး သက်ပြင်းချလိုက်သည်။

"ကောင်းပြီ၊ ကျုပ်ကူညီပါ့မယ်"

ဟုပြောလိုက်လေသည်။

ထိုစကားကြားလျှင် ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့ စိတ်သက်သာရာ ရရှိသွားကြလေသည်။

ကျင်းကျင်းကား မျက်နှာထား တင်းတင်းဖြင့် ကြည့်နေဆဲ။

ရောင်ကျူးက သူမအား အရေးမစိုက်ဘဲ ခေါင်မိုးပေါ်၌ ထိုင်နေသည့် အဘိုးအိုကို ကြည့်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ကျေးဇူးပြုပြီး ဓားကို ပြန်ပေးပါလား"

ဟုလက်နှစ်ဘက် ဆုပ်လိုက်ပြီး ချိုသာသော လေသံဖြင့် ပြောလိုက်သည်။

ကျင်းကျင်းက မနှစ်မြို့ဟန်ဖြင့် ကြည့်နေသည်။

အဘိုးအိုက ရှောင်ကျူးအား ခေါင်းငုံ့ကြည့်လိုက်သည်။

"ငါ့ကို ပြောတာလားကွ"

ဟုမေးလေသည်။

ရှောင်ကျူး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်းက ဓားလိုချင်လို့လား"

"ဟုတ်ပါတယ်၊ ကျွန်တော်က သူတို့ကို ကာကွယ်စောင့်ရှောက်မယ်လို့ ကတိပြုပြီးသား ဖြစ်နေပါတယ်၊ သူတို့ လုပ်ရပ် များ ယွင်းနေတယ်ဆိုတာလဲ ကျွန်တော်သိပါတယ်၊ တကယ်လို့ ဓားပြန် မရဘူးဆိုရင်.."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

အဘိုးအို ပြုံးလိုက်သည်။

လက်ထဲမှ ဓားကို ဝှေ့ယမ်းပြလိုက်ပြီး...

"ဓားလိုချင်တယ်ဆိုရင် အပေါ်တက်ခဲ့လေကွာ"

ဟုပြောလိုက်လေသည်။

ရှောင်ကျူးလည်း ပြုံးလိုက်သည်။



"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

စကားဆုံးလျှင် မြေပေါ် ခြေဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်သည်။

အဘိုးအိုက လက်ထဲမှ ဓားကို ဝှေ့ယမ်းလိုက်သည်။

ဝင်းလက်သော အလင်းရောင်တစ်ချက် ထွက်ပေါ်လာ၏။

"သတိထား"

စွန်ရဲက ရှောင်ကျူးအတွက် စိုးရိမ်သွားပြီး လှမ်း၍ သတိပေးလိုက်လေသည်။

ရှောင်ကျူး အပေါ်မရောက်မီ အဘိုးအိုက တိုက်ခိုက်လာနိုင်ကြောင်း ရိပ်မိထားပါသည်။

အဘိုးအို တိုက်ခိုက်လာသည်နှင့် သံမဏိတုတ်တံကို အသုံးပြုလိုက်၏။

သံမဏိတုတ်တံသည် ရိပ်ခနဲ ထွက်ပေါ်လာသည်။

ရှောင်ကျူး၏လက်ထဲဝယ် တစ်လံခန့် ရှည်သော သံမဏိတုတ်တစ်ချောင်းအဖြစ် ထွက်ပေါ်လာသည်။

သံမဏိတုတ်တံထိပ်ဖျားသည် အဘိုးအို၏ရင်ဝရှိ အဓိကသွေးကြောသုံးနေရာသို့ တရိပ်ရိပ် တိုးဝင်သွား၏။

မည်သည့် သွေးကြောနေရာကို ဦးတည်တိုက်ခိုက်လိုက်မှန်း မသိနိုင်ချေ။

ထို့ကြောင့်လည်း အဘိုးအိုသည် ရှောင်ကျူးအား ဓားဖြင့် မခုတ်ရဲဘဲ သူ၏ရင်ဝရှေ့၌ ကာကွယ်လိုက်ရလေတော့သည်။

"ခြင်"

မြည်သံတစ်ချက် ထွက်ပေါ်လာ၏။

သံမဏိတုတ်တံ ကိုင်ဆောင်ထားသည့် လက်မောင်းတစ်ခုလုံး ကျဉ်တက်သွားရလေသည်။

အခြေအနေ မဟန်မှန်းသိ၍ သံတုတ်တံကို ကပျာကယာ သိမ်းဆည်းလိုက်ရလေသည်။

သံမဏိတုတ်တံသည် တစ်လံခန့် အရှည်ရှိရာမှ ရုတ်ခြည်းပင် တစ်တောင်ခန့်အထိ မရှိတစ်ရှိသို့ တိုဝင်သွား၏။

ရောင်ကျူး၏အင်္ကျီလက်အိုးကြားဝယ် ဝင်ရောက်ကွယ်ပျောက်သွားလေတော့သည်။

သံမဏိတုတ်တံ ထွက်ပေါ်လာသည်မှာလည်းကောင်း၊ ပြန်လည်ပျောက်သွားသည်မှာလည်းကောင်း၊ လျှင်မြန်လွန်းသည်ဖြစ်ရာ မျက်စိလျှင်ကြသူများပင် ရိုးခနဲ ရိပ်ခနဲသာ တွေ့မြင်လိုက်ကြရလေသည်။

အဘိုးအိုသည် ဓားကို ပြန်လည်ရုပ်သိမ်းပြီးလျှင် လှမ်းကြည့်လိုက်သည်နှင့် ရောင်ကျူးမှာ သူနှင့် မလှမ်းမကမ်းတွင် ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

အဘိုးအိုသည် သက်ပြင်းချလိုက်သည်။

"မင်း မဆိုးဘူး"

ဟုချီးကျူးလိုက်၏။

ရောင်ကျူးက...



"ဦးက ညှာလိုက်လို့ပါဗျာ"

"မင်းက သူတို့အတွက် အလုပ်လုပ်ပေးနေတယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"အင်း မင်းငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားမှာ နှမြောစရာကောင်းတယ်"

"ဗျာ"

အဘိုးအို ဓားကို ရောင်ကျူးထံ ကမ်းပေးလိုက်၏။

အဘိုးအိုက...

"ယူပါကွာ၊ မင်းကို ငါဒုက္ခမပေးချင်ပါဘူး"

"ဦးက"

"ယူပါကွာ"

အဘိုးအို၏မျက်နှာ တည်ကြည်လေးနက်နေ၏။

အကောက်ကြံမည် မဟုတ်ကြောင်း ရောင်ကျူး နားလည်မိ၏။

ထို့ကြောင့် ဓားကို လှမ်းယူလိုက်လေသည်။

အဘိုးအိုသည် သူ့အား တိုက်ခိုက်လာခြင်း အလျဉ်းမရှိပါချေ။

ရောင်ကျူးက ပဥ္စမဓားကို စိတ်ဝင်စားခြင်း အလျဉ်းမရှိသလို ဓားကို ဘေးသို့ ချထားလိုက်၏။

အဘိုးအိုသည် မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ကျင်းကျင်း၊ လူယုံတော် ယို့ကျားနှင့် ဝမ်းစုတို့ မချင့်မရဲ ဖြစ်လာကြ၏။

ဓားကိုယူကာ ပြန်ဆင်းလာလျှင် အဘိုးအိုအား အရေးစိုက်စရာ မလိုတော့ဟု ယူဆထားကြလေသည်။

သို့သော် ရောင်ကျူးက ဆင်းမလာဘဲ ဆက်၍ ထိုင်နေသည် မဟုတ်ပါလား။

ခေါင်းကြီးနှင့် စွန်ရဲတို့သည် ရောင်ကျူးမှာ ထူးခြားမှု တစ်ခုခုနှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း နားလည်လိုက်ကြလေသည်။

ထို့ကြောင့် အချိန်မရွေး မိမိတို့ ခေါင်မိုးပေါ် ခုန်တက် တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ထိုအချိန်တွင် ခေါင်မိုးပေါ်၌ ရောင်ကျူးနှင့် အဘိုးအိုတို့မှာ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြဆဲ။

အတော်ကလေးကြာသွားမှ အဘိုးအို သက်ပြင်းချကာ…

"မင်းလိုချင်တဲ့ဓားရပြီ မဟုတ်လား၊ ဘာကြောင့် မသွားသေးတာလဲ"

ဟုမေးလေသည်။

ရောင်ကျူးက…

"ဦးကို မေတ္တာရပ်ခံချင်လို့ပါ"

"ဟေ"

အဘိုးအို မျက်လုံးပြူးသွားသည်။

ရောင်ကျူးအား နားမလည်နိုင်စွာ ကြည့်ကာ…



"ငါ့ကို မေတ္တာရပ်ခံမလို့ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကဲ ပြောစမ်းပါဦး၊ ဘာများလဲ"

"ကျွန်တော်တို့ကို ဟန့်တားမယ့်ရန်သူ ရှိနေတာကို ဦး သိတယ် မဟုတ်လား"

"ဟေ"

အဘိုးအိုက ရောင်ကျူးအား စိုက်ကြည့်လိုက်ပြန်သည်။

ရောင်ကျူး ပြုံးနေ၏။

"မင်းက"

"အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာ ဦးသိပါတယ်၊ ကျွန်တော့်ကို ပြောပြပါလားဗျာ"

ဟုချိုချိုသာသာ လေသံဖြင့် ပြောလိုက်လေသည်။

အဘိုးအိုက…

"နေပါဦး၊ မင်းတို့ကို ဒုက္ခပေးမယ့်လူတွေ ရှိနေတယ်ဆိုတာ မင်းက ဘယ်လိုလုပ် သိတာလဲ"

"ဦးပဲ ပြောပြခဲ့တာလေ"

"ဘာကွ"

"ဦးက ကျွန်တော့် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေရမှာ နှမြောစရာကောင်းတယ်လို့ ပြောခဲ့တယ် မဟုတ်လား"

အဘိုးအို ရယ်မောလိုက်လေသည်။

"မင်းတော်တော်လည်တဲ့ ကောင်လေးပဲ"

ဟုပြောလိုက်လေသည်။

ရောင်ကျူးက…

"ကျေးဇူးပြုပြီး အဲဒီလူ ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါ လား ခင်ဗျာ"

ဟုထပ်မေးလိုက်၏။

အဘိုးအို ခေါင်းယမ်းလိုက်သည်။

"မင်းသိလို့ကော ဘာထူးမှာလဲကွ"

"ထူးတာပေါ့ ဦးရယ်၊ ဘယ်သူဘယ်ဝါဆိုတာ သိရရင် ဘယ်လို ရင်ဆိုင်ရမယ်ဆိုတာ တွေးလို့ရမှာပါ"

"ဟေ မင်းက ရင်ဆိုင်နိုင်မယ် ထင်နေတယ်ပေါ့"

ရောင်ကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"မင်းသေသွားမှာပေါ့"

"ကျွန်တော်က ဦးနဲ့ စကားပြောနေသေးတယ်လေ"

"အို သူနဲ့မှ မတွေ့သေးတာ"

"ဦးပြောတာနဲ့ ကျွန်တော်တောင် တွေ့ချင်စိတ်ပေါ်လာပြီ"

"မင်း…"

အဘိုးအိုသည် ရောင်ကျူးအား အကြောက်အလန့် မရှိရှိ ကောဟူသည့် အကြည့်ဖြင့် ကြည့်လိုက်လေသည်။

ရောင်ကျူးက ပြုံးနေ၏။

အဘိုးအို ကျွဲမြီးတိုသွားသည်။



"သူ့နာမည် ငါပြောလိုက်တာနဲ့ မင်းကြောက်ဒူးတုန်သွားမှာပဲ"

"ဦးပြောသလို ဖြစ်မလာဘူးဆိုယင်ကော"

"ကောင်းပြီ၊ ဒီနယ်က ထွက်တာနဲ့ တောင်ကြားလမ်းတစ်ခုကို ရောက်လိမ့်မယ်၊ အဲဒီမှာ မီးဘီလူးဆိုတဲ့လူက မင်းတို့ကို စောင့်နေတာကွ"

'မီးဘီလူး'ဆိုသည့် အမည်ကို ကြားလျှင် ရောင်ကျူး ကြောက်ရွံ့ထိတ်လန့်သွားလိမ့်မည်ဟု အဘိုးအို ယုံကြည်ထားလေသည်။

သို့ပါသော်လည်း ရောင်ကျူးက ပြုံးနေသည်ကို တွေ့ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မီးဘီလူး ဟုတ်လား၊ တော်တော်ရယ်စရာကောင်းတဲ့ နာမည်ပဲ"

ရောင်ကျူးက ပြောလိုက်၏။

အဘိုးအို ဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။

ရောင်ကျူးအား စိုက်ကြည့်ကာ…

"မင်းက မီးဘီလူးကို မကြောက်ဘူးလား"

ဟုမအောင့်အည်းနိုင်ဘဲ မေးလိုက်လေသည်။

ရောင်ကျူး ခေါင်းယမ်းလိုက်သည်။

"မကြောက်ဘူး"

"ကောင်းကွာ"

အဘိုးအိုက စိတ်ပျက်လက်ပျက် ပြန်လည်ထိုင်ချလိုက်၏။

ရောင်ကျူးက လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး...

"အခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

စကားဆုံးလျှင် ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်တော့သည်။

♣ ♣ ♣

"ရော့ ခင်ဗျားဓား"

ရောင်ကျူးက ပဋ္ဌမဓားကို ကျင်းကျင်းလက်ထဲ ထည့်ပေးလိုက်လေသည်။

ကျင်းကျင်း ကြောင်အမ်းအမ်း ဖြစ်နေ၏။

ရောင်ကျူးကို ကြည့်ကာ စကားပြောမထွက်ချေ။

ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့ သက်ပြင်းချလိုက်ကြလေသည်။

ရောင်ကျူးက အဘိုးအိုထံမှ ပဋ္ဌမဓားအား မည့်သည့်နည်းနှင့် ရယူခဲ့သည်ကို သိလိုကြပါသော်လည်း မမေးဝံ့ချေ။

ခေါင်းကြီးနှင့် စွန်ရဲတို့ကလည်း ဘာမှ မပြောဘဲ ရပ်ကြည့်နေ၏။ ရောင်ကျူးက ကျင်းကျင်းလက်ထဲ ဓားထည့်ပေးပြီးနောက်...

"ကျုပ်တို့ ဒီနေရာက ထွက်သွားသင့်တာ ကြာပြီ"

ဟုပြောလိုက်သည်။



ထို့နောက် ခပ်သွက်သွက် လှမ်းထွက်ခဲ့၏။

ယခုတစ်ကြိမ် ကျင်းကျင်းက ဟန့်တားခြင်း မပြုတော့ပါချေ။

အဘိုးအိုသည် ခေါင်မိုးပေါ်တွင် ထိုင်နေဆဲ။

ကျင်းကျင်းသည် ရောင်ကျူးနောက်မှ လိုက်သွား၏။

ကျန်လူများလည်း ယခုမှ သက်ပြင်းချနိုင်ပြီး နောက်မှ လိုက်သွား၏။

တောအုပ်ကို ဖြတ်ကျော်ပြီး မြို့စွန်သို့ ပြန်လည် ရောက်ရှိလာကြလေသည်။

ထိုအခါ ကျင်းကျင်းက မအောင့်အည်းနိုင်တော့ဘဲ...

"ခဏနေပါဦးရှင်"

ဟုဟန့်တားလိုက်လေသည်။

ရောင်ကျူး ခြေလှမ်းရပ်လိုက်သည်။

ကျင်းကျင်းကို လှည့်ကြည့်လိုက်သည်။

ကျင်းကျင်းက...

"ရှင်က ဓားကို ဘယ်လိုလုပ် ပြန်ယူလာတာလဲ"

ဟုမေးလိုက်လေသည်။

ရောင်ကျူးက...

"ခင်ဗျား မြင်တဲ့အတိုင်းပဲ"

"ရှင်..ရှင်"

ထိုအချိန်တွင် ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့သည် သူတို့

၏အနီး ရောက်ရှိလာကြလေသည်။

ရှောင်ကျူးက ဝမ်းစုကို ကြည့်ကာ...

"မီးဘီလူးဆိုတဲ့နာမည်ကို ခင်ဗျားကြားဖူးသလား"

ဟုမေးလိုက်လေသည်။

မီးဘီလူးဟူသည့်အမည်ကို ကြားလျှင် ဝမ်းစု မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

"ဘာ မီးဘီလူး ဟုတ်လား"

သူ၏စကားသံ ဟိန်းထွက်လာသည်။

ရှောင်ကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူ..သူက.."

"သူ့ကို ခင်ဗျားသိသလား"

ဝမ်းစု သက်ပြင်းချလိုက်သည်။

စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ထားလိုက်ပြီး...

"သူဟာ တကယ့်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

ဟုပြောလိုက်၏။

ရှောင်ကျူးက...

"သူ့ကို ခင်ဗျားသိတယ်ပေါ့"

"သိုင်းလောကသားတိုင်း နာမည်ကြားဖူးထားကြတာချည်းပဲ"



အနီးသို့ ရောက်ရှိလာပြီ ဖြစ်သော လူယုံတော် ယို့ကျားက ကြားဝင်ပြောလိုက်သည်။

"မီးဘီလူး ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ လူတိုင်း သိကြတယ်၊ သူဟာ သိုင်းပညာတော်တယ်၊ အကြင်နာတရားကင်းမဲ့တယ်၊ ရက်စက်ကြမ်းကြုတ်မှုကတော့ ကမ်းကုန်အောင်ပဲ၊ မီးဘီလူးလက်ထဲ ရောက်တာထက် သေရတာက ပိုကောင်းတယ်လို့ လူတိုင်း ပြောကြတာပဲ"

ရှောင်ကျူး ပြုံးလိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့ သေဖို့ ကြိုးစားကြပေတော့"

"ဟေ"

"မီးဘီလူးက ကျုပ်တို့ကို ဒုက္ခပေးဖို့ စိုင်းပြင်းနေပြီလေ"

လူယုံတော် ယို့ကျား ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းစုက...

"ဟိုအဘိုးကြီးက မင်းကို ပြောပြလိုက်တာ ဟုတ်လား"

"ဟုတ်တယ်"

"သူ့စကား ယုံရပ့ါမလား"

"ဒါတော့ ခင်ဗျားသဘောပဲ"

ဝမ်းစုလည်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျင်းကျင်းက...

"ရှင်ပြောသလို မီးဘီလူးက ဒုက္ခပေးဖို့ စိုင်းပြင်းနေပြီဆိုရင် သူ့ကို ဘယ်မှာတွေ့နိုင်တယ်၊ ဘယ်လိုဒုက္ခပေးမယ်ဆိုတာကော

ရှင်မမေးခဲ့ဘူးလား"

ဟုဝင်မေးလိုက်လေသည်။

ရှောင်ကျူးက...

"တောင်ကြားထဲမှာ"

"ဘာရှင့်"

"သူက ခင်ဗျားရဲ့ ခရီးစဉ်ကို သိနှင့်နေပုံရတယ်၊ တောင်ကြားထဲမှာ ဒုက္ခပေးဖို့ စောင့်နေတယ်"

ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့က ကျင်းကျင်းအား ကြည့်လိုက်ကြ၏။

ကျင်းကျင်းက...

"ရှင်ပြောတာ သေချာတယ်နော်"

ဟုမေး၏။

ရှောင်ကျူးက စိတ်မရှည်တော့ဘဲ...

"ဘာလဲ တောင်ကြားထဲ ရောက်ပြီး ဒုက္ခနဲ့ ရင်ဆိုင်တိုးမှ ကျုပ်စကား မှန်ပါလားလို့ ခင်ဗျားပြောမှာလား"

ကျင်းကျင်း ပါးစပ်ပိတ်ထားလိမ့်မည်ဟု ခေါင်းကြီးနှင့် စွန်ရဲတို့ ထင်မှတ်ကြလေသည်။

သို့သော် ကျင်းကျင်းက...

"ဒါတော့ တောင်ကြားထဲရောက်မှ သိရမှာပေါ့"

ဟုပြန်ပြောလိုက်၏။

သူမ၏စကားကြားရလျှင် အားလုံး အံ့သြတကြီး ဖြစ်ကုန်



ကြရလေတော့သည်။

ကျင်းကျင်းကို ဝိုင်းကြည့်လိုက်ကြ၏။

ဝမ်းစုက...

"မီးဘီလူးက တောင်ကြားထဲမှာ ဒုက္ခပေးဖို့ စောင့်နေမယ်ဆိုတာ သခင်မလေး သိတယ်လား"

ဟုမေးလိုက်၏။

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"သိပါတယ်၊ သူစောင့်နေတယ်ဆိုတာ သိနိုင်တာပဲ"

"သိလျက်နဲ့ တောင်ကြားထဲကို ဝင်သွားမယ်ဆိုရင် မိုက်မဲရာ ကျမနေဘူးလား"

ကျင်းကျင်း ပြုံးလိုက်သည်။

"မီးဘီလူး ရှိနေတာနဲ့ပဲ တောင်ကြားလမ်းက မဖြတ်ရတော့ဘူးလား"

"သူက.."

"သူက နာမည်ကြီးနေသလောက် တကယ် အရည်အချင်း ရှိမရှိ ကျွန်မသိချင်တယ်လေ"

"သခင်မလေး"

"ကျွန်မတို့ တောင်ကြားက ဖြတ်သွားမယ်"

ကျင်းကျင်းက ယတိပြတ် ဆုံးဖြတ်ထားပြီးဟန်ဖြင့် ပြောလိုက်လေသည်။

ဝမ်းစုနှင့် လူယုံတော် ယို့ကျားတို့ ခေါင်းငိုက်စိုက်ကျသွား၏။

ရောင်ကျူးက ကျင်းကျင်းကို အံ့သြစွာ ကြည့်နေ၏။

ကျင်းကျင်း၏ စိတ်နေသဘောထားကိုလည်း ရိပ်စားမိသလို ရှိလာ၏။

ကျင်းကျင်းသည် အသက်ကို အမှုမထားဘဲ အတွေ့အကြုံများ၊ စွန့်စားမှုများ၊ ရှာဖွေနေသူနှင့် တူသည်ဟု ထင်မှတ်မိလာခြင်းဖြစ်၏။

ကျင်းကျင်းအား မည်သူမျှ တားဆီး၍ ရမည် မဟုတ်ကြောင်းလည်း တဆက်တည်း တွေးမိသည်။

ထို့ကြောင့်...

"ကောင်းသားပဲ၊ သွားကြတာပေါ့"

ဟုခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။

သူ၏စကားကြားလျှင် စွန်ရဲနှင့် ခေါင်းကြီးတို့က ပြုံးတုံ့သက်ပြင်းချလိုက်လေတော့သည်။

♣ ♣ ♣



## မီးဘီလူး

နေခြည်ဖြာကျနေသည်။

လမ်းဘေးတစ်ဘက်တစ်ချက်မှ စိမ်းလန်းသော သစ်ပင်ကြီးများ တဖြည်းဖြည်း ကျဲပါးလာသည်။

ချုံပုတ်စုစုကလေးများ ဟိုနားသည်နား တွေ့နေရ၏။

သစ်ပင်ကြီးများအစား ကျောက်တုံးကျောက်ခဲများကို တွေ့လာရသည်။

အရှေ့ဘက်တွင် လွန်စွာမှပင် မြင့်မားသည့် တောင်ကြီးတစ်လုံး ကာဆီးနေသည်။

သဲဝါလမ်းကလေးသည် ထိုတောင်မြင့်ကြီးဆီသို့ ရှေ့ရှုလျက်ရှိ၏။

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

သဲဝါလမ်းအတိုင်း မြင်းလှည်းတစ်စီးအား မြင်းစီးသမားငါးယောက် ခြံရံလျက် ခရီးနှင်လာနေကြသည်ကို တွေ့နိုင်၏။

ထိုခရီးသည်လူစုကား ရှောင်ကျူးတို့လူစုပင် ဖြစ်သည်။

ဝမ်းစုနှင့် ယို့ကျားတို့က မြင်းလှည်းအနောက်ဘက်မှ စောင့်ကြပ်လိုက်ပါလာ၏။

သူတို့၏မျက်နှာများ မသာမယာ ဖြစ်နေ၏။

အဝေးမှ တောင်ကြီးကို လှမ်းကြည့်လိုက်၊ သက်ပြင်းချလိုက်ဖြင့် စိတ်ရှုပ်ထွေးနေကြဟန် ရှိ၏။

ရှောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့မှာမူ မြင်းကိုယ်စီဖြင့် မြင်းလှည်းရှေ့ ဝါးတစ်ရိုက်ခန့် အကွာမှ သွားနေကြသည်။

အနက်ရောင်ဝတ်ဆင်ထားသည့် မိန်းကလေးသည် မတုန်မလှုပ် ကျောက်ရုပ်ပမာ တောင့်တောင့်ကြီး ထိုင်နေပြီး ခံစားချက်အလျဉ်းကင်းမဲ့သည့်အသွင်ဖြင့် မြင်းလှည်းကို မောင်းနှင်နေသည်။

ကျင်းကျင်းက မြင်းလှည်းအိမ်အတွင်းမှ သက်တောင့်သက်သာ လိုက်ပါလာခဲ့၏။

တဖြည်းဖြည်း ခရီးနှင်လာခဲ့ကြရာ မှိုင်းညို့ညို့ တောင်ခြေရင်းသို့ပင် ရောက်မှန်းမသိ ရောက်လာကြသည်။

ခေါင်းကြီးက အဝေးသို့ လှမ်းမျှော်ကြည့်လိုက်၏။

သဲဝါလမ်းကလေးသည် တောင်ခြေရင်းသို့ ရှေ့ရှုသွားပြီး တောင်ကြားလမ်းအဖြစ် ကွေ့ကောက်လျက် အတွင်းပိုင်းသို့ ဝင်သွားသည်ကို တွေ့ရ၏။

ခေါင်းကြီးက...

"တောင်ကြားလမ်းက တကယ့်ကို ထောင်ချောက်ပဲ"



ဟုပြောလိုက်သည်။

စွန်ရဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တစ်ဘက်တစ်ချက်မှာလဲ တောင်နံရံတွေက မြင့်မားမတ်စောက်တယ်၊ ဒီနေရာမှာ လူတစ်ရာလောက်ကို လူတစ်ယောက်က ခုခံရင်ဆိုင်နိုင်တာပဲ"

သူတို့သည် ရှောင်ကျူးအား လှမ်းကြည့်လိုက်သည်။

ရှောင်ကျူးသည် အဝေးသို့ ငေးကာ တွေးတောစဉ်းစားနေသည်ကို တွေ့ရ၏။ အတော်လေးကြာမှ...

"ဟုတ်ပြီ၊ ဒီအတိုင်းပဲ လုပ်ရမယ်"

ဟုရေရွတ်လိုက်၏။ ခေါင်းကြီးက...

"မင်း ဘာတွေ စဉ်းစားနေတာလဲ၊ ဘာတွေ လုပ်ရမှာလဲ"

ရှောင်ကျူးက ပြုံးလိုက်သည်။

"ငါတို့ တောင်ကြားထဲဝင်ပြီး မီးဘီလူးကို ရင်ဆိုင်မယ်လေကွာ"

"ဒါတော့ မင်းပြောမှလား"

"ငါပြောတာ ဆုံးအောင် နားထောင်စမ်းပါဦး၊ ငါတို့က တောင်ကြားထဲ ရောက်သွားရင် မီးဘီလူး ကြိုတင်စီစဉ်ထားတဲ့ အတိုင်း ဖြစ်သွားနိုင်တယ်၊ တို့က အထဲမဝင်ဘဲ အပေါက်ဝမှာပဲနေရင် သူဘာတတ်နိုင်ဦးမှာလဲ"

ခေါင်းကြီးက...

"တောင်ကြားဝကနေပြီး သူ့ကို အပြင်ထွက်လာအောင်

ခေါ်ထုတ်ကြမယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်လေ"

"သူက တောင်ကြားထဲက ထွက်လာပါ့မလား"

"ထွက်လာအောင် လုပ်ရမှာပေါ့"

"ဟို မစ္စာကျယ်က ဘာပြောဦးမလဲ မသိဘူး"

စွန်ရဲ ဝင်ပြောလိုက်သည့် စကားကြောင့် ရှောင်ကျူးနှင့် ခေါင်းကြီးတို့ သဘောကျစွာ ရယ်မောလိုက်မိကြသည်။

သူတို့သည် တောင်ကြားအဝင်ဝသို့ မရောက်မီ ဝါးတစ်ရိုက် ခန့်အကွာတွင် မြင်းကို ရပ်တန့်လိုက်ကြ၏။

တခဏအတွင်းပင် ကျင်းကျင်း လိုက်ပါလာသည့် မြင်း လှည်းနှင့် ဝမ်းစုတို့ ရောက်ရှိလာကြလေသည်။

ရှောင်ကျူးတို့က လမ်းပိတ်ရပ်နေကြရာ မြင်းလှည်းမှာ ရှေ့ ဆက်မမောင်းသာတော့ဘဲ ရပ်တန့်လိုက်ရ၏။

"ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

ကျင်းကျင်း၏စကားသံ ထွက်ပေါ်လာသည်။

တဆက်တည်းပင် မြင်းလှည်းတံခါး ပွင့်သွားကာ အပြင် ဘက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ကျူး၊ ခေါင်းကြီးနှင့် စွန်ရဲတို့က သူမအား မသိကျိုး ကျွံပြုကာ တောင်ကြားဝဘက်သို့ မျက်နှာမူကာ ရပ်နေ၏။

ကျင်းကျင်းက သူတို့အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်သွားပြီး လျှင်...



"ရှင်တို့ ဘာလုပ်နေကြတာလဲ၊ တောင်ကြားထဲ မဝင်ရဲကြ ဘူးလား"

ဟု ကဲ့ရဲ့လိုက်လေသည်။

ရှောင်ကျူးက လှည့်ပင် မကြည့်ဘဲ လက်ကာပြလိုက်၏။

"တိတ်တိတ်နေစမ်းပါဗျာ"

ကျင်းကျင်းမှာ သူ့အား အဖက်မတန်သလို ဆက်ဆံခြင်း ခံလိုက်ရသဖြင့် ဒေါသထွက်သွားလေသည်။

"ဘာရှင့်၊ ဘာပြောတယ်"

ရှောင်ကျူးက သူမဘက်သို့ လှည့်လာသည်။

သူမအား အသိတရားကင်းမဲ့သူတစ်ယောက်ဟု သတ်မှတ် သည့် လေသံမျိုးဖြင့်...

"ခင်ဗျားက အရေးထဲ လာရှုပ်နေနိုင်သေးတာကိုး၊ တောင် ကြားဝမှာ လူရိပ်တစ်ခု တွေ့လိုက်ရလို့ ကျုပ်တို့ အခြေအနေ စောင့်ကြည့်နေကြတာ"

ဟုပြောလိုက်၏။

သူက လိမ်ပြောလိုက်ခြင်း ဖြစ်လေသည်။

သို့သော် ကျင်းကျင်း ယုံကြည်သွားသည်။

"ဘာ လူရိပ်တွေ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်မှာလဲ"

ရှောင်ကျူးက အဖြေမပေးဘဲ တောင်ကြားဘက် မျက်နှာ

ပြန်မူလိုက်၏။

ကျင်းကျင်းက သူ့အား မကြည့်ဘဲ တောင်ကြားဘက်သို့ ကြည့်လိုက်တာဖြစ်ကြောင်း နားလည်ထားသည်။

ရောင်ကျူးသည် ခေါင်းကြီးနှင့် စွန်ရဲတို့အား မျက်စိမှိတ်ပြ လိုက်သည်။

ထို့နောက်...

"ဟေ့ ဘယ်သူလဲ ရပ်လိုက်စမ်း"

အော်ငေါက်ရင်း တောင်ကြားဝသို့ မြင်းကို ဒုန်းစိုင်းနှင်သွား လေသည်။

"ခွပ်ခွပ်..ခွပ်ခွပ်"

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ရောင်ကျူး ထွက်သွားသည်ကို စွန်ရဲနှင့် ခေါင်းကြီးတို့က ဒီအတိုင်း လက်ပိုက်ကြည့်နေကြ၏။

ကျင်းကျင်း မချင့်မရဲ ဖြစ်သွား၏။

"ရှင်တို့ ဘာလုပ်နေတာလဲ၊ လိုက်သွားကြပါတော့လား" ဟုပြောလိုက်၏။

ခေါင်းကြီးနှင့် စွန်ရဲတို့ တုတ်တုတ်မျှ မလှုပ်ချေ။

ကျင်းကျင်းက...

"ရှင်တို့.."

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။

အကြောင်းကား ရောင်ကျူး၏အော်ဟစ်သံကြီး ထွက်ပေါ်



လာသည်ကို ကြားလိုက်ရခြင်းကြောင့် ဖြစ်ပေတော့သည်။

♣ ♣ ♣

ရောင်ကျူးသည် တောင်ကြားအဝင်ဝသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

သူက မြင်းဇက်ကြိုးကို တင်းတင်းဆွဲကာ တုန့်ခနဲ ရပ်တန့် လိုက်၏။

တောင်ကြားအဝင်အဝ၌ မည်သည့်လူရိပ်ကိုမှ တွေ့ခဲ့ရခြင်း မဟုတ်ချေ။

ကြိုတင်ကြံစည်ထားသည့်အတိုင်း ပရိယာယ်ဆင်လိုက်ခြင်း ဖြစ်ပေသည်။

တောင်ကြားအတွင်းဝယ် ရင်ဆိုင်သည်ထက် မီးဘီလူးအား တောင်ကြားအပြင်ဘက်သို့ ရောက်အောင် ခေါ်ထုတ်နိုင်လျှင် ပို၍ အဆင်ပြေမည်ဟု ယုံကြည်ထားလေသည်။

ရောင်ကျူးက ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်လေ သည်။

ပြီးလျှင်...

"ခွေးသူခိုး၊ မီးဘီလူး၊ သတ္တိရှိရင် ထွက်ခဲ့စမ်း"

ဟုအာခေါင်ခြစ်ကာ အော်ပြောလိုက်လေသည်။

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တောင်နံရံများ၌ ပဲ့တင်သံ ရိုက်ကာ ဟိန်းထွက်လာတော့သည်။

ပဲ့တင်သံသည် တော်တော်နှင့် ပျောက်ကွယ်မသွားဘဲ ကြားနေရဆဲ။

ခေါင်းကြီးနှင့် စွန်ရဲတို့ ပြုံးလိုက်ကြသည်။

"သူရူးနေပြီ"

ကျင်းကျင်း မှတ်ချက်ချလိုက်သည်။

ထိုအဖြစ်အပျက်ကို ရှောင်ကျူး သိလိမ့်မည် မဟုတ်ချေ။

သူသည် အော်ပြောပြီးသည်နှင့် ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေလိုက်၏။

အတန်ကြာသည့်တိုင်အောင် တုံ့ပြန်သံဟူ၍လည်းကောင်း၊ ထူးခြားမှုဟူ၍လည်းကောင်း မကြားရ၊ မတွေ့ရချေ။

ရှောင်ကျူး မျက်မှောင်ကြုတ်သွား၏။

"တောင်ကြားထဲမှာ မီးဘီလူး အသင့်စောင့်နေမယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား"

ဟုတွေးမိလေသည်။

မည်သို့ဆိုစေ အဘိုးအို ပြောလိုက်သည့် စကားများကို သူက လက်ခံယုံကြည်လေသည်။

"မီးဘီလူး အထဲမှာ ရှိကို ရှိရမယ်"

ထိုသို့ မှတ်ချက်ချလိုက်ပြီးလျှင်...

"ခွေးသူခိုး မီးဘီလူး အထဲက ထွက်လာစမ်း၊ လိပ်လို ခေါင်း



မဖော်ဝံ့ကဲ့ကောင် အကြောင်းသိအောင် ပြလိုက်မယ်၊ ငါနဲ့ တွေ့ရင် မီးဘီလူးကနေ ကြွက်စုတ်ဘီလူး ဖြစ်သွားရမယ်ကွ"

ဟုအော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

တောင်ကြားအတွင်း၌ မီးဘီလူး ရှိနေသည်ဆိုလျှင် ကျိန်းသေ ကြားသွားမည် ဖြစ်ပေသည်။

ရှောင်ကျူးက သံတုတ်တံကို လက်ဖြင့် စမ်းသပ်ရင်း အခြေအနေကို စောင့်ကြည့်နေ၏။

မကြာပါချေ။ ထူးခြားမှုတစ်ခု စတင်ဖြစ်ပေါ်လာလေသည်။

"ဝုန်း...ဝုန်း"

ကျောက်တုံးကျောက်ခဲများ တောင်အောက်သို့ လိမ့်ဆင်းကျလာသည့် အသံမျိုး ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်...

"ဂူး...ဂူး"

ဆင်ရိုင်းများ၏အသံကဲ့သို့ တဂူးဂူး မြည်သံများ ထွက်ပေါ်လာပြီး တောင်ကြားအတွင်းမှ လူရိပ်တစ်ခု ပြေးထွက်လာသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေသည်။

ရှောင်ကျူး လက်ဝှေ့ယမ်းပြလိုက်၏။

ထိုအခါ အခြေအနေ ကြည့်နေကြသည့် စွန်ရဲနှင့် ခေါင်းကြီးသည် ဝဲယာတစ်ဘက်တစ်ချက်မှ မြင်းဒုန်းစိုင်းကာ တောင်ကြားသို့ နှင်လာတော့၏။

မီးဘီလူး ထွက်လာလျှင် သုံးယောက်သား ကြိုက်ပုံညှပ်၍ တိုက်ခိုက်ရန် စီစဉ်ထားကြခြင်း ဖြစ်ပေသည်။

"ဘယ်ကောင်လဲကွ၊ ငါ့ကို စော်ကားတာ"

အက်ကွဲကွဲ အသံကြီး ထွက်ပေါ်လာသည်။

တောင်ကြား အဝင်အဝတွင် လူတစ်ယောက် ထွက်ပေါ်လာသည်။

ထိုလူမှာ အသက်လေးဆယ်ခန့် ရှိပြီး အနီရောင်ဝတ်စုံတစ်ထည် လွှမ်းခြုံထား၏။

သူ၏ဝဲယာ လက်နှစ်ဘက်တွင် တစ်ပေခန့် အဝိုင်းရှိသည့် သံမဏိကွင်းကလေးများ ကိုင်ထားလေသည်။

ရှောင်ကျူး ပြုံးလိုက်သည်။

တောင်ကြားအတွင်း၌ စောင့်ဆိုင်းကာ ဒုက္ခပေးမည့် မီးဘီလူးသည် သူ့ကြောင့် မနေနိုင်တော့ဘဲ အပြင်ဘက်သို့ ထွက်လာရပြီ ဖြစ်လေသည်။

မီးဘီလူးကို ကြည့်ကာ...

"အတော်သူရဲဘောကြောင်တဲ့လူ၊ တောင်ကြားထဲမှာ ထောင်ချောက်ဆင်ပြီး ဒုက္ခပေးမလို့ပေါ့လေ၊ ဟွန်း ခြေဖနောင့်တောင် မိသွားချင်သလား၊ အခုချက်ချင်း ဒူးထောက်လိုက်စမ်းကွ"

ဟုငေါက်လိုက်၏။

သူ၏ငေါက်ငမ်းမှုကြောင့် မီးဘီလူးမှာ ဒေါသခြောင်းခြောင်း ထွက်လာတော့သည်။



"သေပေတော့"

အော်ငေါက်ရင်း မြေပေါ်ခြေဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်သည်။

လေထဲဝယ် တစ်ပတ်ကျွမ်းပစ်လိုက်ပြီးနောက် လက်ထဲမှ သံမဏိကွင်းတစ်ကွင်းဖြင့် ရှောင်ကျူးထံ ပစ်ပေါက်တိုက်ခိုက်လိုက်လေသည်။

"ဝှီး"

သံမဏိကွင်းမှာ အရှိန်ပြင်းစွာ ပစ်လွှင့်လာလေသည်။

ရှောင်ကျူး မျက်မှောင်ကြုတ်သွား၏။

"မီးဘီလူး နာမည်ကြီးနေတာ ဘာအထင်ကြီးစရာလဲ၊ သူ့ရဲ့သံမဏိကွင်းကို ဘယ်သူမဆို ရိုက်ချနိုင်တာလဲ"

ဟုစိတ်ထဲမှ တွေးလိုက်၏။

ထိုအချိန်တွင် သံမဏိကွင်းမှာ မွှတ်နေအောင် လည်ပတ်ရင်း သူ့ထံ တိုးဝင်လာပြီ ဖြစ်ရာ သံမဏိတုတ်တံကို ဖျတ်ခနဲ ထုတ်ယူလိုက်လေသည်။

ထိုစဉ်မှာပင် မမျှော်လင့်သော ပြောင်းလဲမှုတစ်ရပ် ဖြစ်ပေါ်လာလေတော့သည်။

"ဝုန်း"

တရစပ် လည်ပတ်နေသည့် သံမဏိကွင်းမှာ ရုတ်တရက် မီးဟုန်းခနဲ တောက်လောင်သွား၏။

သံမဏိကွင်း၏လည်ပတ်နေမှုကြောင့် ထွက်ပေါ်လာသော

မီးအပူရှိန်သည် လွန်စွာမှပင် ပြင်းထန်နေလေသည်။

သံမဏိကွင်းနှင့်ထိသည် မဆိုထားနှင့် မီးအရှိန်ဟပ်မိသည်နှင့်ပင် ဒုက္ခရောက်နိုင်ကြောင်းကို ရှောင်ကျူး ချက်ချင်းရိပ်မိလိုက်၏။

မီးဘီလူး နာမည်ကြီး နေရသည့် အကြောင်းရင်းကို ယခုမှ နားလည်သဘောပေါက်မိလေတော့သည်။

လက်ဝါးနှစ်ဘက်ပွတ်လျှင် ကြာသော် အပူဓာတ် ထွက်ပေါ်လာသကဲ့သို့ သံမဏိကွင်းမှာ လေထုထဲဝယ် တရစပ် လှည့်ပတ်ကာ လွင့်ပျံလာချိန်တွင် လည်ပတ်မှု အရှိန်ပြင်းလွန်း၍ လေထုနှင့် ပွတ်တိုက်ကာ အပူဓာတ် ဖြစ်ပေါ်လာသည်။

သံမဏိကွင်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်သွားသည်မှာ ကွင်းပေါ်၌ မီးလောင်လွယ်ပြီး အပူရှိန်ပြင်းထန်စွာ ထွက်ပေါ်စေတတ်သည့် သစ်စေးတစ်မျိုး သုတ်လိမ်းထားခြင်းကြောင့် ဖြစ်ရမည်ဟု ရှောင်ကျူး တွက်မိ၏။

အချို့သော သစ်ပင်များမှ သစ်စေးများသည် မီးနှင့် တွေ့လျှင် ပြင်းထန်စွာ ပေါက်ကွဲတောက်လောင်တတ်ကြောင်း ကြားဖူးခဲ့သည် မဟုတ်ပါလား။

သံမဏိကွင်းသည် ရင်ဝသို့ တန်းတန်းမတ်မတ် တိုးဝင်လာရာ သံတုတ်တံဖြင့် ကပျာကယာ ရိုက်ချလိုက်ရ၏။

"ခြွမ်း"

သံမဏိကွင်းမှာ တစ်ဘက်သို့ ကန်ထွက်သွား၏။



သံမဏိကွင်း ထိမှန်သွားခြင်း မရှိသော်လည်း မီးအပူရှိန် ဟပ်လိုက်သဖြင့် ရှောင်ကျူး၏မျက်နှာတစ်ပြင်လုံး ပူစပ်ပူလောင် ဖြစ်သွားရသည်။

သံမဏိကွင်းအား ရိုက်ထုတ်နိုင်ခဲ့ခြင်းကြောင့် စိတ်အေးရပြီ မဆိုနိုင်ပါ။

"သတိထား"

ခေါင်းကြီး၏အထိတ်တလန့် သတိပေးသံ ထွက်ပေါ်လာ၏။

ရှောင်ကျူး မျက်လုံးပြူးသွားရ၏။

အကြောင်းမှာ...

အရှိန်ဖြင့် လွင့်ထွက်လာသည် သံမဏိကွင်းသည် အရှိန်ပြင်းစွာ လည်ပတ်ရင်း ဝေ့ကာဝဲကာဖြင့် သူ့ထံသို့ ပြန်လည်ဦးတည်လာနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ရှောင်ကျူး ကပျာကယာ သံတုတ်တံဖြင့် ရိုက်ချလိုက်ရပြန်သည်။

"ခြွမ်း"

ယခုတစ်ကြိမ်လည်း သံမဏိကွင်းသည် အဝေးသို့ ကန်ထွက်သွားပြန်သည်။

ထိတွေ့မှုအရှိန် ပြင်းလွန်းရကား သံတုတ်တံထိပ်ဖျားဝယ် မီးပွင့်ကလေးများ ထွက်ပေါ်လာသည်ကိုပင် တွေ့ရ၏။

ပထမတစ်ကြိမ်ကထက် ယခုတစ်ကြိမ် မီးဟပ်ခံရမှုက ပို၍

အခံရခက်သွားစေတော့၏။

မျက်ဝန်းအိမ်ထဲဝယ် မျက်ရည်များ ပြည့်လျှံလာပြီး မြင်ကွင်းတစ်ခုလုံး မပီဝိုးတဝါး ဖြစ်သွားရသည်။

နှုတ်ခမ်းများ ခြောက်သွေ့သွားသလို အသားအရေများ ပူစပ်ပူလောင် ဖြစ်နေ၏။

အကယ်၍သာ သံမဏိကွင်းကို နောက်ထပ် တစ်ပေခန့် မိမိအနီးသို့ အထိုးခံလိုက်မည်ဆိုပါက အဝတ်အစားများပင် မီးလောင်ကျွမ်းသွားမည်ဟု ယုံကြည်မိလေသည်။

မီးဘီလူး ကြောက်စရာကောင်းသည်ဆိုခြင်းမှာ သူ၏ဆန်းပြားသော လက်နက်ကြောင့် ဖြစ်ကြောင်း ရောင်ကျူး နားလည်လိုက်၏။

ရောင်ကျူး အခက်ကြုံနေသည်ကို မြင်လျှင်...

"ဟေး"

"ယား"

ခေါင်းကြီးနှင့် စွန်ရဲတို့က ကြသံပေးကာ ပြေးဝင်လာသည်။

ထိုအချိန်အထိ မီးဘီလူး ပစ်လွှင့်လိုက်သည့် သံမဏိကွင်းသည် လေထဲဝေ့ကာဝိုက်ကာ တရစပ်လည်ပတ်ရင်း ပျံဝဲနေဆဲ။

သံမဏိကွင်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်နေဆဲပင်။

သို့သော်...

ရောင်ကျူးဘက်သို့ ပစ်လွှင့်လာခြင်း မရှိသေးသည်က ကံ



ကောင်းနေသည်ဟု ဆိုရမည် ဖြစ်သည်။

စွန်ရဲနှင့် ခေါင်းကြီးတို့က ရောင်ကျူးဘေး၌ ဝင်ရပ်လိုက်ကြသည်။

ခေါင်းကြီးက...

"ရောင်ကျူး၊ မင်း ဘယ်လိုနေသေးလဲ"

ဟုမေးလိုက်သည်။

ရောင်ကျူး ခေါင်းယမ်းလိုက်သည်။

"ငါ့အတွက် မပူနဲ့"

ပြောသာ ပြောလိုက်ရသော်လည်း စိုးရိမ်မကင်း ဖြစ်နေကြောင်း ထင်ရှားနေပေတော့သည်။

စွန်ရဲက...

"သံမဏိကွင်းက အတော်ကြောက်စရာကောင်းတယ်၊ မီးအပူရှိန်က ငါတို့ဆီကိုတောင် လာဟပ်တယ်၊ သူက ကွင်းနှစ်ကွင်းစလုံး တစ်ပြိုင်နက် ပစ်လိုက်ရင် မင်း မလွတ်ဘူးကွ"

ဟုပြောလိုက်သည်။

ရောင်ကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

စွန်ရဲက...

"တို့သုံးယောက် ပေါင်းပြီး ရင်ဆိုင်မှ ဖြစ်မယ်"

ဟုပြောလိုက်ပြန်သည်။

ခေါင်းကြီးက ခေါင်းညိတ်လိုက်၏။

ရောင်ကျူးက တွေးတောလိုက်သည်။

ထိုစဉ်…

"ဝှီး"

သံမဏိကွင်းသည် လေထဲပျံ့ဝဲကာ သူတို့ထံသို့ တိုးဝင်လာလေသည်။

ရောင်ကျူး ထိတ်လန့်သွား၏။

"သတိထား"

ကပျာကယာ သတိပေးလိုက်၏။

လက်ထဲမှ သံတုတ်တံကိုလည်း ဝှေ့ယမ်းလိုက်သည်။

ခေါင်းကြီးက ခါး၌ ချိတ်ထားသည့် ရဲတင်းကို ဖြုတ်ယူလိုက်သည်။

သူ၏ရဲတင်းမှာ လွန်စွာမှပင် လေးလံပြီး ထက်မြက်လှပေသည်။

ရဲတင်းအရိုးတံသည် နှစ်ပေခန့် ရှိသော သံမဏိချောင်းနှစ်ချောင်း ပူးထားခြင်း ဖြစ်သည်။

အလိုရှိပါက အရိုးတံနှစ်ချောင်းကို တစ်ချောင်းတည်း မြင်သွားအောင် ဆန့်ထုတ်၍ ရစေရန် ခေါက်ထားခြင်း ဖြစ်လေသည်။

ခေါင်းကြီး၏ရဲတင်းသည် အရိုးတံ နှစ်ပေအရှည်မှ လေးပေအရှည်သို့ တစ်ခဏအတွင်း ပြောင်းလဲနိုင်အောင် စီစဉ်ထားသော ရဲတင်း ဖြစ်ပေတော့သည်။

စွန်ရဲက ဓားတစ်လက် ဆွဲထုတ်လိုက်သည်။



သူ၏ခန္ဓာကိုယ်ဝယ် ဓားဝှက်ထားသည်ကို မည်သူမျှ တွေ့မြင်နိုင်မည် မဟုတ်ချေ။

သို့သော်…

စွန်ရဲသည် အသုံးလိုသောအခါ မျက်လှည့်ပြလိုက်သည့်အလား ဓားကို လက်ထဲရောက်အောင် ဆွဲထုတ်နိုင်သူ ဖြစ်တော့သည်။

သူတို့သုံးယောက်သည် ဩသံများ ပေးလိုက်ကြပြီး သံမဏိကွင်းကို တညီတညာတည်း ရိုက်ချလိုက်ကြလေသည်။

"ခြွမ်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။

မီးကွင်းမှ ထွက်ပေါ်နေသည့် အပူရှိန်ကြောင့် သူတို့သုံးယောက် နောက်ဆုတ်လိုက်ကြသည်။

မီးကွင်းမှာလည်း လမ်းဘေးသစ်ပင် ချုံနွယ်များ ကြားသို့ ဝှီးခနဲမြည်ကာ ပြုတ်ကျသွားတော့သည်။

ဤတွင်…

"ဝုန်း"

လမ်းဘေးရှိ သစ်ပင်ငယ်များ၊ ချုံပုတ်များမှာ မီးကွင်းမှ အပူရှိန်ကြောင့် မီးတဟုန်းဟုန်း တောက်လောင်သွားတော့၏။

ရောင်ကျူးက မီးဘီလူးကို လှမ်းကြည့်လိုက်လေသည်။

သံမဏိကွင်းတစ်ခု ဆုံးရှုံးသွားခြင်းကြောင့် မီးဘီလူးမှာ ဒေါသထွက်နေသည်ကို တွေ့ရလေသည်။

ရောင်ကျူး ပြုံးလိုက်သည်။

မီးဘီလူးသည် တောင်ကြားအတွင်းဝယ် မည်သို့ ထောင်ချောက်ဆင်ထားသည်၊ မည်သို့ အန္တရာယ်ပြုမည်ဆိုသည့် အချက်ကို သူကောင်းစွာ တွေ့မိလိုက်ပြီ ဖြစ်လေသည်။

တောင်ကြား၏အတွင်းဘက်သည် ကျဉ်းမြောင်းသွားသဖြင့် ဘေးတစ်ဘက်တစ်ချက် ချောမွတ်နေသော ကျောက်သားတောင်နံရံမှာ ပို၍ နီးကပ်စွာ ရှိနေမည် ဖြစ်သည်။

မီးဘီလူး၏သံမဏိကွင်းသည် သူတို့လူစုအား တိုက်ခိုက်ရင်း ပြန်လည်လွင့်စဉ်ပျံဝဲရင်း ကျောက်သားနံရံများနှင့် ထိတွေ့ကာ အရှိန်ဖြင့် ကန်ထွက်လာနိုင်သည်။

ထိုအခါ မီးကွင်း၏အရှိန်မှာ သေတော့မည် မဟုတ်ချေ။

သူတို့ထဲ ပစ်လွင့်လာလိုက်၊ သူတို့က ရိုက်ထုတ်လိုက်၊ တောင်နံရံနှင့် ထိကာ ထွက်လာလိုက်ဖြင့် မရပ်မနား တိုက်ခိုက်ခံရတော့မည် ဖြစ်လေသည်။

သံမဏိမီးကွင်းနှစ်ကွင်းဖြင့် ပစ်ခတ်တိုက်ခိုက်မည် ဆိုပါလျှင် မည်သူမျှ ရောင်တိမ်းလွတ်မြောက်နိုင်စွမ်း ရှိတော့မည် မဟုတ်ချေ။

ထို့အပြင်...

ပစ်လွင့်လိုက်သော သံမဏိမီးကွင်းနှစ်ခုအား မီးဘီလူးက မည်သို့ ပြန်လည်ဖမ်းယူမည်နည်းဟူသော အချက်ကိုလည်း တွေးတောလိုက်လေသည်။



မီးဘီလူးက ဖမ်းယူမည့် နည်းလမ်းကို သေသေချာချာ လေ့ကျင့်ထားရမည် ဖြစ်လေသည်။

မီးအပူရှိန်ဒဏ်ကို ခံနိုင်စွမ်းသည် သစ်စေးတစ်မျိုး ရှိကြောင်း ရောင်ကျူး ယခင်ကပင် သိရှိထားခဲ့လေသည်။

"သူက အပူဒဏ်ခံနိုင်တဲ့ သစ်စေးကို လက်မှာ သုတ်လိမ်းထားတာပဲ ဖြစ်မယ်"

ရောင်ကျူးတို့ သတိရှိနေခြင်းကြောင့် သံမဏိမီးကွင်းမှာ မြေပေါ်ကျသွားပြီ ဖြစ်လေသည်။ မီးဘီလူး ဒေါသထွက်ကာ...

"သတ္တိရှိယင် လိုက်ခဲ့ကြ"

အော်ဟစ်ပြောဆိုပြီး တောင်ကြားထဲ ပြေးဝင်သွားလေတော့သည်။

♣ ♣ ♣

မီးဘီလူး ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

ရောင်ကျူး၊ စွန်ရဲ၊ ခေါင်းကြီး၊ ကျင်းကျင်း ဝမ်းစုနှင့် ယို့ကျားတို့ စုရုံးမိလိုက်ကြလေသည်။

ကျင်းကျင်း မကျေမနပ် ဖြစ်နေသည်။

"ရှင်တို့သာ လက်မနှေးကြဘူးဆိုယင် သူရောင်တိမ်းသွားနိုင်မှာ မဟုတ်ဘူးရှင့်"

ရောင်ကျူးတို့အား အပြစ်တင်စကား ပြောလိုက်လေသည်။

ရှောင်ကျူး ပြုံးလိုက်သည်။

“ခင်ဗျားက ကျုပ်တို့ကို တောင်ကြားထဲ လိုက်သွားပြီး မီးဘီလူးကို ဆုံးမစေချင်တာ မဟုတ်လား၊ ကျုပ်တို့က တောင်ကြားထဲ ဝင်မသွားဘူးဆိုယင်တောင် မင်းက ကျုပ်တို့ လိုက်မလာဘဲ မနေနိုင်အောင် ကောင်ကြွားထဲကို့ ဝင်သွားမှာပဲ မဟုတ်လား”

သူ၏စကားကြောင့် ကျင်းကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“ရှင်..ရှင် ဘယ်လိုပြောလိုက်တာလဲ”

ရှောင်ကျူးက...

“ကျင်းကျင်း၊ ခင်ဗျားဟာ အာမခံပစ္စည်း သယ်ဆောင်လာတယ်လို့ အကြောင်းပြပြီး အနောက်ဒေသက သိုင်းသမားတွေနဲ့ ရင်ဆိုင်တဲ့နေရာမှာ ကျုပ်တို့ကို အသုံးချနေတာ မဟုတ်လား”

“ဘာရှင့်”

ရှောင်ကျူး၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

“ကျုပ်တို့ လာခဲ့တဲ့ ခရီးလမ်းတစ်လျှောက်မှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို သေသေချာချာ စဉ်းစားကြည့်မယ်ဆိုယင် ကျုပ်တို့ အသုံးချခံနေရပြီဆိုတာ ပေါ်ထွက်လာတာပေါ့ဗျာ”

သူက ကျင်းကျင်းအား စိုက်ကြည့်ယင်း မေးလိုက်လေသည်။

“ခင်ဗျား ဘယ်လို ရည်ရွယ်ချက်နဲ့ ကျုပ်တို့ကို အသုံးချချင်နေရတာလဲ ပြောပါ”



ကျင်းကျင်း အံကြိတ်လိုက်သည်။

“ကျွန်မက အနောက်ဘက်ဒေသကို အာမခံပစ္စည်း သွားပို့ရမယ့် လမ်းခရီးမှာ နှောင့်ယှက်လုယက်မယ့် လူတွေရဲ့ အန္တရာယ်ကို ရင်ဆိုင်နိုင်အောင် အကူအညီ လိုအပ်နေတယ်၊ ဒါကြောင့် ရှင်တို့ကို အကူအညီ တောင်းခဲ့ရတာပဲ၊ ဒါ့အပြင် တခြားဘယ်လို ရည်ရွယ်ချက်မျိုးမှ မရှိဘူးရှင့်”

ရှောင်ကျူးက...

“ခင်ဗျားသေချာတယ်နော်”

“ကျွန်မ ဘာကြောင့် လိမ်ပြောရမှာလဲရှင့်”

ရှောင်ကျူးက...

“ကောင်းပြီလေ၊ ခင်ဗျားက အမှန်အတိုင်း မပြောချင်ဘူးဆိုယင်လည်း ကျုပ်တို့က ရှေ့ဆက်ပြီး လိုက်ပို့ပေးစရာအကြောင်း မရှိတော့ပါဘူး”

“ဘာရှင့်”

“ခင်ဗျားနဲ့ လမ်းခွဲပြီး ကျုပ်သွားတော့မယ်”

“ရှင်..ရှင်”

ကျင်းကျင်း မကျေမနပ် ဖြစ်သွားလေတော့သည်။

ရှောင်ကျူးက...

“တကယ်လို့သာ ကျုပ်တို့ကို ပွင့်ပွင့်လင်းလင်း ဆက်ဆံမယ်ဆိုယင် ခင်ဗျားကို ရှေ့ဆက်ကူညီသင့် မကူညီသင့် ကျုပ်စဉ်းစားလို့ရတာပေါ့”

"ကျွန်မက ရှင့်ကို ဘာတွေ လိမ်ပြောနေလို့လဲ"

"နဂါးဓားလို့ ခေါ်တဲ့ ပဋ္ဌမဓားကြောင့်ပေါ့ဗျာ"

သိုင်းလောက ရတနာပဥ္စည်းငါးမျိုးတွင် ပါဝင်သော နာမည်နှစ်မျိုး ရှိသည့် နဂါးဓား(ဝါ)ပဋ္ဌမဓားသည် နောက်ကြောင်းရာဇဝင်ရှိသောဓား ဖြစ်လေသည်။

ထိုဓားနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို အရှေ့တောင်တန်း သိုင်းဆရာကြီးက ရှောင်ကျူးအား ပြောပြထားဖူးလေသည်။

ရှောင်ကျူးသည် နဂါးဓား(ဝါ)ပဋ္ဌမဓားအား ကျင်းကျင်းထံ၌ တွေ့ရှိခဲ့ရပြီ ဖြစ်ပါသည်။

သို့သော် သူက မည်သို့မျှ သဘောမထားဘဲ မသိချင် ဟန်ဆောင်ကာ နေခဲ့သည်။

နောက်ပိုင်းတွင် ကျင်းကျင်းသည် ကြောက်မက်ဖွယ်ကောင်းသော သိုင်းသမားများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရန် ဆက်တိုက်ဖန်တီးလာလေသောကြောင့် မကျေမနပ် ဖြစ်လာပြီး ဖြေရှင်းလိုက်ခြင်း ဖြစ်လေသည်။

ကျင်းကျင်း ငိုင်သွား၏။

ရှောင်ကျူးက...

"နဂါးဓားဆိုတဲ့ ပဋ္ဌမဓားနဲ့ ပတ်သက်ပြီး အနောက်ဒေသက သိုင်းသမားတွေနဲ့ ရင်ဆိုင်ရတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး ခင်ဗျားဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတယ်ဆိုတာ အမှန်အတိုင်း



ရှင်းမပြယင်း ကျုပ်က ဆက်ပြီး ကူညီနိုင်တော့မှာ မဟုတ်ဘူးဗျ"

စွန်ရဲနှင့် ခေါင်းကြီးတို့လည်း ခေါင်းညိတ်လိုက်ကြသည်။

"ကျုပ်တို့လည်း ဆက်ပြီး မကူညီနိုင်တော့ဘူး"

ဟုပြောလိုက်ကြလေသည်။

ကျင်းကျင်း သက်ပြင်းချလိုက်လေသည်။

"ရှင်တာ တကယ်ပဲ ကျွန်မရဲ့ ရည်ရွယ်ချက်ကို သိချင်နေတာလား"

ရှောင်ကျူး ဘာမှမပြောဘဲ နေလိုက်လေသည်။

ကျင်းကျင်းက...

"ကောင်းပြီလေ၊ ကျွန်မရှင်းပြပါ့မယ်"

သူမ၏ရည်ရွယ်ချက်ကို ရှင်းပြရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣

ရှင်းပြလိုက်ခြင်း ဖြစ်လေသည်။ ကျင်းကျင်းက...

"ပဋ္ဌမဓား၏ မူလပိုင်ရှင်ဟာ ဆရာကြီး စီးမင်းဖုံးပါ၊ ဆရာကြီးရဲ့ ရတနာဓားကို သူ့ရဲ့မျိုးဆက်တွေကပဲ ဆက်ခံပိုင်ဆိုင်ခွင့် ရှိတယ်၊ မဟုတ်လားရှင်"

ဝမ်းစု ခေါင်းညိတ်လိုက်လေသည်။

"ဒါအမှန်ပါပဲ"

ရှောင်ကျူး ပြုံးနေလိုက်သည်။ ကျင်းကျင်းက...

"ပဋ္ဌမဓား ခိုးယူသွားသူဟာ တစ်ချိန်မှာ သိုင်းလောကကို လွှမ်းမိုးနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိခဲ့ပေမယ့်၊ နောက်ပိုင်းမှာ သူက သိုင်းလောကထဲ ထွက်လိုက်တာနဲ့ ဆရာကြီးရဲ့ တပည့်တွေက ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာကို နားလည်ခဲ့တယ်၊ သိုင်းပညာ ထူးချွန်ထက်မြက်တယ်ဆိုယင်တောင် ဆရာ အပေါ်မှာ သစ္စာဖောက်ခဲ့တဲ့လူဆိုပြီး သိုင်းလောကတစ်ခုလုံးက လက်ခံမှာ မဟုတ်ဘူးဆိုတာလည်း နားလည်ခဲ့တယ်၊ သူဟာ အကြီးအကျယ် နောင်တရသွားတယ်၊ နောက်ဆုံး လူဝတ်ကြောင်ကို စွန့်ပြီး သာသနာ့ဘောင်ထဲ ဝင်သွားတော့တယ်"

သူမ၏စကားသာ မှန်ကန်နေမည်ဆိုပါလျှင် သစ္စာဖောက် တပည့်အား ခွင့်လွှတ်လိုက်ရတော့မည် ဖြစ်လေသည်။

ကျင်းကျင်းက...

"သူဟာ လူ့လောကီနဲ့ မပတ်သက်တော့တာကြောင့် ပဋ္ဌမဓားကို ဘယ်လိုလုပ်ရမလဲ တွေးပြီး သူ့ရဲ့ဆရာဆီကိုလည်း ပြန်မပို့ရဲ



တာကြောင့် မူလပိုင်ရှင် ဖြစ်တဲ့ ဆရာကြီး စီးမင်းဖုံးရဲ့ မျိုးဆက်တွေနဲ့ ဆက်သွယ်ခဲ့ပါတယ်ရှင်"

ရှောင်ကျူး မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့ဟာ နဂါးဓားလို့ ခေါ်တဲ့ ပဋ္ဌမဓားရဲ့ မူလပိုင်ရှင်တွေလား"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"ခင်ဗျားဟာ ဆရာကြီးစီးမင်းဖုံးနဲ့ ဘယ်လို ပတ်သက်နေတယ်ဆိုတာ ပြောပါဦး"

ကျင်းကျင်း ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ကျွန်မဟာ သခင်မလေးလည်း မဟုတ်ပါဘူးရှင်"

"ဒါဖြင့် ခင်ဗျားက.."

"ကျွန်မက အိမ်ဖော်တစ်ယောက်ပါရှင်"

ရှောင်ကျူး သာမက ခေါင်းကြီးနှင့် စွန်ရဲတို့ပါ အံ့သြသွားကြလေသည်။

ကျင်းကျင်းသည် အာမခံဌာနပိုင်ရှင် ဝမ်းစုကိုပင် အမိန့်ပေးနိုင်သူ ဖြစ်သည်။

သူမက အိမ်ဖော်တစ်ယောက် ဖြစ်နေသည်မှာ မယုံနိုင်စရာ ကောင်းလှတော့သည်။ စွန်ရဲက...

"ခင်ဗျားတို့ကို ဓားပြန်ပေးမယ်ဆိုပြီး ဆက်သွယ်ခဲ့တာ

ကြောင့် ခင်ဗျားတို့ သွားယူခဲ့ကြတာ ဟုတ်လား"

ဟုမေးလိုက်သည်။ ကျင်းကျင်းက...

"ဟုတ်ပါတယ်ရှင်၊ စားပြန်ပေးမယ်ဆိုပြီး ဆက်သွယ်ခဲ့တာကြောင့် ကျွန်မတို့ သွားယူကြတာပါ၊ အပြန်လမ်းမှာ သတင်းပေါက်ကြားသွားတာကြောင့် ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်တာမို့ ဆရာကြီး စီးမင်းဖုံးရဲ့ ကျေးဇူးရှိခဲ့တဲ့ အာမခံဌာနပိုင်ရှင် ဝမ်းစုကို ဆက်သွယ် အကူအညီ တောင်းခဲ့ရတာပါ"

"လက်စသပ်တော့ သည်လိုကိုး"

စွန်ရဲ ဦးခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချလိုက်လေသည်။

ကျင်းကျင်းက...

"ဆရာဝမ်းစုကလည်း အနောက်ပိုင်းဒေသကို သွားမယ့် လမ်းခရီးမှာ ကြုံတွေ့ရမယ့် အန္တရာယ်တွေကို သူတစ်ဦးတည်း ရင်ဆိုင်ဖြေရှင်းနိုင်မှာ မဟုတ်တာ တွက်မိလို့ အရင်းနှီးဆုံး မိတ်ဆွေဖြစ်တဲ့ ဆရာကြီးကို့မင်းကို အကူအညီ တောင်းခဲ့ပါတယ်၊ ဖြစ်ချင်တော့ ဆရာကြီးကို့မင်းက အရှေ့တောင်တန်း သိုင်းဆရာဆီမှာ ထပ်ပြီး အကူအညီ တောင်းမိလျက်သား ဖြစ်ခဲ့တာပါပဲရှင်"

ဝမ်းစု သက်ပြင်းချလိုက်သည်။

"ပဋ္ဌမစားလို့ ခေါ်တဲ့ ရတနာနဂါးစား သိုင်းလောကမှာ ပြန်ထွက်ပေါ်လာပြီးတဲ့နောက် အယင်က ပတ်သက်ခဲ့ဖူး သူတွေနဲ့ ဆက်နွယ်ပတ်သက်မှုတွေ ပြန်ပေါ်လာတာ အံ့ဩစရာပါပဲ"

"ရေစက်ပေါ့ဗျာ"



ရှောင်ကျူး ထောက်ခံပြောဆိုလိုက်သော စကားကြောင့် အားလုံး ပြုံးလိုက်ကြလေသည်။

ကျင်းကျင်းက...

"ဆရာကြီး စီးမင်းဖုံးရဲ့သမီး သခင်မလေး စီးဝါးလျှံ၊ အနောက်ဘက်ဒေသက ကြာဖြူကန်မှာ နေထိုင်ပါတယ်ရှင်၊ ဒါကြောင့် ကျွန်မတို့ရဲ့ အပြန်လမ်းမှာ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတာပါပဲ"

ရှောင်ကျူးက...

"ခင်ဗျားတို့က အနောက်အရပ်ကို သွားနေတာ မဟုတ်ဘဲ အိမ်ပြန်နေကြတာကိုး"

"ဟုတ်ပါတယ်ရှင်"

"ဒါထက် ခင်ဗျားက အိမ်ဖော်ဆိုတော့ သခင်မလေး စီးဝါးလျှံက ဘယ်မှာလဲ ပြောပါဦး"

"သခင်မလေး ရှိပါတယ်ရှင်"

ကျင်းကျင်းက တစ်နေရာသို့ ကြည့်လိုက်သောအခါ မြင်းလှည်းပေါ်၌ မလှုပ်မယှက် ထိုင်နေသော မိန်းကလေးကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးသည် တကယ့် မြင်းလှည်းမောင်းသည့် မိန်းကလေး မဟုတ်ဘဲ သခင်မလေး စီးဝါးလျှံ ဖြစ်နေသည်တကား။

♣ ♣ ♣

သခင်မလေးစီးဝါးလှျံသည် ပဥ္စမဓား(ဝါ)နဂါးဓားပိုင်ရှင်အစစ် ဖြစ်သော သိုင်းဆရာကြီး စီးမင်းဖုံး၏သမီး ဖြစ်လေသည်။

ကျင်းကျင်းက...

"သခင်မလေးဟာ ရတနာနဂါးဓားကို ယူပြီး အိမ်ကို ပြန်သွားတာ အပြစ်ရှိနေသလားရှင်"

ဟုမေးလာလေသည်။

ရောင်ကျူး သက်ပြင်းချလိုက်သည်။

"ပိုင်ရှင် ဖြစ်တဲ့အတွက် ပြန်ယူသွားတာ အပြစ်မဆိုသာပါဘူး၊ ဒါပေမယ့် ပြောစရာတစ်ခုတော့ ရှိပါတယ်ဗျာ"

"ဘာများလဲ ပြောပါရှင်"

"သည်လောက် အဖိုးတန်တဲ့ ဓားအပေါ်မှာ ဘာကြောင့် အဆိပ်တွေ သုတ်လိမ်းထားရတယ်ဆိုတာ ကျုပ် မရှင်းလို့ပါ"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ကျွန်မ ရှင်းပြပါ့မယ်၊ လမ်းခရီးတစ်လျှောက်မှာ လုယက်မယ့်လူတွေ ရှိနေတော့ မသူတော်တွေလက်ထဲ ရောက်မသွားအောင် ကြိုတင်ကာကွယ်ထားတဲ့ သဘောမျိုးပါရှင်၊ ဥပမာ ကျဲကြီးကို ကြည့်ပါ၊ သူဟာ အကြပ်ကိုင်ပြီး ရတနာနဂါးဓားကို ရယူနိုင်ခဲ့ပေမယ့် အဆိပ်မိသွားတော့ အခက်ကြုံခဲ့ရတယ် မဟုတ်လားရှင်"

ရောင်ကျူး လက်ခံလိုက်လေတော့သည်။

"ကောင်းပြီလေ၊ ခင်ဗျားက သည်လို ရှင်းပြတော့လည်း ကျုပ်တို့ ဆက်ပြီး ကူညီရဖို့ ဝန်မလေးတော့ပါဘူး၊ ကျုပ်ရဲ့တာဝန်



တွေ ပြီးဆုံးသွားယင် ဆရာကြီးဆီကို သွားပြီး ရတနာနဂါးဓားနဲ့ ပတ်သက်ပြီး အကျိုးအကြောင်း ပြောပြပေးပါ့မယ်၊ ဆရာကြီးက လည်း ဘယ်လိုမှ သဘောထားတော့မှာ မဟုတ်တာ သေချာပါတယ်"

ကျင်းကျင်းလည်း ဝမ်းသာသွားလေတော့သည်။

"ရှင်တို့ ကျေးဇူးကို ကျွန်မ မမေ့ပါဘူးရှင်"

စွန်ရဲက...

"ခင်ဗျားရဲ့ သခင်မလေးက ကျုပ်တို့ကို ကျေးဇူးတင်စကား ပြောသင့်တာပါဗျာ"

ကျင်းကျင်းက မြင်းလှည်းပေါ်၌ ထိုင်နေသော မိန်းကလေး (ဝါ)သခင်မလေး စီးဝါးလှျံဘက်သို့ လှည့်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ဝှန်း"

ရုတ်တရက် မီးတောက်တစ်ခု မိုးပေါ်မှ ထိုးကျလာပြီး တောအုပ်ထဲ၌ ပေါက်ကွဲသွားလေတော့သည်။

♣ ♣ ♣

မီးတောက်များသည် မိုးပေါ်မှ အဆက်မပြတ် ကျဆင်းလာကာ တဝုန်းဝုန်း ပေါက်ကွဲသွားလေသည်။

ပေါက်ကွဲသွားသည်နှင့် မီးတောက်များ ပြန့်ကျဲလွင့်စင်ကာ

အနီးပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များကိုပါ ကူးစက်လောင်ကျွမ်းသွားလေတော့သည်။

"ဝုန်း..ဝုန်း..ဝုန်း"

ပေါက်ကွဲသံများနှင့်အတူ ဝန်းကျင်တစ်ခုလုံး မီးဟုန်းဟုန်းစွဲလောင်သွားတော့သည်။

ရှောင်ကျူးတို့လူစု ထိတ်လန့်သွားကြလေသည်။

"တောအုပ်အပြင်ဘက်ကို မြန်မြန်ထွက်ကြ"

ရှောင်ကျူးက အော်ပြောယင်း အပြင်ဘက် ခုန်ထွက်သွား၏။ မီးတောက်များကား အပူရှိန် ပြင်းထန်လှပေသည်။

ရှောင်ကျူးက လက်နှစ်ဘက်ဝှေ့ယမ်းလိုက်လျှင် အင်္ကျီလက်နှစ်ဘက်က ယပ်တောင်သဖွယ် ခတ်ကာ လေပြင်းများ ထွက်ပေါ်လာပြီး မီးတောက်များကို ယိမ်းနွဲ့ဖယ်ရှားသွားစေတော့သည်။

ရှောင်ကျူးက လေထဲ ကျွမ်းသုံးလေးပတ်ပစ်ယင်း မီးတောက်မီးလျှံများနှင့်ဝေးရာ အပြင်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

ရှောင်ကျူး လွတ်မြောက်သွားသည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးပေါ်၌ မားမားမတ်မတ် ရပ်နေသော မီးဘီလူးအား တွေ့လိုက်ရလေသည်။

"မီးဘီလူး သတိသာထားပေတော့"

ရှောင်ကျူးက ကြုံးဝါးယင်း မီးဘီလူးထံသို့ ခုန်ဝင်သွားလေသည်။



မီးဘီလူးသည်လည်း ရှောင်ကျူးအား တွေ့မြင်သွားလျှင် လှောင်ပြောင်ရယ်မောဖိုက်လေသည်။

"မင်းတို့ ဘာတတ်နိုင်ကြမှာလဲ"

လက်ထဲမှ သံမဏိကွင်းတစ်ခုဖြင့် ပစ်လိုက်လေသည်။

သံမဏိကွင်းမှာ အလွန်ကြောက်စရာကောင်းသော လက်နက်တစ်ခု ဖြစ်ကြောင်း ရှောင်ကျူး သိထားပြီး ဖြစ်သည်။

ထို့ကြောင့် သတိလက်မလွတ်စေဘဲ သံမဏိတုတ်ဖြင့် လှမ်းထိုးသွင်းလိုက်လေသည်။

"ချပ်"

သံမဏိတုတ်တံက ရှည်ထွက်လာပြီး သံမဏိကွင်းအား ထိုးစွပ်ထားလိုက်မိလေသည်။ ရှောင်ကျူးက...

သံမဏိတုတ်တံကို ဆတ်ခနဲ ဆတ်ခနဲ တုန်ခါစေပြီး စွပ်မိထားသော သံမဏိကွင်းအား အောက်ဘက်ကျလာအောင် ပြုလုပ်လိုက်ပြီး မြေပေါ်ပစ်ချလိုက်သည်။

တဖန် သံမဏိတုတ်တံဖြင့် ဖိထားလိုက်လေသည်။

လက်ရှိသတ္တဝါတစ်ကောင်ဟု ထင်ရအောင်ပင် အစွမ်းထက်လှသော သံမဏိကွင်းမှာ မြေပေါ်ကျကာ ဖိထားသဖြင့် မလှုပ်မယှက် ငြိမ်သက်သွားတော့သည်။

"ဟား..ဟား..ဟား"

ရှောင်ကျူး ဟားတိုက်ရယ်မောလိုက်လေသည်။

မီးဘီလူး မျက်နှာပျက်သွားလေသည်။

"မင်း..မင်း.."

ဒေါသတကြီးဖြင့် ရှောင်ကျူးထံ ခုန်ဝင်တိုက်ခိုက်လာလေသည်။ ရှောင်ကျူး အမှုမထားတော့ပါ။

"သံမဏိကွင်း မရှိတော့ဘဲ ခင်ဗျားက ဘယ်လောက်အစွမ်းထက်ဦးမှာမို့လဲ"

သံမဏိတုတ်ဖြင့် တရကြမ်း ပြန်လည်တိုက်ခိုက်လိုက်ရာများမကြာမီ မီးဘီလူး အရှုံးကြီးရှုံးသွားလေတော့သည်။

♣ ♣ ♣

မီးတောက်မီးလျှံများ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

မီးဘီလူးလည်း အရှုံးကြီး ရှုံးသွားပြီ ဖြစ်လေသည်။

ရှောင်ကျူးက...

"ခင်ဗျားကသာ ဘယ်သူ့ကိုမှ ဒုက္ခမပေးတော့ပါဘူးလို့ကတိပေးယင် ခင်ဗျားကို ချမ်းသာပေးလိုက်ပါ့မယ်ဗျာ"

မီးဘီလူး အံ့သြသွားလေသည်။

"ကျုပ်..ကျုပ်ကို ချမ်းသာပေးမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်ပြောသလို ကတိပေးရမယ်"

"မင်း တကယ် ပြောတာလား"

"ကျုပ် ဘာကြောင့် လိမ်ပြောရမှာလဲ"

မီးဘီလူး ဝမ်းသာသွားလေသည်။



"ကျုပ်..ကျုပ်"

"ခင်ဗျား ကတိပေးမယ် မဟုတ်လား"

မီးဘီလူး ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကတိပေးပါတယ်ဗျာ"

ထိုစဉ် မီးတောက်မီးလျှံများ အားနည်းသွားပြီ ဖြစ်၍ စွန်ရဲ၊ ခေါင်းကြီးတို့က ခုန်ထွက်လာကြလေသည်။

ရှောင်ကျူး သတိပေးလိုက်သည်။

"သူတို့က ကျုပ်လို မဟုတ်ဘူး၊ ဒေါသကြီးတယ်၊ ခင်ဗျားသွားယင် ကောင်းမယ်"

"ကျေးဇူးပါပဲဗျာ"

မီးဘီလူးသည် ထွက်သွားရန် ဟန်ပြင်ပြီးမှ...

"ကျုပ်တစ်ခု သတိပေးချင်တယ်၊ လူတိုင်းကို မယုံကြည်ပါနဲ့ဗျာ"

ဟုပြောလေသည်။

ရှောင်ကျူး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲဗျ"

မီးဘီလူးက...

"ဝမ်းစုရဲ့ အာမခံဌာနက ရတနာနဂါးဓားကို သယ်ယူလာမယ်ဆိုတဲ့ သတင်းကြောင့် လမ်းခရီးမှာ လုယက်ချင်တဲ့လူတွေ ပေါ်ပေါက်လာတာ မဟုတ်လား၊ အဲသည် သတင်းက ဘယ်လို ဖြစ်ပေါ်လာတာလဲ၊ အတွင်းလူတစ်ယောက်ယောက်က သစ္စာဖောက်လိုက်

တာကြောင့်ပဲ မဟုတ်လား"

ရောင်ကျူးက...

"ဒါဖြင့် ကျုပ်တို့လူစုထဲမှာ သစ္စာဖောက် ရှိနေတာပေါ့"

"မင်းသတိထားပါ"

မီးဘီလူးက သတိပေးပြီးနောက် ပြေးလွှားရောင်တိမ်းသွားလေတော့သည်။

♣ ♣ ♣

မီးဘီလူး ထွက်သွားပြီ ဖြစ်လေသည်။

"ဟူး...ဟူး"

စွန်ရဲနှင့် ခေါင်းကြီးတို့က ချက်ခြင်း ပြေးလွှားရောက်ရှိလာကြလေသည်။ စွန်ရဲက...

"မီးဘီလူး ဘယ်ရောက်သွားပြီလဲ"

ဒေါသတကြီး မေးလာသည်။

ရောင်ကျူးက...

"သူ့မှာ အားထားရတဲ့ လက်နက်တွေ မရှိတော့ဘူးဆိုတော့ ဘာမှ မတတ်နိုင်ဘဲ ထွက်ပြေးသွားပြီလေ၊ နောက်ကို သူ့ရဲ့မျက်နှာကို သိုင်းလောကထဲမှာ တွေ့ရတော့မှာ မဟုတ်ဘူး"

ခေါင်းကြီးက...

"မင်းက သူ့ကို ဆုံးမလိုက်တယ် ဟုတ်လား"



"သူက မရှုံးဘဲ ရောင်ထွက်သွားမယ့်လူမှ မဟုတ်တာ"

"ကောင်းတယ်၊ သူ့ကို ဆုံးမမယ့်လူတွေ ရှိနေတယ်ဆိုတာ သိယင် နောက်ထပ် သောင်းကျန်းရဲတော့မှာ မဟုတ်ဘူး"

စွန်ရဲလည်း ဘာမှ မပြောတော့ချေ။

ကျင်းကျင်းနှင့် ဝမ်းစုတို့လည်း ပြေးလွှားရောက်ရှိလာကြလေသည်။

"မီးဘီလူးကော"

"သူက အရှုံးပေးပြီး ထွက်ပြေးသွားပါပြီ"

ရောင်ကျူးက မြေပေါ် ကျနေသော သံမဏိကွင်းကို ညွှန်ပြကာ ပြောလိုက်လေသည်။ ကျင်းကျင်း သက်ပြင်းချလိုက်သည်။

"သူက အတော့်ကို ကြောက်စရာကောင်းတာ၊ သူ့ကို ဆုံးမနိုင်လိုက်လို့ တော်သေးတာပေါ့ရှင်"

ဝမ်းစုကား မကျေမနပ် ဖြစ်နေသည်။

"ကျုပ်တော့ မကျေနပ်ဘူး၊ သူက မီးလောင်တိုက်သွင်းခဲ့လို့ ကျုပ်လူတွေ သေကုန်ပြီ"

အာမခံဌာနမှ သိုင်းသမားများနှင့် ကျင်းကျင်း၏လူများကား ပြင်းထန်သော မီးလောင်ကျွမ်းမှု ခံရကာ သေဆုံးခဲ့ရပြီ ဖြစ်လေသည်။

ရောင်ကျူး စိတ်မကောင်း ဖြစ်သွားလေသည်။

မီးဘီလူးအား လွှတ်ပေးလိုက်ခြင်းမှာ မှားယွင်းသွားပြီလောဟုပင် တွေးမိလေသည်။

"ဒါထက် သခင်မလေး စီးဝါးလျှံကော"

ဟုမေးလိုက်မိသည်။

စီးဝါးလျှံ ပျောက်ဆုံးနေခြင်းကြောင့် ဖြစ်သည်။

ကျင်းကျင်းလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"ဟုတ်ပါရဲ့၊ သခင်မလေးဟာ.."

သူမ၏စကားသံ တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

အကြောင်းမှာ မလှမ်းမကမ်း တစ်နေရာ၌ ရပ်နေသော စီးဝါးလျှံကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

"သခင်မလေး ဘာမှ မဖြစ်ပါဘူးနော်"

ကျင်းကျင်း ကပျာကယာ ပြေးသွားပြီး မေးလိုက်သည်။

စီးဝါးလျှံ ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ ဘာမှ မဖြစ်ပါဘူးရှင်"

မီးတောက်မီးလျှံများကြားမှ ရုန်းထွက်ပြေးလွှားလာခဲ့ရ သူတိုင်းလိုလို အနည်းနှင့် အများ ထိခိုက်ဒဏ်ရာရခဲ့ကြသည်ချည့် ဖြစ်လေသည်။

ယခု သခင်မလေး စီးဝါးလျှံကား ဘာတစ်ခုမှ မဖြစ်ခဲ့ပေ။

ရှောင်ကျူး အံ့သြသွားလေသည်။

မီးတောက်မီးလျှံများက မြင်းလှည်းကိုလည်း ဝါးမြိုလိုက်ပြီ ဖြစ်လေသည်။

ထို့ကြောင့် စီးဝါးလျှံမှာ မြင်းလှည်းမောင်းစရာ လိုတော့မည် မဟုတ်ချေ။



ရှေ့ခရီးဆက်မည်ဆိုလျှင် သူတို့အားလုံး ခြေလျင်သွားရတော့မည် ဖြစ်သည်။

သူတို့၏ခရီး ပြီးဆုံးခြင်း မရှိသေးပါ။

သခင်မလေး စီးဝါးလျှံ နေထိုင်သည့် ကြာဖြူကန်အရပ်ကို အရောက်သွားရမည် ဖြစ်ပါသည်။

ကြာဖြူကန် အရပ်သို့ ရောက်မှ သူတို့၏ခရီး ပြီးဆုံးလိမ့်မည် မဟုတ်ပါလား။

ကျင်းကျင်းက...

"လထွက်လာတာနဲ့ ကျွန်မတို့ ခရီးဆက်ကြမယ်၊ သည်တောင်ကြားရဲ့ တစ်ဘက်မှာ မြင်းမွေးမြူရေးလုပ်တဲ့ ခြံဝင်းတစ်ခုရှိတယ်၊ အဲသည်ကို အရောက်သွားနိုင်ယင် ရှေ့ခရီးဆက်ဖို့ မြင်းတွေ ရနိုင်တယ်"

ဟုပြောလျှင်...

"ကောင်းပြီလေ သွားကြတာပေါ့"

ရှောင်ကျူးက သဘောတူလိုက်လေသည်။

ထို့နောက် ရှေ့ခရီးဆက်ရန် ပြင်ဆင်လိုက်ကြလေတော့သည်။

♣ ♣ ♣

## မြင်းခြံ

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်နေသဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ရှိနေသည်။

ရှောင်ကျူးတို့လူစုသည် လရောင်ဖြင့် ခရီးဆက်လာခဲ့ကြလေသည်။

သူတို့ တောင်ကြားကို ဖြတ်သန်းလာကြသောအခါ မီးဘီလူးကိုလည်းကောင်း၊ အန္တရာယ်များကိုလည်းကောင်း မတွေ့ခဲ့ရချေ။

တောင်ကြားကို ဖြတ်ကျော်ပြီးသောအခါ ညသန်းခေါင်အချိန် ရောက်ရှိနေပြီ ဖြစ်လေသည်။

ရှေ့ဆက်လာခဲ့ကြယင်း တစ်နေရာသို့ အရောက်တွင် အရှေ့ဘက်၌ မီးရောင်များ ထိန်ထိန်လင်းနေသည့် ခြံဝင်းကြီးတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။ ကျင်းကျင်းက...

"ကျွန်မ ပြောတာ အဲသည် ခြံဝင်းပေါ့"

ရှောင်ကျူး မျက်မှောင်ကုပ်သွားလေသည်။

"တောထဲတောင်ထဲမှာ သည်လို ကြီးကျယ်တဲ့ ခြံဝင်းကြီးတစ်ခု ထူထောင်ထားတာ အံ့ဩစရာပဲ"



ကျင်းကျင်းက...

"သူတို့ဟာ တောထဲက မြင်းရိုင်းတွေကို ဖမ်းပြီး မြင်းယဉ်ဖြစ်လာအောင် လေ့ကျင့်ပေးပြီး နယ်ခြားမှာ ရောင်းချကြတာလေ"

"သည်လူတွေဟာ လူကောင်းတွေ မဖြစ်နိုင်ဘူး"

ရှောင်ကျူး မှတ်ချက်ချလိုက်သောကြောင့် ကျင်းကျင်းက ပြုံးလိုက်လေသည်။

"အနောက်ဘက်ဒေသမှာ ရှိတဲ့ သိုင်းသမား အများစုဟာ ကိုယ့်သဘောနဲ့ကိုယ် ထင်ရာစိုင်းနေကြတဲ့ လူတွေဆိုတာ ရှင် မသိသေးဘူးထင်တယ်"

ရှောင်ကျူး ညည်းတွားလိုက်လေသည်။

"စိတ်ပျက်စရာပဲ၊ ကျုပ်တို့ကသာ ပဋ္ဌမဓားဆိုတဲ့ ရတနာနဂါးဓားကို သယ်ဆောင်လာခဲ့ကြတယ်ဆိုတာကိုသာ သိသွားမယ်ဆိုယင် လုယူဖို့ ကြိုးစားကြမှာ သေချာတယ်"

"ဒါဆိုယင်လည်း ဆိုးမလိုက်ကြတာပေါ့ရှင်"

ရှောင်ကျူး ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်သေးဘူး၊ ကျုပ်က တိုက်ပွဲတွေနဲ့ ရင်မဆိုင်ချင်တော့ဘူး၊ ဒါကြောင့် တခြားတလမ်းက သွားကြတာ ကောင်းမယ်"

ကျင်းကျင်းက...

"အံ့ဩစရာပဲ၊ ရှင်က တိုက်ပွဲတွေနဲ့ ရင်မဆိုင်ချင်တော့ဘူးဟုတ်လား"

"တိုက်ပွဲတွေက ဘာများ အကျိုးပြုခဲ့လို့လဲ ပြောပါဦးဗျာ"

ရောင်ကျူး၏စကားကြောင့် ကျင်းကျင်း မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ထိုစဉ် စွန်ရဲက ဝင်ပြောလိုက်သည်။

"ကျုပ်တို့ ရှေ့ခရီးဆက်ဖို့ မြင်းတွေ လိုနေတယ် မဟုတ်လား၊ သူတို့နဲ့လဲ မပတ်သက်ချင်ဘူးဆိုယင် လွယ်ပါတယ်၊ ကျုပ်နဲ့ ခေါင်းကြီးက မြင်းတွေ သွားခိုးယူလိုက်မယ်လေ"

ရောင်ကျူးက…

"ဟာ သူများ ပစ္စည်း ခိုးယူတယ်ဆိုတာ ကောင်းတာ မဟုတ်ပါဘူး"

စွန်ရဲက…

"သူတို့က လူကောင်းတွေမှ မဟုတ်တာဘဲ"

ခေါင်းကြီးကလည်း ဝင်ပြောလေသည်။

"ငါလည်း လိုက်သွားမယ် ဘာမှ မပူနဲ့"

ရောင်ကျူး ဘာမှ မပြောသာတော့ပါ။ ဝမ်းစုက…

"အိမ်ထိန်းကြီးလည်း လိုက်သွားပါ"

ဟုပြောလိုက်သည်။

ထို့နောက် စွန်ရဲ၊ ခေါင်းကြီးနှင့် ယို့ကျားတို့သုံးယောက် မှောင်ရိပ်ခိုကာ တိတ်တဆိတ် ထွက်သွားကြလေသည်။

ရောင်ကျူး၊ ဝမ်းစု၊ သခင်မလေး စီးဝါးလျှံနှင့် ကျင်းကျင်းတို့သာ ကျန်ရစ်ခဲ့ကြလေသည်။ လေးယောက်သား မြင်းများ ယူဆောင်လာမည့် စွန်ရဲတို့ အား စောင့်ဆိုင်းနေလိုက်ကြလေသည်။



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

စွန်ရဲတို့ ပြန်ရောက်မလာကြပါချေ။

ရောင်ကျူး စိတ်ပူလာလေသည်။

"သူတို့ သွားတာကြာပြီ၊ ခုထိ ပြန်ရောက်မလာကြသေးဘူး၊ ကျုပ် အခြေအနေ သွားကြည့်လိုက်ဦးမယ်"

စွန်ရဲတို့ နောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

ကျင်းကျင်းက…

"ရှင်က သခင်မလေးကို စောင့်နေပါ၊ ကျွန်မတို့ လိုက်သွားပါ့မယ်"

သူမသည် ဝမ်းစုကို ခေါ်ကာ ပြေးလွှားသွားလေသည်။

ရောင်ကျူး သက်ပြင်းချလိုက်လေသည်။

စွန်ရဲတို့ ဘေးမသီ ရန်မခပါစေနှင့်ဟု ဆုတောင်းနေလိုက်ရလေသည်။ ရောင်ကျူးက ခြံဝင်းကြီးဘက်သို့ ငေးမောကြည့်နေစဉ် သခင်မလေး စီးဝါးလျှံ၏စကားသံ ထွက်ပေါ်လာလေသည်။

"ရှင်ဟာ အရှေ့တောင်တန်းက သိုင်းဆရာရဲ့တပည့် ဟုတ်လား"

ရောင်ကျူး လှည့်ကြည့်ပြီး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

စီးဝါးလျှံက…

"ရှင့်ရဲ့ဆရာက သစ္စာဖောက်ခဲ့တဲ့ သူ့ရဲ့တပည့် ကျင်းလုံကို အတော့်ကို စိတ်ဆိုးနေမှာပေါ့နော်"

ရှောင်ကျူး သက်ပြင်းချလိုက်သည်။

"ကျုပ်ရဲ့ဆရာလို ပြိုင်ဘက်ကင်းတဲ့ သိုင်းဆရာကြီးတစ်ယောက်ဟာ အသက်ထက် အရက်ကို ပိုပြီး တန်ဖိုးထားပါတယ်ဗျာ၊ သူ့တပည့် ကျင်းလုံရဲ့ လုပ်ရပ်ကြောင့် ခုထိ ဘယ်သူ့ကိုမှ မျက်နှာမပြဝံ့အောင် ဖြစ်နေဆဲပါပဲ"

စီးဝါးလျှံက...

"ရှင်က သိုင်းလောကထဲ ဆင်းလာတော့ ကျင်းလုံကို တွေ့ယင် ဆုံးမဖို့ ရှင့်ကို တာဝန်ပေးလိုက်မှာပေါ့နော်"

ရှောင်ကျူး ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

သူက အမှန်အတိုင်း ဝန်ခံလိုက်ခြင်း ဖြစ်လေသည်။

စီးဝါးလျှံ ငေးငိုင်သွားလေသည်။ ရှောင်ကျူးက...

"ဆရာက သူ့ကို ခွင့်လွှတ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် သူဟာ တကယ်ပဲ လူဝတ်ကြောင်ကို စွန့်ပြီး သာသနာ့ဘောင်ထဲ ဝင်သွားပြီဆိုယင်တော့ ကျုပ်ဆရာက ခွင့်လွှတ်မှာပါ၊ ပဌမဓားလို့ ခေါ်တဲ့ ရတနာနဂါးဓားဟာ ပိုင်ရှင် လက်ထဲ ပြန်ရောက်သွားခဲ့မယ်ဆိုယင်ပေါ့လေ"

စီးဝါးလျှံက...

"ရှင်ထင်သလို မဖြစ်ခဲ့ဘူးဆိုယင်ကော"

ရှောင်ကျူး ပြုံးလိုက်လေသည်။

"ဆရာ့ကို အရက်ရအောင် သစ္စာဖောက်ခဲ့တဲ့ အပြစ်ဒဏ်



ကို သူခံစားရမှာပေါ့လေ"

"ရှင့်ကို ကျုံးကျင်းက ကျွန်မတို့ အကြောင်းကို ရှင်းပြခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ရှင် ဘယ်လိုသဘောရသလဲ"

"ပဌမဓားဆိုတဲ့ ရတနာနဂါးဓားရဲ့ ပိုင်ရှင်ဟာ သခင်မလေးတို့ ဖြစ်နေတယ်ဆိုယင် ကျုပ်အီနေနဲ့ ဘာမှ ပြောစရာ မလိုပါဘူး"

"ရှင်ပြောတာ မှန်ပါတယ်၊ ဓားပိုင်ရှင်ဟာ ကျွန်မရဲ့အစ်မပါပဲ၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

"ကျွန်မက.."

စီးဝါးလျှံ စကားဆုံးအောင် မပြောနိုင်ဘဲ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူမ၏နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာလေသည်။

"ဟင်"

ရှောင်ကျူး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။သခင်မလေး စီးလျှံဝါးမှာ အဆိပ်မိထားကြောင်း ထင်ရှား နေပါတော့သည်။ စီးဝါးလျှံက...

"ဟုတ်ပါတယ်ရှင်၊ ကျွန်မ အဆိပ်မိထားပါတယ်"

"သခင်မလေး ဘယ်လိုဖြစ်ပြီး အဆိပ်မိခဲ့တာလဲ ပြောပါဦးဗျာ"

"ကျင်းကျင်းရဲ့ လက်ချက်ပါရှင်"

"ကျင်းကျင်း"

"ဟုတ်တယ်"

"သူက သခင်မလေးကို ဘာကြောင့် အကောက်ကြံရတာလဲ ပြောပါဦးဗျာ"

ရောင်ကျူးက အံ့သြစွာ မေးလိုက်လေသည်။ စီးဝါးလျှံက...

"သူဟာ ကျင်းလုံရဲ့သမီး ဖြစ်နေလို့ပါရှင်"

"ဟာ"

ရောင်ကျူး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

♣ ♣ ♣

စီးဝါးလျှံသည် ပဋ္ဌမစား(ဝါ)ရတနာနဂါးစားပိုင်ရှင်၏သမီး ဖြစ်လေသည်။ ကျင်းကျင်းကား သစ္စာဖောက်ကျင်းလုံ၏သမီး ဖြစ်နေသည်။

ကျင်းကျင်းနှင့် စီးဝါးလျှံတို့ မည်သို့ ပတ်သက်ခဲ့ကြပါသနည်း။ ရောင်ကျူးက...

"မင်းတို့နှစ်ယောက် ဘယ်လိုပတ်သက်ခဲ့ကြတယ်ဆိုတာ ကျုပ်ကို ရှင်းပြနိုင်မလား"

ဟုမေးလိုက်လေသည်။



စီးဝါးလျှံက...

"ကျွန်မ ရှင်းပြပါ့မယ်၊ လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်မဆီကို စာတစ်စောင် ရောက်လာပါတယ်၊ ကျင်းလုံက သူဟာ လူဝတ်ကြောင်ကို မုန်းပြီး သိုင်းလောကကို ကျောခိုင်းလိုက်ပြီမို့ ဆရာ့အပေါ် သစ္စာဖောက်ပြီးရယူခဲ့မိတဲ့ ပဋ္ဌမစားကို ပိုင်ရှင်လက်ထဲ ပြန်အပ်ချင်တာမို့ သူ့ဆီကို လာယူဖို့ အကြောင်းကြားတာပါ၊ ကျွန်မအဖေရဲ့ပစ္စည်း ဖြစ်နေတာကြောင့် သူ့ဆီက ပြန်ယူဖို့ ကျွန်မသွားခဲ့ပါတယ်"

ရောင်ကျူးက စိတ်ဝင်စားစွာ နားထောင်နေ၏။

စီးဝါးလျှံက...

"ကျွန်မရောက်သွားတဲ့အခါ ကျင်းလုံက ရောဂါဝေဒနာတစ်ခုကြောင့် သေဆုံးသွားတယ်လို့ သိခဲ့ရပါတယ်၊ သူ့ရဲ့သမီး ကျင်းကျင်းနဲ့ပဲ တွေ့ခဲ့ရပြီး ပဋ္ဌမစားကို ပြန်ရခဲ့ပါတယ်"

"ကျင်းလုံ သေဆုံးသွားပြီ ဟုတ်လား"

"ကျင်းကျင်းက သည်အတိုင်း ပြောပါတယ်ရှင်"

"သူပေးအပ်တဲ့ ပဋ္ဌမစားကကော အစစ်အမှန် ဟုတ်ရဲ့လား၊ သခင်မလေး စစ်ဆေးကြည့်ခဲ့သေးသလား"

စီးဝါးလျှံ ခေါင်းညိတ်လိုက်သည်။

"ကျွန်မစစ်ဆေးကြည့်ခဲ့ပါတယ်၊ ဓားက အစစ်အမှန် ကျွန်မဖေဖေရဲ့ ဓားပါပဲ၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

"ဓားမှာ အဆိပ်သုတ်လိမ်းထားတာကြောင့် ကျွန်မ အဆိပ်မိခဲ့ရတာပါပဲ"

"လက်စသပ်တော့ သည်လိုကိုး"

ရှောင်ကျူး ဦးခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချလိုက်၏။ တဖန်...

"သူက ဘာကြောင့် အဆိပ်ခတ်ချင်ရတယ်ဆိုတာ သခင်မလေး သိသလား"

ဟုမေးလိုက်သည်။ စီးဝါးလျှံက...

"ကျင်းလုံဟာ ပဌမဓားကို ရပြီးတဲ့နောက် ဓားပေါ်က သိုင်းကွက်တွေကို လေ့လာခဲ့ပါတယ်၊ ဒါပေမယ့် ခက်ခဲနက်နဲပြီး ရှုပ်ထွေးတဲ့ အပိုင်းတွေ ပါဝင်နေတာကြောင့် ဆုံးခန်းတိုင်အောင် လေ့ကျင့်လို့ မရနိုင်ခဲ့ပါဘူး၊ သူကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်း သမီးဖြစ်သူ ကျင်းကျင်းကို ဆက်ပြီး လေ့လာဖို့ မှာကြားခဲ့ပါတယ်၊ ကျင်းကျင်းက လေ့လာပေမယ့် သူ့အဖေလိုပဲ ခက်ခဲနက်နဲတဲ့ အပိုင်းတွေကိုတော့ မတတ်နိုင်ခဲ့ပါဘူး၊ ဒါကြောင့် ပိုင်ရှင်လက်ထဲ ပြန်ပေးမယ်ဆိုပြီး အကွက်ဆင်ခဲ့တာပါရှင်"

ရှောင်ကျူး ပြုံးလိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ ဓားပိုင်ရှင်နဲ့ သူ့ရဲ့မျိုးဆက်ကသာ ဓားသိုင်းကွက်တွေရဲ့ လျှို့ဝှက်ချက်တွေကို သိထားလိမ့်မယ်လို့ ယူဆတဲ့သဘောပေါ့"

"ဟုတ်ပါတယ်ရှင်၊ ဓားသိုင်းကွက်တွေရဲ့ လျှို့ဝှက်ချက်ကို



ကျွန်မသိရမယ်ဆိုပြီး လှည့်စားခဲ့တာပါ၊ ကျွန်မကို အဆိပ်ခတ်ပြီး အကောက်ကြံခဲ့ပါတယ်၊ အမှန်ကို ဝန်ခံရယင် ဓားသိုင်းကွက်တွေအကြောင်း ကျွန်မလည်း မသိပါဘူး၊ ဒါပေမယ့် ကျွန်မရဲ့အိမ်မှာ လျှို့ဝှက်ချက် ဖော်ထုတ်နိုင်တဲ့ အဖြေကျမ်းစာအုပ် ရှိတယ်၊ ကျွန်မကို အိမ်ပြန်ပို့ပေးအောင် ပြန်ပြီး လှည့်စားခဲ့တာပါ"

ရှောင်ကျူးက...

"ဒါနဲ့ပဲ အနောက်ပိုင်း ကြာဖြူကန်ကို သွားမယ့် ခရီး ဖြစ်ပေါ်လာရတာပေါ့နော်"

"ဟုတ်ပါတယ်ရှင်၊ ကျင်းကျင်းက ကျွန်မအိမ်ကို လိုက်ခဲ့ဖို့ သဘောတူခဲ့ပါတယ်၊ သူဟာ အနောက်ဒေသက ကျွန်မအိမ်မှာပဲ နေထိုင်ပြီး ဓားသိုင်းကို လေ့ကျင့်သွားမယ်လို့ စိတ်ကူးထားပုံရပါတယ်"

"ဒါပေါ့ အနောက်ဒေသမှာ သူက လျှို့ဝှက်ပုန်းခိုနေလို့ ရနိုင်တာပေါ့လေ၊ သခင်မလေးကို အဆိပ်နဲ့ ချုပ်ကိုင်ထားတယ်ဆိုတော့ ဘယ်သူက သူ့ကို ဒုက္ခပေးရဲမှာလဲ"

ရှောင်ကျူးက မရှင်းလင်းသည့် အချက်တစ်ချက်ကို မေးလိုက်သည်။

"ဒါထက် သခင်မလေးတို့ ပဌမဓားကို သယ်ယူပြီး အနောက်ဒေသကို ခရီးထွက်မယ်ဆိုတဲ့အကြောင်း သတင်းပေါက်ကြားသွားတာ၊ ဘယ်သူရဲ့ လက်ချက်လဲ"

စီးဝါးလျှံက ဝန်ခံလိုက်သည်။

"ကျွန်မလက်ချက်ပါ၊ အာမခံဌာနပိုင်ရှင် ဝမ်းစုဟာ ကျွန်မအဖေရဲ့ကျေးဇူး မကင်းတဲ့လူတစ်ယောက်ပါ၊ ကျွန်မက အနောက်ဒေသကို သွားတဲ့ လမ်းခရီးမှာ ကျွန်မအဖေနဲ့ ရန်ငြိုးရန်စ ရှိခဲ့တဲ့လူတွေက နှောင့်ယှက်နိုင်တဲ့အကြောင်း၊ စားသယ်ယူလာတဲ့သတင်းပေါက်ကြားနေပြီ ဖြစ်လို့ လုယက်မယ့် လူတွေ ရှိလိမ့်ဦးမယ်ဆိုတာ ပြောပြပြီး ဝမ်းစုရဲ့ အကူအညီ ရယူချင်တယ်လို့ ပြောတော့ ကျင်းကျင်းက သဘောတူခဲ့ပါတယ်"

သခင်မလေးစီးဝါးလျှံသည်လည်း ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်ကြောင်း ရှောင်ကျူး သိလိုက်ရလေသည်။

စီးဝါးလျှံက ဆက်ပြောသည်။

"ကျွန်မက ဝမ်းစုနဲ့ ဆက်သွယ်ခဲ့တယ်၊ ဝမ်းစုကို အကျိုးအကြောင်း ပြောပြီး သိုင်းဆရာကို့မင်းနဲ့ ဆက်သွယ်ခိုင်းခဲ့တယ်၊ ဒါမှ သိုင်းဆရာကို့မင်းနဲ့ ပတ်သက်နေတဲ့ အရှေ့တောင်တန်း သိုင်းဆရာကြီးဟာ ကျွန်မတို့ ကိစ္စထဲမှာ ပါဝင်ပတ်သက်လာမှာ မဟုတ်လားရှင်"

ရှောင်ကျူးက...

"သခင်မလေးကို ချီးကျူးပါတယ်ဗျာ၊ ကျုပ်က ကျင်းကျင်းကို ဆုံးမပြီး အဆိပ်ဖြေဆေး ယူပေးပါ့မယ်၊ ပဌစားကိစ္စကိုလည်း ဖြေရှင်းပေးပါ့မယ်"

ဟုကတိပေးလိုက်လေသည်။

စီးဝါးလျှံလည်း ကျေးဇူးတင်သွားလေတော့သည်။



ထိုအချိန်မှာပင် လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရ၏။ ဝမ်းစု ဖြစ်လေသည်။

ဝမ်းစုက ခရီးရောက်မဆိုက် ပြောလိုက်သည်။

"စွန်ရဲနဲ့ ခေါင်းကြီးကို မြင်းပိုင်ရှင်တွေက ဖမ်းမိသွားပြီလို့ ကျင်းကျင်းက ပြောပြီး မင်းကို အမြန်ဆုံး လိုက်ခဲ့ပါလို့ မှာလိုက်တယ်"

ထိုစကားကြားလျှင် ရှောင်ကျူး ထိတ်လန့်သွားလေသည်။

"ကောင်းပြီ၊ ကျုပ်လိုက်ခဲ့မယ်"

စီးဝါးလျှံအား စောင့်နေရန် မှာကြားပြီး ဝမ်းစုနှင့်အတူ လိုက်သွားလေတော့သည်။

♣ ♣ ♣

မီးရောင်များ ထွက်ပေါ်နေခဲ့သော ခြံဝင်းကြီးမှာ ယခုတော့ မီးရောင်ကင်းမဲ့ကာ မှောင်မည်းတိတ်ဆိတ်နေပြီ ဖြစ်သည်။

ရှောင်ကျူးနှင့် ဝမ်းစုတို့သည် ခြံဝင်းကြီးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားလေသည်။ ဝမ်းစုက...

"သူတို့က ခြံဝင်းထဲကို ဝင်လိုက်တာနဲ့ အစောင့်တွေ လေးဘက်လေးတန်က ထွက်ပေါ်လာပြီး ဖမ်းဆီးလိုက်ကြတာပဲ"

စွန်ရဲ၊ ခေါင်းကြီးနှင့် ယို့ကျားတို့ကား ရန်သူ လက်ထဲ ရောက်ရှိသွားကြပြီ ဖြစ်လေသည်။

"ကျင်းကျင်းကော.."

ဝမ်းစုက ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်သော်လည်း ကျင်းကျင်းကို မတွေ့ရချေ။

"သူလည်း ခြံဝင်းထဲ ဝင်သွားပြီ ထင်တယ်"

ရှောင်ကျူး ခံပြင်းသွားသည်။

"ကောင်းပြီလေ၊ သည်ခြံဝင်းပိုင်ရှင်က ဘယ်လောက် သတ္တိကောင်းသလဲ သိရအောင် စမ်းကြည့်သေးတာပေါ့"

စကားဆုံးလျှင် ခြံဝင်းထဲသို့ လှမ်းဝင်လိုက်တော့သည်။

ခြံဝင်းထဲ၌ လူသူတစ်စုံတစ်ယောက် မတွေ့ရပါချေ။

ရှောင်ကျူးမှာ တခဏအတွင်းပင် အဆောက်အဦးရှေ့သို့ ရောက်ရှိသွားလေသည်။

အဆောက်အဦးတံခါး ဟာလာဟင်းလင်း ပွင့်ထား၏။

အတွင်းဘက်၌ အလင်းရောင် မရှိဘဲ မှောင်မည်းနေသည်။

ရှောင်ကျူး မဲ့ပြုံးပြုံးလိုက်သည်။

"တံခါးဖွင့်ထားမှတော့ အထဲဝင်သွားရတော့မှာပေါ့လေ"

ဘာကိုမှ အမှုမထားဘဲ အိမ်ထဲ လှမ်းဝင်လိုက်လေသည်။

အဆောက်အဦးအတွင်းသို့ ရောက်ရှိသွားသည်နှင့် မီးရောင်များ ထွက်ပေါ်လာကာ လင်းလင်းချင်းချင်း ဖြစ်သွားလေတော့သည်။

ဤတွင် ကျယ်ဝန်းသော ဧည့်ခန်းမဆောင်ကြီးအတွင်း၌ ရောက်ရှိနေပြီး လူတစ်စုက စောင့်ကြိုနေကြသည်ကို ရှောင်ကျူး



တွေ့လိုက်ရလေတော့သည်။

စွန်ရဲ၊ ခေါင်းကြီးနှင့် ယို့ကျားတို့က မလှုပ်မယှက် ရပ်နေကြ၏။

သူတို့၏အသွင်ကို ကြည့်လိုက်ရုံဖြင့် သွေးကြောပိတ်ခံနေရကြောင်း ရှောင်ကျူး နားလည်လိုက်သည်။

စွန်ရဲတို့နှင့် မလှမ်းမကမ်း၌ ထိုင်ခုံတစ်လုံး ရှိနေပြီး အသက်ငါးဆယ်ကျော်ခန့် ရှိသူတစ်ယောက် ထိုင်နေ၏။

ထိုလူ၏နံဘေး၌ မိန်းမချောလေးတစ်ယောက် ရပ်နေသည်။ ထိုမိန်းကလေးမှာ ကျင်းကျင်းပင် ဖြစ်လေသည်။

ကျင်းကျင်းက ရှောင်ကျူးအား ပြုံးပြလိုက်သည်။

"ပဋ္ဌမဓားလို့ ခေါ်တဲ့ ရတနာနဂါးဓားရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့ အနောက်ဒေသကို သွားတဲ့ခရီးမှာ ဓားပိုင်ရှင်ကို အနိုင်ယူခဲ့တဲ့ အရှေ့တောင်တန်း သိုင်းဆရာရဲ့ ပဋ္ဌမမြောက်တပည့် ပါလာတော့ ကျွန်မအခက်ကြုံခဲ့ရတာပေါ့ရှင်၊ ဒါကြောင့် အနောက်ဒေသမှာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ သိုင်းသမားဆိုးတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တိုးမိအောင် ဖန်တီးပြီး ဒုက္ခပေးဖို့ ကြိုးစားခဲ့ပေမယ့် ကျွန်မအကြံမအောင်မြင်ဘဲ ရှင်ကသာ သူရဲကောင်း ဖြစ်နေခဲ့တယ်၊ ခုတော့ သည်ကိစ္စတွေ အားလုံး အဆုံးသတ်သွားအောင် ကျွန်မစီစဉ်ထားပြီးပါပြီ"

ရှောင်ကျူးက...

"ကျင်းကျင်း၊ ခင်ဗျားက သခင်မလေးကို အထင်သေးခဲ့တာ

ကိုး၊ သူဟာ ဆရာဝမ်းစု၊ ဆရာကိုမင်းတို့ကတဆင့် ပဋ္ဌမဓားကိစ္စ ကျုပ်ဆရာ သိသွားအောင် ဆောင်ရွက်နိုင်ခဲ့တယ်၊ ကျုပ်ဆရာ သိသွားမှတော့ ခင်ဗျားတို့ရဲ့ အကြံအစည် မအောင်မြင်နိုင်တော့ပါဘူးလေ"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ရှင် သည်လိုပဲ ထင်နေမယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မမှာ ဗုက်ဖဲတစ်ချပ် ရှိနေဦးမယ်ဆိုတာကို ရှင်ထည့်မတွက်ခဲ့တာ မှားသွားပြီ"

ရောင်ကျူး ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မှားစရာအကြောင်း မရှိပါဘူးဗျာ၊ ဘာကြောင့်လည်းဆိုယင် သစ္စာဖောက်ဖြစ်တဲ့ ခင်ဗျားရဲ့အဖေ ကျင်းလုံဟာ တကယ် သေဆုံးသွားတာ မဟုတ်ဘဲ အသက်ရှင်နေသေးတယ်ဆိုတာကို ကျုပ်နားလည်ထားလို့ပါပဲ"

"ဘာရှင့်"

ကျင်းကျင်း အံ့သြသွားလေသည်။

ရောင်ကျူး ပြုံးလိုက်သည်။

ထိုင်ခုံပေါ်၌ ထိုင်နေသူအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"စတုတ္ထမြောက် ပညာသင်ဘက် အစ်ကိုကျင်းလုံကို ကျွန်တော် ပဋ္ဌမမြောက် ညီငယ်ရောင်ကျူး ဂါရဝပြုပါတယ်ဗျာ"

ရောင်ကျူး၏စကားအဆုံးတွင် ထိုင်နေသူက တဟားဟား



ရယ်မောလိုက်လေတော့သည်။

ထိုင်နေသူကား အရှေ့တောင်တန်း သိုင်းဆရာကြီးအား သစ္စာဖောက်ခဲ့သည့် စတုတ္ထတပည့် ကျင်းလုံ ဖြစ်လေသည်။

"ဟား...ဟား...ဟား"

ကျင်းလုံ၏ရယ်မောသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကျင်းလုံက ရယ်မောယင်း ထိုင်ရာမှ ထလိုက်သည်။

ရောင်ကျူးအား ခြေဆုံးခေါင်းဆုံး ကြည့်ကာ သဘောကျသွားသည့်အလား ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဆရာကြီးက ပဋ္ဌမမြောက်တပည့်တစ်ယောက် လက်ခံလိုက်တယ်ဆိုတာ ငါမယုံနိုင်ခဲ့ဘူး၊ ခုတော့ ဆရာက ဘာကြောင့်မင်းကို တပည့်အဖြစ် လက်ခံလိုက်သလဲဆိုတာ ငါနားလည်သဘောပေါက်သွားပါပြီ"

ရောင်ကျူးက...

"ဆရာက ဦးကို ဆုံးမဖို့ ကျွန်တော့်ကို တပည့်အဖြစ် လက်ခံခဲ့တာပါပဲ"

ကျင်းလုံး ရယ်မောခြင်း မပြုတော့ပါ။

သူ၏မျက်နှာ ခက်ထန်သွားလေသည်။

"ငါဟာ ဆရာ့ဆီက ထွက်လာခဲ့ပြီးတဲ့ နောက်ပိုင်း တခြားသိုင်းပညာရပ်တွေကို တီထွင်လေ့ကျင့်ခဲ့တယ်၊ ပဋ္ဌမဓားရဲ့ သိုင်းကွက်တစ်ချို့ကို လေ့ကျင့်နိုင်ခဲ့တယ်၊ ဒါတွေကို ဆရာကြီး သတိပြုမိမယ်

မထင်ဘူး၊ သူသင်ပေးထားတဲ့ ပညာအပြင် တခြားပညာတွေလည်း ရှိနေတယ်ဆိုတာ ထည့်မတွက်ဘဲ ငါ့ကို ဆုံးမနိုင်တဲ့ပညာ မင်းကို သင်ပေးနိုင်ပါ့မလား"

ရှောင်ကျူးက...

"ဆရာဟာ သူ့ရဲ့တပည့်တွေထဲမှာ ဦးက ဉာဏ်အများဆုံးနဲ့ ဘာမဆို လုပ်ရဲတဲ့ လူတစ်ယောက်ဆိုတာကို သိရှိနားလည်ထားပါတယ်၊ ဒါကြောင့် ဦးကို ရင်ဆိုင်ဆုံးမနိုင်အောင် သေသေချာချာ စီစဉ်ထားခဲ့ပါတယ်ဗျာ"

ကျင်းလုံ ပိုပြီး မကျေမနပ် ဖြစ်သွားလေသည်။

"အေး သူကသည်လို သိရှိထားတယ်ဆိုယင်တောင် တခြားတပည့်တွေကို မလွှတ်ဘဲ မင်းကို လွှတ်လိုက်တာ မှားတာပဲကွ"

ရှောင်ကျူး ခေါင်းခါယမ်းလိုက်သည်။

"ဒါလည်း မမှားပါဘူးဗျာ၊ တခြားတပည့်တွေကို လွှတ်လိုက်ယင် တစ်ချိန်က နှစ်ပေါင်းများစွာ အတူနေ အတူအိပ် အတူစားပြီး ပညာသင်ကြားခဲ့ရသူတွေ ဖြစ်တော့ ဦးအပေါ်မှာ သံယောဇဉ်စိတ် ရှိကြမှာပါ၊ ဒါကို ဦးက အခွင့်ကောင်းယူနိုင်တာမို့ ဆရာက တပည့်ကြီးသုံးယောက်ကို မလွှတ်ဘဲ ကျွန်တော့်ကို တာဝန်ပေးဖို့ ဆုံးဖြတ်လိုက်တာပါ"

ကျင်းလုံ မျက်နှာပျက်သွားလေသည်။

အရှေ့တောင်တန်း သိုင်းဆရာ အကြောင်း သူကောင်းစွာ သိရှိထားပြီး ဖြစ်သည်။



အရာရာကို တွေးတောဆင်ခြင်ပြီးမှ သေချာအောင် ဆောင်ရွက်တတ်သူ မဟုတ်ပါလား။ သို့တိုင်...

"ငါ့လက်ထဲမှာ ပဥ္စမဓားလို့ခေါ်တဲ့ ရတနာနဂါးဓား ရှိနေတယ်ဆိုတာတော့ ဆရာကြီး မေ့နေပြီ ထင်တယ်"

ဟုပြောလိုက်သေး၏။

ရှောင်ကျူး ဘာမှ မပြောဘဲ နေလိုက်လေသည်။

ကျင်းလုံက ကျင်းကျင်းဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်လေသည်။ ကျင်းကျင်းက အထဲဝင်သွား၏။

သူမ ပြန်ထွက်လာသောအခါ လူနှစ်ယောက် ပါလာကြလေသည်။ ဝမ်းစုနှင့် သခင်မလေး စီးဝါးလျှံတို့ ဖြစ်ပါသည်။

ကျင်းလုံက...

"ကဲ သူတို့အားလုံး ငါ့လက်ထဲ ရောက်နေပြီဆိုတာ မင်းမြင်တယ် မဟုတ်လား၊ ငါ့သမီးက အခြေအနေ မဟန်လို့ အကြောင်းကြားလိုက်တာနဲ့ ငါလိုက်လာပြီး သည်ခြံဝင်းထဲက လူတွေကို မောင်းထုတ်လိုက်တယ်၊ ပြီးတော့ မင်းတို့ ရောက်လာမယ့် အချိန်ကို စောင့်နေခဲ့တာပဲ"

ရှောင်ကျူးသည် ကျင်းလုံနှင့် ရင်ဆိုင်ရမည်ကို ဝန်မလေးသော်လည်း စီးဝါးလျှံ၊ စွန်ရဲတို့လူစု ဖမ်းဆီးခံနေရသဖြင့် ရုတ်တရက် မလှုပ်ရှားဝံ့ချေ။ ကျင်းလုံက...

"ကဲ မင်းက ငါ့ကိုမနှောင့်ယှက်ဘဲ ဆရာကြီးဆီကို ပြန်သွားပါ၊ ငါဖမ်းဆီးထားတဲ့ လူတွေကို လွှတ်ပေးလိုက်မယ်၊ ဒါမှ

မဟုတ်ယင်တော့.."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ အဓိပ္ပါယ်ပါပါ ရယ်မောလိုက်လေသည်။ ရောင်ကျူး သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ သူတို့ကို လွှတ်ပေးလိုက်ပါ၊ ကျုပ်ပြန်သွားပါ့မယ်"

ကျင်းလုံ သဘောကျသွားသည်။

"မင်းဟာ မိတ်ဆွေတွေအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ ကျင်းကျင်း ပြောပြလို့ ငါသိထားပြီးပါပြီ၊ စိတ်ချ၊ သူတို့အားလုံးကို လွှတ်ပေးလိုက်မယ်၊ မင်းသာ ကတိတည်ပါစေ"

ထို့နောက် စွန်ရဲ၊ ခေါင်းကြီး၊ ဝမ်းစု၊ ယို့ကျားနှင့် သခင်မလေးစီးဝါးလျှံတို့အား လွှတ်ပေးရန် ကျင်းကျင်းအား အမိန့်ပေးလိုက်၏။

သခင်မလေးစီးဝါးလျှံအတွက် အဆိပ်ဖြေဆေးပင် ပေးလိုက်သေး၏။ ထိုသို့ လွှတ်ပေးလိုက်ရသည်ကို ကျင်းလုံ မည်သို့မျှ သဘောမထားချေ။

ရောင်ကျူး ပြန်သွားပြီဆိုသည်နှင့် စီးဝါးလျှံတို့အား ကြက်ကလေး၊ ငှက်ကလေး ဖမ်းဆီးသကဲ့သို့ လွယ်လင့်တကူ ပြန်လည်ဖမ်းဆီးနိုင်ခြင်းကြောင့် ဖြစ်ပေသည်။

ကျင်းလုံက...

"ကဲ ကျုပ်လွှတ်ပေးလိုက်ပြီ၊ မင်းကော"

ရောင်ကျူးက...



"ကျုပ်သွားတော့မယ်"

သူက အဆောက်အဦး အပြင်ဘက်သို့ ထွက်မသွားဘဲ ရုတ်တရက် ကြမ်းပြင်ပေါ် ခြေဆောင့်၍ အပေါ်ခုန်တက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ် လေထဲ ရောက်သွားပြီး ကျွမ်းတစ်ပတ်ပစ်လိုက်လျှင် ကျင်းကျင်း အနီးသို့ ရောက်ရှိသွား၏။

"ဟင်"

ကျင်းကျင်း ထိတ်လန့်ကာ ရောင်တိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်ပါသည်။

ရောင်ကျူးက သူမအား သွေးကြောပိတ်ကာ ဖမ်းဆီးထားလိုက်လေတော့သည်။

♣ ♣ ♣

"မင်း.."

ကျင်းလုံသည် ကျင်းကျင်း အဖမ်းခံလိုက်ရသည်ကို မြင်လျှင် ဒေါသထွက်သွားလေသည်။

"မင်း ဘယ်လို လုပ်လိုက်တာလဲ၊ မင်းထွက်သွားမယ်လို့ ကတိပေးထားတယ် မဟုတ်လား"

ရောင်ကျူးက...

"ကျုပ်ထွက်သွားမှာပါ၊ ဒါပေမယ့် ကျင်းကျင်းကို ဖမ်းခေါ်

မသွားဘူးလို့ မပြောခဲ့ပါဘူး"

"တောက် မင်းသက်သက်ယုတ်မာတာပဲ"

ကျင်းလုံ ဒေါသချောင်းချောင်း ထွက်နေပါတော့သည်။

ရှောင်ကျူးက...

"ခင်ဗျားရဲ့သမီးကို လွှတ်ပေးလိုက်စေချင်ယင် လွယ်ပါတယ်ဗျာ၊ ဆရာ့ဆီကို လိုက်ခဲ့ပြီး ခင်ဗျားရဲ့ အပြစ်တွေကို ဝန်ခံလိုက်ဖို့ပါပဲ"

"ဘာကွ"

"ဒါမှမဟုတ်ယင်လည်း နောက်ထပ် နည်းလမ်းတစ်ခု ရှိပါတယ်၊ ကျုပ်တို့ဟာ သိုင်းလောကသားတွေဆိုတော့ ပြဿနာကို သိုင်းပညာ ယှဉ်ပြိုင်တဲ့နည်းနဲ့ ဖြေရှင်းကြတာ မကောင်းဘူးလားဗျာ"

ကျင်းလုံ အံကြိတ်လိုက်လေသည်။

"ငါက မင်းကို ကြောက်နေမယ်များ ထင်နေသလား"

ရှောင်ကျူး ပြုံးလိုက်သည်။

"ဒါဖြင့် ခင်ဗျားက သိုင်းပညာ ယှဉ်ပြိုင်ဖို့ သဘောတူ တယ်ဟုတ်လား"

"ငါ့သမီးကို အယင်လွှတ်လိုက်စမ်းပါ"

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ"

ရှောင်ကျူးက ကျင်းကျင်းကို လွှတ်ပေးပြီး ကျင်းလုံနှင့် ရင်ဆိုင်လိုက်လေသည်။



"ခွမ်း"

ကျင်းလုံက ပဉ္စမတွဲ(ဝါ)ရတနာနဂါးဓားကို ထုတ်ယူလိုက်လေသည်။

သူ၏လက်ထဲ၌ သိုင်းလောက ရတနာဓား ရှိနေသဖြင့် ရှောင်ကျူးအား အနိုင်ယူနိုင်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

"ချပ်"

ရှောင်ကျူးက သံမဏိတုတ်ကို ထုတ်ယူလိုက်သောအခါ...

♣ ♣ ♣

ကျင်းကျင်းက တရှုံ့ရှုံ့ ငိုကြွေးနေ၏။

ပြင်းထန်သော တိုက်ပွဲကြီး ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ရှောင်ကျူးနှင့် ကျင်းလုံတို့ အပြင်းအထန် တိုက်ခိုက်ခဲ့ကြလေသည်။

ကျင်းလုံသည် သိုင်းပညာ ထက်မြက်သည့်အပြင် သိုင်းလောက ရတနာဓားကို ရရှိထားခြင်းကြောင့် ရှောင်ကျူးအား အနိုင်ရရှိမည်ဟု ယုံကြည်ခဲ့လေသည်။

သို့သော် ရှောင်ကျူးက သံမဏိတုတ်ကို အသုံးပြုနိုင်ခဲ့သောအခါ ကျင်းလုံ အရေးနိမ့်သွားတော့သည်။

ကျင်းလုံ၏ရတနာဓားသည် ရှောင်ကျူး၏သံမဏိတုတ်ကို

ဖျက်ဆီးပစ်ဖို့ မတတ်နိုင်ခဲ့ပါ။

ရောင်ကျူး၏သံမဏိတုတ်က ကျင်းလုံ၏ရတနာစားကို ထက်ပိုင်းကျိုးသွားစေသောအခါ...

အရှေ့ဘက်တွင် အာရုံဦး၏ ရောင်နီများ ပျို့အန်လာပြီ ဖြစ်သည်။

မကြာမီ နေ့သစ်တစ်နေ့ ပေါ်ထွန်းလာတော့မည် ဖြစ်လေသည်။

ရောင်ကျူး၊ စွန်ရဲနှင့် ခေါင်းကြီးတို့သည် မြင်းကိုယ်စီဖြင့် ခရီးနှင်နေကြ၏။

စီးဝါးလျှံကား ကြာပန်းအိုင်သို့ ပြန်သွားပြီ ဖြစ်သည်။

ကျင်းကျင်းမှာမူ...

မကြာမီ သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားတော့မည် ဖြစ်လေသည်။

ပြီးပါပြီ။